# မည်သူဖြစ်သည်ဟု သင်ပြောမည်နည်း?

ဖုန်းနက်စ်၊ အရီဇိုးနား၊ အမေရိကန်

၆၄ - ၁၂၂၇

1 ၁။ မင်္ဂလာနံနက်ခင်းပါ မိတ်ဆွေများ၊ ကျွန်တော် ဒီအသင်းတော်မှာလာပြီးတော့ ဟောပြောခွင့်ရတဲ့အတွက် တစ်ကယ် ဘဲ ဝမ်းမြောက်မိပါတယ်။ ဘယ်လိုနံမည်တပ်ပြီး ပြောရမယ်ဆိုတာတောင် မပြောတတ်တော့ပါဘူး။ သခင်ယေရှုရဲ့ နံမည် လို့ဘဲ ခေါ်ဆိုရပါတော့မယ်။ ကျွန်တော် အဲဒါကို နှစ်သက်ပါတယ်။ ကျွန်တော် ကယ်တင်ခြင်းရတဲ့ နံမည်ဖြစ်ပါတယ်။ သခင်ယေရှုရဲ့ ချစ်ဖွယ်ကောင်းသော အမည်လည်း ဖြစ်ပါတယ်။ ကျွန်တော်ရဲ့ မိတ်ဆွေကောင်းတွေနဲ့ ဒီမှာလာပြီး စုရုံးခွင့်ရတာ ဒီချစ်စရာကောင်းတဲ့ တနင်္ဂနွေ မနက်ခင်း Phoenix ဆိုတဲ့ မြို့ကလေးမှာ စုဝေးခွင့်ရတာကို ကျွန်တော် အရမ်းဘဲ ဝမ်းသာပါတယ်။ တစ်ခြားနေရာတွေထက် နှိုင်းယှဉ်ရင် ဒီနေရာလေးဟာ ကျွန်တော် ဖေါ်မပြနိုင်အောင် ကောင်းမွန်တဲ့ နေရာလေးဘဲ ဖြစ်ပါတယ်။ ခင်ဗျားတို့ အားလုံးအတွက်လည်း ကျေးဇူးတော် ဂုဏ်တော်ချီးမွမ်းဘို့ရန် ဖြစ်ပါတယ်။

တစ်နေ့ သောအခါမှာလည်း ကျွန်တော်တို့ ကြီးမြတ်သောအရာနဲ့ တစ်ကယ်ဆုံတွေ့နိုင်ဘို့ရန် အတွက် မြှော်လင့်ပါတယ်။

ဒီနေ့ ဒီကိုလာဘို့အတွက် ကျွန်တော့်ကို ဖိတ်ခေါ်ခြင်း ခံရပါတယ်။ ကျွန်တော်ဟာ ဘရာသာ အောက် လောနဲ့ ပြောနေပါတယ်။ သူကတော့ ကျွန်တော့်ရဲ့ မိတ်ဆွေ ကောင်းတစ်ယောက်ဘဲ ဖြစ်ပါတယ်။ ကျွန်တော့်ကို ဒီကိုတက် လာဘို့အတွက် ဖိတ်ခေါ်ပါတယ်။ ဒီ Phoenix မြို့မှာရှိတဲ့ အမှုတော်ဆောင်တွေအားလုံးဟာလည်း ကျွန်တော့်အ ပေါ်မှာ ကောင်းမွန်ကြပါတယ်။

2 ၂။ တစ်ခါ တစ်ခါကျွန်တော်ဟာ Tucson မြို့လေးကို ပြန်ဆင်းသွားတာ ဘာကြောင့်လဲလို့ ကျွန်တော် စဉ်းစားမိ ပါတယ်။ Tucson မြို့မှာ ကျွန်တော် (၃)နှစ်လောက် ရှိနေပါပြီ။ အဲဒီမှာနေတဲ့အခါမှာ ဘယ်သူကမှ ကျွန်တော့်ကို တရားဟောဖို့ မဖိတ်ခေါ် ပါဘူး။ ဒါကြောင့်မို့လို့ ကျွန်တော် Tucson ကနေ ဒီ Phoenix ကို ဖိတ်ခေါ်ခြင်းခံရတယ် လို့ဘဲ ကျွန်တော် ထင်ပါတယ်။ ကျွန်တော့်ကို အားလုံးက ကြိုဆိုကြပါတယ်။ ကျွန်တော့်ကို သူတို့က သိနေကြပုံ ပေါ်ပါတယ်။ ဟိုတစ်နေ့ညက ကျွန်တော် တရားဟောတဲ့အခါမှာ (၃)နာရီလောက် ကြာပါတယ်။ သူတို့ ကျွန်တော့်ကို ပြန်ပြီးတော့ ဖိတ်ခေါ် မှုမပြုကြတာကတော့ အံ့သြစရာတော့ မဟုတ်တော့ပါဘူး။ ဒါပေမဲ့ ကျွန်တော့်ရင်ထဲမှာ ခံစားရတဲ့အရာကတော့ ဘုရားသ ခင်နဲ့ သူ့ရဲ့သားသမီးတွေအတွက်ဘဲ ဖြစ်ပါတယ်။ ကျွန်တော်က အရမ်းနှေးကွေးတယ်။ ကျွန်တော်တစ်နေရာရာကို သွားရမှာကို အရမ်းကြောက်တယ်။ သွားလေ့သွားထလည်း မရှိဘူး။ အဲဒီမှာ သွားပြီဆိုရင် တစ်ချိန်တည်းမှာဘဲ တရားဟော ချက် သုံးလေးခုလောက် ဟောလိုက်တယ်။ အဲဒီတော့ ထိုနေရာမှာရှိတဲ့သူတွေအတွက် ကျွန်တော်တောင်းပန်ပါတယ်။ အချိန်အကြာကြီး စောင့်ဆိုင်းနေရတယ်။ ကျွန်တော် အဲလိုမျိုး အချိန်အကြာကြီး မစောင့်ဆိုင်းစေသင့်ပါဘူး။

3 ၃။ ကျွန်တော် ဒီမနက် ဝမ်းမြောက်ဝမ်းသာ ဖြစ်မိပါတယ်။ ဘရာသာ ကပ်တ်ဝေလျံနဲ့ ဂျင်မီလေးတို့လည်း ရှိကြပါတယ်။ သီချင်းဆိုတဲ့ ကွာယာအဖွဲ့ကိုလည်း တွေ့ရပါတယ်။ မော်စလီညီကိုတွေ ပြီးတော့ဘရက်ရှ်၊ ဘရာသာ ဂျန်ရှဲရက်က်၊ ကျွန်တော့် မိတ်ဆွေ တော်တော်များများဖြစ်တဲ့ ဖရက်ကိုင်လာတို့ နောက်ပြီးတော့ ဒီကင်တူကီမှာ ရောက်နေတဲ့ မိသားစုတွေ မိတ်ဆွေတွေ အများကြီးပါဘဲ၊ ဒီမနက်တော့ ဒီမှာ အများကြီး လာစုဝေးနေတာကို တွေ့ရပါတယ်။ Tucson ကမိတ်ဆွေတွေ တော်တော်များများကို တွေ့ရပါတယ်။ အရမ်းဘဲ ဝမ်းသာမိပါတယ်။ ကျွန်တော် စဉ်းစားမိတဲ့နေ့တစ်နေ့တော့ ရှိပါတယ်။ ဒီလိုနေ့ရက်မျိုးတွေ အားလုံးကုန်ဆုံးသွားပြီးတော့ အားလုံး စုရုံးရမဲ့ နေ့တစ်နေ့ဘဲ ဖြစ်ပါတယ်။ အဲဒီအချိန် မှာတော့ ကျွန်တော်တို့ဟာ ဒီလို ဂီတသံစဉ်တွေ နားထောင်နေခြင်းကနေပြီး ရပ်နား သွားရမှာ ဖြစ်ပါတယ်။ ဘရာသာဝီလျံရဲ့သားကို ပြောရမယ်ဆိုရင် ဟိုးအနောက်မှာ ထိုင်နေပါတယ်။ ဟိုတစ်နေ့ညက သူသက်သေခံပါတယ်။ R၀ဗြိဗ Ramada Inn မှာသူသက် သေခံခြင်းဘဲ ဖြစ်ပါတယ်။ သူက အရပ်(၆)ပေနီးပါးလောက် ရှည်မယ်လို့ ကျွန်တော် ထင်ပါတယ်။ အဲဒီသက်သေ ခံချက်ပြီးတဲ့နောက်မှာ သူဟာ (၁၀)ပေလောက်အရပ်ရှည် သွားပြီလို့ ကျွန်တော် ယုံကြည်လိုက်မိပါတယ်။ သူပြောသမျှကို ကျွန်တော် အရမ်းဘဲ နှစ်သက်မိပါတယ်။ အလွန်ကောင်းတဲ့ သက်သေခံချက်ဘဲ ဖြစ်ပါတယ်။

4 ၄။ ဒီလိုလူငယ်လေးတွေ သက်သေခံတယ်။ သခင်ယေရှုကို ဦးတည်ပြီးတော့ သူတို့ရဲ့ယုံကြည်ခြင်း အကြောင်းတွေကို ပြောပြတဲ့အတွက် ကျွန်တော်ကြားရပါတယ်။ ကျွန်တော်ကတော့ အသက်ကြီးသွားပါပြီ။ တစ်နေ့မှာ ကျွန်တော်ဟာ အိမ်တော်ကို ပြန်ရပါတော့မယ်။ နောက်ပြီးတော့ ဒီလူငယ်လေးတွေ ဆက်ပြီးတော့ ဘယ်သူက အ ဆင်သင့်ဖြစ်နေမလဲ။ ဘယ်သူတက်လာမလဲ ဆိုတာကို စောင့်မျှော်ရတော့မှာဘဲ ဖြစ်ပါ တယ်။ ကျွန်တော် လုပ်ငန်းပြီးဆုံးသွားတဲ့နေရာကစပြီး သူတို့လည်း ဆက်လက်ပြီး ကျွန်တော်လိုဘဲ လုပ်ကိုင်ဆောင်ရွက်ပြီး ဒီလောကကြီးထဲမှ ထွက်ခွာသွားရမှာ ဖြစ်ပါ တယ်။ ကျွန်တော်တို့ အားလုံးလည်း အဲဒီလိုဘဲ ဖြစ်ပါတယ်။ အဲဒီလိုနည်းလမ်းနဲ့ဘဲ အသက်တာကို လျှောက်လှမ်းကြရပါတယ်။ မျိုးဆက်တစ်ဆက်ပြီးသွားရင် ဖခင်နဲ့မိခင်တို့ မျိုးဆက်တစ်ဆက် ပြီးသွားရင် သူတို့ရဲ့မျိုးဆက်သစ်ကလေးတွေ ထပ်တက် လာမှာ တွေ့ရပါတယ်။ နောက်သူတို့က အိမ်ထောင်ပြုကြမယ်။ နောက်ထပ်မြေးကလေးတွေ၊ မျိုးဆက်သစ်တွေ ပေါက်ဖွား လာမှာ ဖြစ်ပါတယ်။ နောက်မကြာမှီဖခင်၊ မိခင်တွေဟာ မြေမှုန့်တွေဘဝကို ပြန်ရောက်ရပြီး အဲဒီအချိန်မှာ သားသမီး တွေကလည်း တစ်ခါ မြေးမျိုးဆက်တွေအတွက် အဆင်သင့်ဖြစ်နေပါတယ်။ နောက်ပြီး သူတို့မျိုးဆက် သစ်ဆက်ပြီးသွားရင် တစ်ဆက်ပြီးတစ်ဆက် ဆက်လက်ပြီးတော့ နောက်ဆုံးမှာတော့ အင်မတန်ကြီးမားနေ့ရက်ကြီးကို ရောက်လာပြီး အားလုံးအ ဆင်သင့် ပြန်ထမြောက်ကြရတော့မဲ့အချိန်ဘဲ ဖြစ်ပါတယ်။ ကျွန်တော်တို့အားလုံး ဘုရားသခင်ရှေ့တော်မှောက်ကို ဖိတ်ခေါ်ခြင်း ခံရမှာဖြစ်ပြီး ကျွန်တော်တို့ ကိုယ်တော်ရှင်အတွက် ဘာတွေလုပ်ခဲ့သလဲ။ ကိုယ်တော်ကို ဘာပေးစရာရှိသလဲ။ စသည်ဖြင့် ကျွန်တော်တို့ လုပ်ခဲ့တဲ့ အရာတွေကို ဖေါ်ပြရတော့မှာ ဖြစ်ပါတယ်။ ကျွန်တော်ကတော့ ဒီမျိုးဆက်တစ်ဆက်မှာ အသက်ရှင်ခွင့်ရလို့ အရမ်းဝမ်းသာပါတယ်။ ကျွန်တော်နဲ့အတူ ပါဝင်လက်တွဲ လုပ်ကိုင်ဆောင်ရွက်ကြတဲ့ လူစုတစ်စုအ တွက်လည်း ကျွန်တော် ဝမ်းသာပါတယ်။ ဒီကမ္ဘာလောကကြီးမှာ နေရာတကာမှာ သူတို့ရှိနေကြပါတယ်။ သူတို့နဲ့လည်း ကျွန်တော် တွေ့ဆုံခွင့်ရပါတယ်။ ဘုရားသခင်ကို ကျေးဇူးတင်ပါတယ်။ တစ်နေ့သောအခါမှာ အားလုံးကို စုသိမ်းတဲ့အချိန် ရောက်လာပါမယ်။ ကျွန်တော်လုပ်ဆောင်နေတဲ့အရာအားလုံးကို ကျွန်တော်ဖေါ်ပြတဲ့

အချိန်ရောက်လာမှာပါ။ အားလုံးအ တွက် ဘုန်းထင်ရှားစေဘို့အတွက်၊ နာမတော်ကြီး မြတ်ဘို့အတွက် အဲလိုဘဲ ကျွန်တော် ဖြစ်စေချင်ပါတယ်။

5 ၅။ ပြောစရာ အကြောင်းအရာတွေ အများကြီးရှိပါတယ်။ ကျွန်တော်တို့ နှစ်သစ်ကူးတော့မှာ ဖြစ်ပါတယ်။ ကျွန်တော် မေ့သင့်တဲ့အရာတွေကို မေ့ပစ်ချင်ပါတယ်။ ကိုယ်တော်ရှင်အပေါ်မှာ မှားခဲ့တဲ့အရာတွေကိုလည်း ဝန်ချတောင်းပန်လိုပါတယ်။ ကိုယ်တော်ရှင်ဟာဆိုရင် အပြစ်ခွင့်လွှတ်လိုက်ပြီ။ မေ့ပစ်လိုက်ပြီဆိုတဲ့ စာရင်းထဲမှာ ထည့်လိုက်မှာ ဖြစ်ပါတယ်။ ကိုယ်တော် ရှင်က အဲဒါတွေကို လုံးဝအမှတ်ရတော့မှာ မဟုတ်ပါဘူး။ ကျွန်တော်တို့က အဲလိုမဟုတ်ပါဘူး။ အမြဲသတိရနေပါတယ်။ တစ်ယောက်နဲ့တစ်ယောက် ခွင့်လွှတ်နိုင်ပါတယ်။ ဒါပေမဲ့လည်း မမေ့နိုင်ပါဘူး။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့က တစ်မျိုးတစ်စား ဘုရားသခင်နဲ့မတူတဲ့ အမျိုးအစားဖြစ်လို့ပါဘဲ။ ဘုရားသခင်ကတော့ ခွင့်လွှတ်နိုင်ပါတယ်။ မေ့ပစ်နိုင်ပါတယ်။ ကိုယ်တော်ရှင်ကတော့ ဘယ်တော့မှ မရှိနိုင်တဲ့အတိုင်းဘဲ အားလုံးကို ဖျက်ပစ်လိုက်နိုင်ပါတယ်။ ဘာကြောင့်လဲ ဆိုတော့ ကိုယ်တော်ရှင်ဟာအားလုံးကို မေ့ပစ်နိုင်တဲ့ ပင်လယ်ကြီးလို ဖြတ်သန်းနိုင်ပါတယ်။ ကျွန်တော်တို့ကတော့ မဖြတ် သန်းနိုင်ပါ ဘူး။ စဉ်းစားကြည့်ပါ။ ကျွန်တော်တို့ အပြစ်လုပ်ခဲ့တယ် ဆိုတာကိုတောင် ဘုရားသခင်က သတိမရနိုင်တော့ပါဘူး။ ကွာယာ ဆိုတဲ့သူတွေလည်း စဉ်းစားကြည့်ပါ။ ခင်ဗျားတို့ဟာ လူငယ်တွေ ဖြစ်ပါတယ်။ အဲဒါနဲ့ ပတ်သက်လို့ ဘယ်လိုများ စိတ်ထဲမှာ နေပါသလဲ။ ဘုရားသခင်က ကျွန်တော်တို့ အပြစ်လုပ်တယ်ဆိုတာကိုမှ သတိမရနိုင်ပါဘူး။ အားလုံးကို ကိုယ်တော်ရှင်က မေ့ထားနိုင်ပါတယ်။ ပြန်ပြီး သတိရစရာအကြောင်းမရှိပါဘူး။ အဲဒါဟာ တစ်စုံတစ်ခုသော အကြောင်းအရာဘဲ မဟုတ်ပါလား။

6 ၆။ ကျွန်တော် အခုပြောနေတာက ရီစရာပြောနေတာ မဟုတ်ပါဘူး။ အဲလိုရီစရာ ပြောတာတွေလည်း ကျွန်တော် မ ယုံကြည်ပါဘူး။ ကျွန်တော့်ရဲ့မိတ်ဆွေတစ်ယောက်အကြောင်း ကျွန်တော်ပြန်ပြီး သတိရပါတယ်။ သူကတော့ ဘုရားသ ခင်နဲ့အတူ ယခုအခါမှာ ခေါ်တော်မူခြင်းကို ခံသွားရပြီဖြစ်ပါတယ်။ သူကတစ်ချိန်ကကျွန်တော့်ကို ပုံပြင်လေး တစ်ပုဒ် ပြောပြပါတယ်။ ဘာအကြောင်းလဲဆိုတော့ မြို့ပေါ်ကိုပြောင်းသွားတဲ့ ဖနီးမောင်နှံစုံတွဲတစ်တွဲ အကြောင်းဘဲ ဖြစ်ပါတယ်။ သူတို့ကတော့ တောကနေ မြို့ကို ပြောင်းသွားကြခြင်းဘဲ ဖြစ်ပါတယ်။ ဒီလူငယ်စုံတွဲလေးမှာ ဖခင်အိုကြီး တစ်ယောက် ရှိပါတယ်။ အဲဒီဖခင်အိုကြီးကတော့ ဘုရားသခင်အတွက် တစ်ကယ်ဘဲ စိတ်အားထက် သန်တဲ့သူတစ်ယောက်ဘဲ ဖြစ်ပါ တယ်။ အဲဒီတော့ ဒီလူငယ်အမျိုးသမီးလေးဟာဆိုရင် သူမရဲ့ဖခင် ဖြစ်တဲ့သူကို လူတန်းစား တစ်မျိုးတစ်စား ရှေးဟောင်း ကျတဲ့ အမျိုးအစားလို့ဘဲ ထင်မြင်ယူဆပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ရှေးဟောင်းဆန်တဲ့အရာတွေကို လုပ်ဆောင်နေပါ တယ်။ ဘုရားကျောင်းတွေကို သွားနေတယ်၊ စသည်ဖြင့်ပေါ့။ သူ့ရဲ့အယူအဆဘဲ ဖြစ်နေပါတယ်။ သူ့ရဲ့အိမ်မှာတော့ သူက ယဉ်ကျေးမှုအနေနဲ့ ပုံစံတစ်မျိုးတစ်စား ပြုလုပ်တာကို တွေ့ရပါတယ်။ သူမရဲ့ဖခင်ဟာဆိုရင် နေ့လည်စာစားပြီးတဲ့အခါမှာ သမ္မာကျမ်းစာအုပ်ကို ဖတ်တယ်။ အခန်းထဲဝင်သွားတယ်။ တစ်အောင့်တစ်နားလေး ကျမ်းစာဖတ်ပါတယ်။ နောက်ပြီးတော့ ကျမ်းစာကို ချထားပြီး ငိုမယ်၊ အော်မယ်။ နောက်ပြီး ဆက်လက်ပြီး သူပြန်၍ မတ်တပ်ရပ်ပြီးတော့ မျက်မှန်ကြီးကို ပြန်တပ်ပြီး ဆက်ပြီးကျမ်းစာကို ဖတ်ပါတယ်။ အဲလိုမျက်မှန်တွေကို ပြန်ချွတ်တစ်ခါပြန်ပြီးအော်ဟစ် ငိုကြွေးပြန်ပါတယ်။ အဲဒီတော့ သူမ က ဘာပြောသလဲဆိုတော့ ကျမရဲ့ပါတီပွဲကို အနှောင့်အယှက် ပေးပါတယ်။ ဘာလုပ်ရမှန်းကို မသိဘူးလို့ ပြောပါတယ်။ အဲဒီ တော့ သူမက အပေါ်ထပ်ကို အဖေက တက်သွားပါစေ၊ အဲဒီအပေါ်ကနေ အထက်ခန်းကို နေရာယူပါစေလို့ သူမကဆုံး ဖြတ်လိုက်ပါတယ်။

7 ၇။ နောက်ပြီးတော့ သူဘာစဉ်းစားလဲဆိုတော့ သမ္မာကျမ်းစာအုပ်ကို သူ့ကိုပေးလိုက်လို့ သူလုပ်နေကျအတိုင်းဘဲ ဆက်လုပ်နေဦးမှာဘဲ၊ အဲဒီတော့ သူကဘာပေးသလဲဆိုတော့ ပထဝီစာအုပ်အဟောင်းကြီးကို ပေးပြီး အိမ်ပေါ်ထပ်ကို တက် သွားခိုင်းပါတယ်။ ပါးစပ်ကလည်း ပြောပါတယ်၊ အဖေရယ် ဒီပုံလေးတွေကို ကြည့်ပါ၊ ဒီကမ္ဘာလော ကကြီးမှာရှိတဲ့ အရာတွေကို ကြည့်ပါ။ ကျမတို့ကတော့ ပါတီပွဲ လုပ်လိုက်ဦးမယ်လို့ ပြောပါတယ်။ ကျမတို့ သိပ်မကြာပါဘူး။ ပြီးရင်တော့ အောက်ပြန်ဆင်းလာမှာပါ။ အဲဒီအချိန်ကျရင် အဖေလည်း ခဏဆင်းလာပေါ့လို့ ပြောပါတယ်။ ဒီမှာ အမျိုးသမီး တွေချည်းဘဲ ရှိတယ်ဆိုတော့ အဖေလည်း နေချင်မှာ မဟုတ်ဘူးလို့ ပြောလိုက်ပါတယ်။ အဲဒီတော့ အဖေကြီးက ဘာပြောသလဲဆိုတော့ ကိစ္စမရှိပါဘူး။ ငါအပေါ်တက် သွားပါမယ်လို့ ပြောလိုက်ပါတယ်။ သူမဟာ သူ့ဖခင်အတွက် မီးနဲ့နေရာလေးနဲနဲ ပြင်ဆင်ပေး လိုက်ပါတယ်။ စိတ်ထဲမှာလည်း စဉ်းစားလိုက်မိပါတယ်။ အဖေအတွက်တော့ အဆင်ပြေသွားပြီ။ သူက ရုပ်ပုံလေးတွေနဲ့ နဲနဲပတ်သက်တဲ့ ပထဝီလေးတွေဖတ်မယ်။ နောက်ပြီး သူဆင်းလာလိမ့်မယ်။ အဲဒါတော့ အခြေအနေကောင်းသွားမှာဘဲလို့ သူမတွေးလိုက်ပါတယ်။

8 ၈။ အချိန်တန်လာတဲ့အခါ သူတို့ဟာ သူတို့ရဲ့ပါတီပွဲကို ကျင်းပပါတယ်။ စားပွဲသောက်ပွဲတွေ ရှိပါတယ်။ အဲဒီအချိန်မှာ အိမ်တစ်အိမ်လုံးဟာ လှုပ်ခါပြီးတော့ အဖိုးကြီးက တစ်ခါတည်းအိမ်ပေါ်ကနေ ဆင်းလိုက်တက်လိုက်နဲ့ အော်ပြီး ခုန်နေပါ တယ်။ ပြေးလွှားပြီးတော့ သွားနေပါတယ်။ အဲဒီတော့ သူမကစဉ်းစားနေပါတယ်။ ဘာများဖြစ်သွားသလဲ။ အဖေ သူ့ရဲ့ လက်ထဲမှာလည်း ကျမ်းစာအုပ်လည်း ရှိတာမဟုတ်ဘူး။ သူကျမ်းစာအုပ်ကိုလည်း ဘယ်လိုနည်းနဲ့မှ ပြန်မရနိုင်ဘူးလို့ တွေးမိပါတယ်။ အဲဒီတော့ သူမက အိမ်ပေါ်ထပ်ကို ပြေးတက်သွားပြီးတော့ အဖေ၊ အဖေ အခုဖတ်နေတာ ကျမ်းစာအုပ် မဟုတ်ဘူး။ ပထဝီစာအုပ်ဖြစ်တယ်လို့ ပြန်ပြောပြလိုက်ပါတယ်။ သူ့အဖေက ဘာပြန်ပြောလိုက်သလဲဆိုတော့ ငါသိပါ တယ် သမီးလေးရယ်၊ ငါသိပါတယ်။ ဒါပေမဲ့လည်း နင်သိထားဘို့ လိုတယ်။ ဟိုးတစ်နေ့ကဆိုရင် ငါကျမ်းစာကို ဖတ်နေတယ်။ အဲဒီမှာ သခင်ယေရှုက ဘာပြောထားသလဲဆိုတော့ ငါတို့ရဲ့အပြစ်တွေကို သူမေ့ပစ်လိုက်တဲ့ ပင်လယ်ကြီးထဲကို ထည့် လိုက်ပြီလို့ ပြောလိုက်ပါတယ်။ အပြစ်တွေအားလုံးကို ကိုယ်တော်ရှင်က လုံးဝသတိမရတော့ပါဘူး။ အဲဒီတော့ အခု စာအုပ်ထဲမှာ ဒီပထဝီစာအုပ်ထဲမှာ ပင်လယ်ပြင်ရဲ့ တစ်ချို့နေရာတွေအကြောင်းပါပါတယ်။ အဲဒီအထဲမှာဆိုရင် ပင် လယ်ကြမ်းပြင်ဟာဆိုရင် မတွေ့နိုင်ဘူးလို့ ပြောထားပါတယ်။ အဲဒီတော့ စဉ်းစားကြည့်ပါ။ အဲဒီလိုဟာမျိုးတွေ ရှိနေဆဲဘဲ ဖြစ် ပါတယ်။ အဲဒါကြောင့်မို့လို့ ကျွန်တော်အရမ်းဘဲ ဝမ်းသာတယ်။ အဖေအရမ်းဘဲ ဝမ်းသာတယ်။ ဘယ်နေရာကို ဘဲကြည့်ကြည့် ဘုရားသခင်ကို တွေ့နိုင်ပါတယ်။ ကိုယ့်ပတ်ဝန်းကျင်ကို လှည့်ပတ်ပြီး ကြည့်လိုက်ရင် အရာခပ်သိမ်းဟာလည်း ကိုယ် တော်ရှင်အကြောင်းကိုဘဲ ပြောနေမှာ ဖြစ်ပါတယ်။

9 ၉။ အခုအခါမှာ တစ်ကယ်ဘဲ ရိုးသားစွာနဲ့ ကျွန်တော် ဘရာသာအောက်တ်လော ကို ပြောမိပါတယ်။ ဒီမနက် ကျွန်တော် ဘာပြောရမလဲ။ ခင်ဗျား ခရစ်စမတ်သတင်းစကား ပြောပြီးပြီလား။ ပြောပြီးပြီလို့ သူက ပြန်ဖြေပါတယ်။ ဒါဆိုရင် ခင်ဗျားနှစ် သစ်ကူး သတင်းစကားရောပြောပြီးပြီလား။ မပြောရသေးဘူးလို့ သူကအဲဒီလို ပြန်ဖြေ လိုက်ပါတယ်။ အဲဒီတော့ ကျွန် တော့်မှာ အကြောင်းအချက်လေးတွေ ရှိပါတယ်။ ကျွန်တော်ဖိတ်ခေါ်ခြင်းခံရတဲ့ နေရာတိုင်းမှာ ကျွန်တော်ကတော့ နှစ်သစ် ကူးသတင်းစကားကိုဘဲ ပြောမှာဖြစ်ပါတယ်။ ဒီအပတ်တော့ ဘရာသာအောက်တ်လော ပြောဘို့ဆိုပြီး ကျွန်တော် နေရာ ချန်ထားပေးပါတယ်။

ကျွန်တော် ကျမ်းချက်လေးတစ်ချက်ကို ပေးထားပါမယ်။ ကျွန်တော်တို့ မိနစ်အနည်းငယ် အချိန်ယူပြီး ကျမ်းချက် လေးကို ဖတ်ပါမယ်။ ကိုယ်တော်ရှင် အလိုတော်ရှိ မယ်လို့လည်း မျှော်လင့်ပါတယ်။ ကိုယ်တော်ရှင် ကျွန်တော်တို့ကို ကောင်း ချီးပေးမှာ ဖြစ်ပါတယ်။ ဘရာသာအောက်တ်လောကိုလည်း ကျွန်တော်ကျေးဇူးတင်ပါတယ်။ ဒီမှာရှိတဲ့ အသင်းသူအ သင်းသား အားလုံးကိုလည်း ကျေးဇူးတင်ပါတယ်။ ကျွန်တော်ဒီမှာလာပြီး တရားဟောဘို့အတွက် ကျွန်တော့်ကို ဘိတ်ခေါ် တဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဘရာသာအောက်တ်လော ပြောသလိုဘဲ ကျွန်တော်တို့ရဲ့ မိတ်ဆွေဖြစ်ခြင်းကို တော့ ဘယ်တော့မှ မပယ်ဖြစ်ပါဘူး။ ဘုရားသခင်ရဲ့ကျေးဇူးတော်ဟာ ကျွန်တော်တို့ကို ဒီနှစ်ပေါင်းများစွာ ခိုင်မာစေပါတယ်။ ကျွန်တော့်ကို ပထမဦးဆုံး ဖိတ်ခေါ်တဲ့ အသင်း တော်လည်း ဖြစ်ပါတယ်။ ကျွန်တော် ဒီ Phoenix ကိုရောက်လာရခြင်း ဖြစ်ပါတယ်။

10 ၁၀။ ကျွန်တော် ဘရာသာထရီးကို ကြည့်နေပါတယ်။ ကျွန်တော်သူ့ကိုကြည့်နေတဲ့အခါမှာ သူကအရှေ့မှာ ထိုင်နေသ လား၊ မထိုင်နေလား ကျွန်တော်လည်း သတိမထားမိပါဘူး။ အဲဒါ ဘရာသာထရီး ဟုတ်တယ်မဟုတ်လား။ ကျွန်တော် သူအဲဒီမှာ ရှိနေတယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ သူကျွန်တော့်ကို ပေးခဲ့တဲ့အရာတွေကိုလည်း ကျွန်တော် မှတ်မိ နေပါတယ်။ ကျွန်တော့်အတွက် အမှတ်တရလေးတွေ ဖြစ်စေပါတယ်။ ကြေးဝါနဲ့လုပ်ထားတဲ့ အရာကလေးများဘဲ ဖြစ်ပါ တယ်။ ဒီခင်ဗျားတို့ နေထိုင်တဲ့ နေရာဒေသက ထွက်တဲ့ ပစ္စည်းဘဲ ဖြစ်ပါတယ်။ အဲဒီတော့ ခင်ဗျားက ဘာများလဲဆိုပြီးတော့ လှည့်ပတ် ကြည့်နေမှာဘဲ ဖြစ်ပါတယ်။ အဲဒီနေ့မနက်ကဆိုရင် ကျွန်တော်တို့ ဒီကနေ ဖြတ်သွားတဲ့ အခါမှာ လူအချို့ကို တွေ့ ရပါတယ်။ သူတို့က ဘာပြောသလဲဆိုတော့ သူတို့နဲ့ ကျွန်တော်တို့ဟာ သိပ်ပြီးကွာခြားနေတယ်။ မတူညီဘူး။ ဟိုးတုန်းက လည်း မတူဘူး။ အခုနဲ့လည်း တအားကွာခြားနေတယ်။ အဲဒါမှန်ပါတယ်။ ကျွန်တော်တို့မှာ အပြစ်ရဲ့အမှတ်အသား တွေ အသက်ကြီးလာပြီဖြစ်တဲ့ ဇရာရဲ့အရေးအကြောင်းတွေ မရှိပါဘူး။ ကျွန်တော်တို့ ဟာ အမြဲတမ်းဘဲ အပြစ်ကင်းစင်နေမှာ ဖြစ်ပါတယ်။ ကျွန်တော် အဲဒီအချိန်ကို အရမ်းဘဲ မျှော်လင့်ပါတယ်။ ခင်ဗျားတို့ရော မမျှော်လင့်ကြဘူးလား။ အဲဒီအချိန်ကာ လကတော့ ဒုက္ခဆင်းရဲတွေ အခက်အခဲတွေအားလုံး ပြီးဆုံးသွားတဲ့ နေ့ရက်ဘဲ ဖြစ်ပါတယ်။

11 ၁၁။ ကျွန်တော် ဘုရားသခင်ဆီက လာတဲ့သတင်းစကားလို့ဘဲ ခံစားရတဲ့ သတင်းစကားတစ်ခု ကျွန်တော့်မှာ ရှိပါတယ်။ ကျွန်တော်ကတော့ ရိုးသားရမှာဘဲ ဖြစ်ပါတယ်။ ကျွန်တော့်မှာ ထူးခြားပြီးတော့ ကောက်ကျစ်တဲ့ စိတ်နှလုံးတွေ မရှိလိုပါဘူး။ ကျွန်တော့်ရဲ့ ခံစားချက်တွေ၊ ဆုံးဖြတ်ချက်တွေ၊ ခံယူချက်တွေကို ကျွန်တော်မပြောဘူးဆိုရင် ခင်ဗျား တို့လည်း ကျွန်တော့်ကို ယုံကြည်စိတ်ချနိုင်တော့မှာ မဟုတ်ပါဘူး။ ကျွန်တော်ဟာ လှည့်ဖျားသူတစ်ယောက် ဒါမှမဟုတ် သူတော်ကောင်း ယောင် ဆောင်သူတစ်ယောက် ဖြစ်သွားနိုင်စရာအကြောင်း ရှိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်ကတော့ အဲဒီလို အထင်မ ခံနိုင်ပါဘူး။ ကမ္ဘာလောကကြီးမှာ မိတ်ဆွေအနည်းငယ် ဆုံးရှုံးသွားမှာ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း ကျွန်တော့်ရဲ့ ခံယူချက် တွေအတိုင်းဘဲ ရပ်တည်ချင်ပါတယ်။ ကျွန် တော်မှန်တယ်ထင်တဲ့အရာကို ကျွန်တော် မစွန့်ပယ်ချင်ပါဘူး။

12 ၁၂။ လွန်ခဲ့တဲ့ နှစ်အနည်းငယ်ခန့်က ကျွန်တော်ဟာ နိမိတ်လက္ခဏာတွေ၊ သတင်းစကားတွေ၊ တရားဟောချက်တွေနဲ့ ပတ်သက်လို့ လွယ်လွယ်ဘဲ ကျွန်တော် ဟောပြောပို့ချခဲ့ပါတယ်။ ဘယ်နေရာကဘဲခေါ်ခေါ် ကျွန်တော်ကတော့ အမြဲတမ်းဘဲ ကျွန်တော့်ကို ကြိုဆိုနေကြပါတယ်။ လာကြပါ၊ လာကြပါ၊ လာပါ၊ လာပါ၊ စသည်ဖြင့် ဖိတ်ခေါ်ကြပါ တယ်။ ဒါပေမဲ့လည်း ဘုရားသခင်ရဲ့သတင်းစကားရှိတယ်။ ဘုရားသခင်ရဲ့အသံရှိတယ်။ တစ်ကယ်စစ်မှန်တဲ့ နိမိတ်လက္ခဏာရှိတဲ့အခါမှာဆိုရင် တစ်ခုခုတော့ ထူးခြားတဲ့အရာ ဖြစ်ပေါ်လာပါတယ်။ မဖြစ်ပေါ်ဘူးဆိုရင် ဘုရားသခင်က ကျွန်တော့်ကို ဘာမှ မဖေါ်ပြ ပါဘူး။ ကျွန်တော့်ကို သက်သက် ဟာသလုပ်သလိုဘဲ ဖြစ်နေပါတယ်။ ကိုယ်တော်ရှင်ဟာ ကြိုတင်ပြီး ဆွဲဆောင်မှုရှိတဲ့အရာတစ်ခုခု သူပြောချင်တဲ့အရာကို စိတ်ဝင်စားမှုရှိ အောင်လို့ ပြုလုပ်လေ့ရှိပါတယ်။ အခုဒီမနက်မှာတော့ ကွာယာကနေပြီးတော့ အင်မ တန်ကောင်းတဲ့ နှစ်သက်ဘွယ်ကောင်းတဲ့ သီချင်းလေးသီဆိုသကဲ့သို့ဘဲ ဖြစ်ပါတယ်။ ဘာလုပ်ရမှာပါလဲ။ လာမဲ့သတင်း စကားကို နားထောင်ဘို့အတွက် လူတွေကို တိတ် တိတ်ဆိတ်ဆိတ် နေသွားစေချင်လို့ဘဲ ဖြစ်ပါတယ်။

အဲဒါကတော့ နိမိတ် လက္ခဏာ ဘာပြုလုပ်သလဲဆိုတာပါဘဲ။ မောရှေမှာလည်း နိမိတ်လက္ခဏာရှိပါတယ်။ ဟိုတစ်နေ့ညက ကျွန်တော်တို့ ပြောခဲ့တဲ့အတိုင်းဘဲ ဒီနိမိတ်လက္ခဏာတွေမှာ အသံတွေပါလာပါတယ်။ အဲဒီအသံက ပြောဆိုလိုက်တာကတော့ သခင်ယေရှု က လူနာတွေကို အနာရောဂါငြိမ်းစေပါတယ်။ ကိုယ်တော်ရှင်ဟာ အင်မ တန်ကြီးမြတ်သော ပုဂ္ဂိုလ်ဖြစ်ပါတယ်။ ဒါပေမဲ့လည်း အချိန်ရောက်လာတဲ့အခါမှာ ဒီလောကကြီးမှာရှိတဲ့ ပရောဖက်ဟာဆိုရင် သူတို့ကတော့ နှစ်ပေါင်း (၄၀၀) အတွင်းတစ် ယောက်မှ မရှိခဲ့ပါဘူး။ ကိုယ်တော်ရှင်သာ ဒီလောကကြီးကို ရောက်လာပြီး နိမိတ်လက္ခဏာပြု လုပ်ပါတယ်။ ကိုယ်တော်ရှင် ဟာ အင်မတန်မှ ထူးမြတ်တဲ့ပုဂ္ဂိုလ် ဖြစ်ပါ တယ်။ လူတိုင်းသူ့ကို လိုလားပါတယ်။ အဲဒီနိမိတ်လက္ခဏာနဲ့အတူ ပါလာတဲ့ သတင်းစကား အသံတော်ကို တစ်နေ့သောအခါ ကိုယ်တော်ရှင်ပြောပြလိုက်တဲ့အခါမှာ သူဘယ်လိုပြောသလဲဆို တော့ ငါနဲ့ငါ့ခမည်းတော်ဟာ တစ်လုံးတစ်ဝတည်းဖြစ်တယ်လို့ ပြောလိုက်ပါတယ်။ အဲဒီအခါမှာတော့ တစ်စုံတစ်ခု ထူးခြား တာဖြစ်လာပါတယ်။ သူတို့ က အဲဒါကို လက်မခံနိုင်ပါဘူး။ ကမ္ဘာလောကကြီးဟာ အဲဒီလိုဘဲ ဖြစ်ပါတယ် မိတ်ဆွေများ၊ သူတို့လိုချင်တာ သူတို့ရနိုင်တာ တစ်ခုခုရှိရင် သူတို့လက်ခံပါတယ်။ သူတို့ရယူပါတယ်။ ဒါပေမဲ့လည်း သူတို့ဟာ ဂရုမစိုက် တဲ့အချိန်ရောက်လာတော့မဲ့အခါမှာ သူတို့ဘာလုပ်သလဲဆိုတော့ သူတို့ရဲ့အတွေးအခေါ်တွေအားလုံးကို ပြောင်းလဲပစ်ရမယ်။ သူတို့အစဉ်အလာအတိုင်း ပြုလုပ်ခဲ့တဲ့အရာတွေကို ပြောင်းလဲပစ်ရတော့မယ်။ အဲလိုပြောင်းလဲပစ်ရတော့မဲ့အချိန် ရောက်လာ တဲ့အခါမှာ

အခက်အခဲပြဿနာတွေ စတင်လာပါတော့တယ်။

13 ၁၃။ ကျွန်တော်တို့ဟာ အဆောက်အဦတစ်ခုကို ဆောက်နေပါတယ်။ အုတ်နံရံကြီးကို ဆောက်နေတာမဟုတ်ပါဘူး။ တည်ဆောက်သူတွေကလည်း တစ်တန်းပြီးတစ်တန်း ဘယ်လောက် တစ်ခုစီ စီတန်းပြီး ချပါတယ်။ တည့်တည့်မတ်မတ်ဘဲ ဆက်ပြီးဆောက်သွားချင်ပါတယ်။ ဘယ်သူဘဲဖြစ်ဖြစ် အဲဒီလိုဘဲ ဆက်ပြီးဆောက်သွားလို့တတ်ပါတယ်။ တစ်ကယ် အင်မ တန်ထူးချွန်ထက်မြက်ပြီး ကျွမ်းကျင်တဲ့ပညာရှင်ရောက်လာတဲ့အခါမှာ အပြောင်းအလဲတစ်ခု လုပ်ရပါတော့မယ်။ ဒေါင့်စွန်း တစ်ဖက်ကို ဖြတ်ပြီးတော့ အချိန်ယူ ရမယ်။ ဒေါင့်စွန်းတစ်ခုကိုဖြတ်ရမဲ့အချိန် ရောက်လာမယ်။ တစ်ကယ့်တစ်ကယ် အဲဒီ ကျောက်တုံးတွေကို ဖြတ်တောက်တဲ့ ထူးခြားတဲ့ ဗိသုကာပညာရှင်တွေ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ၊ တစ်ကယ်ဘဲ အဲဒီဒေါင့်ချိုးတစ်ခု အပြောင်းအလဲတစ်ခုကို ရောက်လာရင် ဆက်လက်ပြီးတော့ ဒီအဆောက်အဦးကို ဆောက်နိုင်ဘို့တော့ လိုပါတယ်။ ဒါပေမဲ့လည်း ပြောင်းလဲဘို့တော့လိုပါမယ်။ အဲဒီဒေါင့်တွေမှာ ပြောင်းလဲဘို့ ဖြစ်လာတဲ့အခါမှာ အခက်အခဲပြ ဿနာတွေ စတင်လာပါမယ်။ ဆောက်လုပ်တဲ့သူတွေ ကတော့ ဆက်လက်ပြီးတော့ ဆောက်ချင်နေပါတယ်။ ဒါပေမဲ့လည်း ကျွန်တော်တို့ဟာ နံရံတစ်ခုကို တည်ဆောက်နေသူများ မဟုတ်ပါဘူး။ အဆောက်အဦတစ်ခုကို တည်ဆောက်နေသူများ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီမနက်ရောက်လာတဲ့အခါမှာ ကျွန်တော့်အတွက် ဆုတောင်းပေးကြပါ။ ခင်ဗျားတို့အတွက်လည်း ကျွန်တော်တို့ အမြဲတမ်းဆုတောင်းပေးပါတယ်။ ယခုအခါမှာ ကျွန်တော်တို့ ခေါင်းငုံ့ပြီးတော့ တစ်ကယ်ကြီးမြတ်တော်မူတဲ့ ဘုရားသခင်ရှေ့တော်မှောက်မှာ ဆုတောင်းကြပါစို့။ ကျွန်တော်တို့ရဲ့ မပြည့်စုံတဲ့အရာတွေ အားလုံးအတွက် ကျွန်တော်တို့ သိကြပါတယ်။ ကျွန်တော်တို့ဟာ ဒီမှာရောက်လာတဲ့အခါ အကူအညီတစ်ခုခုကို လိုအပ်လို့ ရောက်လာခြင်းမဟုတ်ပါဘူး။ ကျွန်တော်တို့ ဆုတောင်းတဲ့အခါမှာ တစ်ကယ်ဘဲအထူးလိုအပ်ချက် ရှိနေတယ်ဆိုရင် ကျွန်တော်တို့ ဆုတောင်းလို့ ရပါတယ်။

14 ၁၄။ ဘုရားသခင်ဟာ အတိုင်းအတာ အကန့်အသတ်မရှိဘဲ ကြီးမြတ်တော်မူတဲ့ ဘုရား ဖြစ်ပါတယ်။ တစ်နေ့တုန်းက ကျွန်တော် Phoenix မှာ ပြောခဲ့သလိုပါဘဲ။ တယ်လီဗေးရှင်း ရုပ်မြင်သံကြားကဲ့သို့ဘဲ ဖြစ်နေပါတယ်။ တစ်နေ့သောအခါမှာ ခရစ်တော်ဟာ ဒီအဆောက်အဦထဲမှာဘဲ ပေါ်လာမှာဘဲ ဖြစ်ပါတယ်။ ခင်ဗျားတို့ ဘာတွေပြုလုပ်ခဲ့သလဲဆိုတာတွေ ခင်ဗျား တို့လှုပ်ရှားခဲ့တာတွေအားလုံးကို တွေ့မြင်ရပါမယ်။ ခင်ဗျားတို့ မျက်တောင်ခတ်တာကို တွေ့မြင်ရပါမယ်။ ဘယ်တော့မှ သေဆုံးသွားခြင်း မရှိပါဘူး။ လေလှိုင်းထဲကနေပြီး အီသာခေါ်တဲ့ေတွေ ရှိပါတယ်။ တယ်လီဗေးရှင်းကနေ အဲဒါတွေကို ထုတ် လုပ်တာ မဟုတ်ပါဘူး။ ခင်ဗျားတို့ရဲ့လှိုင်းတွေကို သူကနေပြီး ကောက် ယူလိုက်ပါတယ်။ နောက်ပြီးတော့ ပိတ်ကားပေါ်မှာ ပြန်ပြီး ဖေါ်ပြနေခြင်းဘဲ ဖြစ်ပါတယ်။ အဲဒီနေရာမှာ ရှိနှင့်နေပြီးသားဖြစ်မှာပါ။ အမြဲတမ်းလည်း ရှိခဲ့ပါတယ်။ ခင်ဗျားတို့လုပ်ခဲ့သမျှ လှုပ်ရှားမှုတွေအားလုံးဟာ အသက်ရှင်နေဆဲဘဲ ဖြစ်ပါတယ်။ လေထဲမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့အား လုံးဟာ တရားစီရင်တဲ့အခါ အဲဒါတွေကို ပြန်တွေ့ရမှာဘဲ ဖြစ်ပါတယ်။

ဘုရားသခင်ကလည်း ထိုနည်းအတိုင်းပင် ဖြစ်ပါတယ်။ ကိုယ်တော်ကို ကျွန်တော်တို့ မတွေ့ရပါဘူး။ ကျွန်တော်တို့ တယ်လီဗေးရှင်းမှာ ရုပ်ပုံတွေ မမြင်ရသကဲ့သို့ဘဲ ဖြစ်ပါတယ်။ အဲဒီ တယ်လီဗေးရှင်းမှာ ညွှန်တွေလိုတယ်။ အဲဒီအသံကို ဖမ်းဘို့ခရစ်စတယ်လ်တွေ လိုတယ်။ နောက်ပြီးတော့ တစ် ဖန်ပြန်လည်ပြီးတော့ ရုပ်ပုံကို ဖြစ်ပေါ်စေပါတယ်။ အာဒံဟာ ဒီကမ္ဘာလောကကြီးမှာ နေစဉ်အခါမှာ ကျွန်တော်တို့နေရာကို ခန့်မှန်းပြီးတော့ဘဲ ပြောပါတယ်။ ဘုရားသခင်ကတော့ ဒီမနက် ဒီနေရာမှာ ရှိပါတယ်။ ဒီနေ့ရက်တွေမှာလည်း ရှိနေပါတယ်။ နောင်လာမဲ့အနှစ်(၁၀၀၀) မိလေနီကာလမှာလည်း ကိုယ်တော်ရှင်ရှိနေပါတယ်။ ကျွန်တော်တို့ သိကြရမှာဘဲ ဖြစ်ပါတယ်။ တယ်လီဗေးရှင်း ဒါမှမဟုတ် အခြားသောအရာများကဲ့သို့ဘဲ ပိုပြီးတော့တောင်မှ တိကျမှန်ကန်မှာ ဖြစ်ပါတယ်။ ဒီနေ့မနက် ဒီစည်းဝေးပွဲမှာ ကိုယ်တော်ရှင် ရှိနေသကဲ့သို့ဘဲ ဖြစ်ပါတယ်။

အဲဒါနဲ့ပတ်သက်လို့ စဉ်းစားမယ်ဆိုရင် သင်တို့ရဲ့စိတ် နှလုံးတွေကို ဘာလိုအပ်သလဲဆိုတာကို စိတ်ထဲမှာ မှတ်ထားပါ။ နောက်ပြီး လက်ကိုမြှောက်ပါ။ ကိုယ်တော်ရှင် ထံကို လက်ကို မြှောက်နိုင်မယ်မဟုတ်ပါလား။ နှုတ်ကလည်း ကိုယ်တော်ရှင်လို့ခေါ်ပါ။ နောက်ပြီး စိတ်နှလုံးထဲမှာ အဲဒီအတွေး အခေါ်တွေကို တွေးတောဆင်ခြင်ပါ။

15 ၁၅။ ကောင်းကင်ဘုံရှင် အဖဘုရားသခင်၊ ကိုယ်တော်ရှင်ထံတော်ပါးကို ကျွန်တော်တို့ အခုတစ်ခါချဉ်းကပ်ပါတယ်။ ဒီလိုနည်းနဲ့ဘဲ ကိုယ်တော်ရှင်ထံကို ချဉ်းကပ်ခြင်းဘဲ ဖြစ်ပါတယ်။ သခင်ယေရှုခရစ်ရဲ့နာမဖြင့် ချဉ်းကပ်ခြင်းဘဲ ဖြစ်ပါတယ်။ ကျွန်တော်တို့အ နေနဲ့ နာမတော်ကို ခေါ်ဘို့ရန်တောင်မှ မထိုက်တန်ပါဘူး။ အသုံးပြုဘို့ရန်လည်း မထိုက်တန်ပါဘူး။ ဒါပေမဲ့ လည်း ကျွန်တော်တို့ ကိုယ်တော်ရှင်ရဲ့ဖိတ်ခေါ်ခြင်းကို ခံရတဲ့အတွက်ကျွန်တော်တို့ ထိုက်တန်လို့ဘဲလို့ အဓိပ္ပါယ်ကောက် ယူပြီးတော့ ထင်ချင်ကြပါတယ်။ ကိုယ်တော်ရှင်ကလည်း သိပါတယ်။ ခမည်းတော်ရဲ့ထံတော်ပါးကို ငါရဲ့နာမကို အမှီပြုပြီး ဆုတောင်းမယ်ဆိုရင် တောင်းသမျှကို ရကြလိမ့်မယ်လို့ ဆိုထားပါတယ်။ ကျွန်တော်တို့ရဲ့ယုံကြည်ခြင်းနဲ့ ကျွန်တော်တို့ ရပ်တည်ပြီး ကိုယ်တော်ရှင်ရဲ့နှုတ်ကပတ်တော်၊ ကိုယ်တော်ရှင်ရဲ့ နာမမည်သူမည်ဝါဖြစ်တာကို ကျွန်တော်တို့ သေချာတဲ့ အတွက် ကျွန်တော်တို့ ဆုတောင်းကြပါတယ်။ ကျွန်တော်တို့ တောင်းလျှောက်သမျှကိုလည်း ကိုယ်တော်ရှင် သိပါတယ်။ ကျွန်တော်တို့ လက်မြှောက်ထားတာကို ကိုယ်တော်ရှင် သိပါတယ်။ ကျွန်တော်တို့ ဆုတောင်းတာကိုလည်း ကိုယ်တော်ရှင် သိပါတယ်။ အဖဘုရားသခင်၊ ဆုတောင်းတဲ့အခါတိုင်းမှာ သူတို့တစ်ယောက်စီအတွက် ကျွန်တော် ဆုတောင်းပါတယ်။ သူတို့တစ်ယောက်စီ လိုအပ်ချက်အတွက် ကိုယ်တော်ရှင် ချပေးသနားတော်မူပါ။ ဒီလိုမျိုးအုပ်စုတိုင်းဟာဆိုရင် ဘာမှ အများ အယွင်းတွေ ဆုတောင်းမှာ မဟုတ်ဘူးလို့ ကျွန်တော် ယုံကြည်ပါတယ်။ သူတို့ရဲ့ ကိုယ်ကျိုးအတွက် သူတို့ အခွင့်အရေးယူပြီး ဆုတောင်းမယ်ဆိုရင် သူတို့ရဲ့အနာရောဂါ ငြိမ်းစေဘို့အတွက်ဘဲ ဖြစ်ပါမယ်။ ကိုယ်တော်ချပေးသနားတော်မူပါ။ သူတို့လို အပ်ပါတယ်။ သူတို့နားလည်တဲ့အတိုင်းဘဲ သူတို့ဆုတောင်းကြပါတယ်။ သူတို့အဲဒီလိုအပ်တဲ့ဟာတွေကလည်း နိုင်ငံ တော်အတွက်ဘဲ ဖြစ်ပါတယ်။

16 ၁၆။ ကျွန်တော်တို့ ဆက်လက်ပြီး ဆုတောင်းပါတယ်ဘုရားသခင်၊ တစ်ယောက်စီရဲ့ ဆုတောင်းချက်တွေကို ချပေးသနား တော်မူပါ။ အသင်းတော်ကိုလည်း ကောင်းချီးပေးတော်မူပါ။ သင်းအုပ်ဆရာတွေနဲ့ သူ့ရဲ့လုပ်ဘော်ဆောင်ဘက်တွေကိုလည်း ကောင်းချီး ပေးတော်မူပါ။ သင်းထောက်တွေ၊ အသင်းသူ အသင်းသားတွေ၊ အသင်းတော်ကော်မီတီ တွေ ဧည့်သည်တွေ၊ လူစိမ်းတွေကိုလည်း ကောင်းချီးပေးတော်မူပါ။

တစ်ကယ့်တစ်ကယ်တော့ ကိုယ်တော်ရှင် သူတို့ဟာ လူစိမ်းတွေ၊ တစ်စိမ်းတွေ မဟုတ်ပါဘူး။ ကိုယ်တော်ရှင်ရဲ့ ကျေးဇူးတော်အားဖြင့် ခရစ်တော်အားဖြင့် သူတို့ဟာ ကိုယ်တော်ရှင်ရဲ့သားသမီးတွေဘဲ ဖြစ်ပါတယ်။ ဒီမနက်အသက်မုန့်ကို ချပေးသနားတော်မူပါမည့်အကြောင်း ကျွန်တော်ဆုတောင်းပေးပါတယ်။ ဒါမှ ကျွန် တော်တို့ ဆုတောင်းချက်တွေကို နားလည်ပြီး ကိုယ်တော်ရှင်ချပေးသနားတော်မူပါလို့ဘဲ ဆုတောင်းပါတယ်။ နှုတ်က ပတ်တော်ကို ကောင်းချီးပေးတော်မူပါ ကိုယ်တော်၊ ကျွန်တော်တို့ ဖတ်ကြားတဲ့အခါမှာ ဘယ်သူမှ မရှိပါဘူး။ ဒီနှုတ်က ပတ်တော်ကို အနက်ဖွင့်ဘို့ လုံလောက်တဲ့ညဏ်၊ လုံလောက်တဲ့ပညာကို ကိုယ်တော်ရှင်ပေးတော်မူပါ။ ယောဟန်ဟာ ကိုယ်တော်ရှင်လက်ထဲမှာ စာစောင်ရှိတယ်ဆိုတာကို တွေ့ရပါတယ်။ စာစောင်ကိုင်ထားတဲ့ ကိုယ်တော်ရှင်ဟာလည်း ပလ္လင်တော် ပေါ်မှာ ထိုင်နေတယ်ဆိုတာ တွေ့ရပါတယ်။ နောက်ပြီး ကောင်းကင်မှာသော်၎င်း၊ မြေကြီးပေါ်မှာသော်၎င်း၊ မြေကြီးအောက် မှာသော်၎င်း၊ ဒီစာစောင်ကို ဖွင့်ထိုက်တဲ့သူ မရှိဘူးလို့ ဆိုပါတယ်။ ဒါပေမဲ့လည်း အသက် ကြီးသူတစ်ပါးက ဆိုပါတယ်။ ယုဒအမျိုးရဲ့ခြင်္သေ့ဟာ စာစောင်ကိုဖွင့်ထိုက်ပါတယ်လို့ ဆိုပါတယ်။ ယောဟန်ကလည်း ခြင်္သေ့ကို ကြည့်ပါတယ်။ အသေ သတ်ခြင်းကို ခံပြီးသော သိုးငယ်ကို သူတွေ့ပါတယ်။ သွေးအလိမ်းလိမ်းနဲ့ သိုးသူငယ်ထွက်လာပြီး စာစောင်ကို ယူပါတယ်။ ပလ္လင်တော်ပေါ်ကို တက်ပြီးထိုင်ချလိုက်ပါတယ်။ ကောင်းကင်ဘုံမှာ ဝမ်းမြောက်ဝမ်းသာနဲ့ ပွဲခံကြပြီး သူတို့ ရဲ့သရဖူတွေကို ချထားပြီး ကိုယ်တော်ရှင် နဲ့ ထိုက်တန်တယ်လို့ ဆိုကြပါတယ်။ ကိုယ်တော်ရှင် ကျွန်တော်တို့ရဲ့ စိတ်နှ လုံးပလ္လင်တော်ပေါ်ကို က်ိုယ်တော်ရှင် လာပါမည့်အကြောင်း ကျွန်တော်တို့ ဆုတောင်းပါတယ်။ ကျွန်တော်တို့ရဲ့ အတွေး အခေါ်တွေအားလုံးကို ကိုယ်တော်ရှင် ယူပါ။ ကျွန်တော်တို့ရဲ့ စိတ်နှလုံးပလ္လင်တော်မှာ ထိုင်ပါ။ နှုတ်ကပတ်တော်ကို ယူပြီး အဲဒီနှုတ်ကပတ်တော်ကို ကျွန်တော်တို့ သိရှိပါမည့်အကြောင်း ကျွန်တော်တို့ကို စကားပြောပါ။ ကိုယ်တော်ရှင်အကြောင်း ပိုမို၍ သိရှိလာနိုင်ဘို့ ကျွန်တော်တို့ရဲ့အသက်တာမှာ ကိုယ်တော်ရှင်ကို သိရှိလာနိုင်ဘ်ို့ ကိုယ်တော်ရှင် မစတော်မူပါ။ သခင် ယေရှုနာမ၌ ကျွန် တော်တို့ ဆုတောင်းကြပါတယ်။ အာမင်။

17 ၁၇။ သမ္မာကျမ်းစာထဲမှာ ဖွင့်ပြီး ဖတ်မယ်ဆိုရင် (ရှင်မဿဲ ၂၁)ကို တွေ့ရပါမယ်။ အဲဒီရှင်မဿဲ အခန်းကြီး ၂၁- ကိုစပြီးတော့ ဖတ်ကြပါ။ ကျွန်တော်တို့ အခန်းငယ် ၁၀-၁၁ ကို ဖတ်ကြပါမယ်။ အိမ်ကို ပြန်သွားတဲ့အခါမှာလည်း ကောင်းမွန်စွာ စိတ်နှလုံး သွင်းကြပါ။ ဒီအားလပ်ရက်တွေမှာ မဖတ်ကြရဘူးဆိုရင် အခုတစ်ခါ ပြန်ပြီး ဖတ်ကြပါ။ အရမ်းကောင်းတဲ့ ကျမ်းပိုဒ် ဘဲ ဖြစ်ပါတယ်။ အားလုံးကောင်းပါတယ်။ အထူးသဖြင့် ဒီလိုရာသီမျိုးမှာ ဒီလိုသတင်းစကားဟာ အင်မတန်သင့်တော် ပါတယ်။ ဒီမနက် သန့်ရှင်းသောဝိညာဉ်တော်က ဒီသတင်းစကားကို ကျွန်တော့်ကို ပြောဘို့စေလွတ်တယ်လို့ ကျွန်တော် ယူဆပါတယ်။ အခန်းငယ် ၁၀နဲ့၁၁ကို သတိထားပြီးဖတ်ပါ။ ယေရုရှလင်မြို့သို့ ဝင်တော်မူသောအခါ တစ်မြို့လုံးအုန့်အုန့် သဲသဲဖြစ်၍ ဤသူကား အဘယ်သူဖြစ်သနည်းဟု မေးမြန်းကြလေ၏။ လူအစုအဝေးတို့က ဤသူသည် ဂါလိလဲပြည် နာဇ ရက်မြို့၌ ပေါ်ထွန်းသော ပရောဖက်ယေရှုပေတည်းဟု ပြောဆိုကြ၏။ ဘုရားသခင်က သူ့ရဲ့နှုတ်ကပတ်တော်ကို ထပ်မံပြီး တော့ ပေါင်းထည့်ပါတယ်။ ဒီကျမ်းချက်နဲ့ပတ်သက်ပြီးတော့ သေသေချာချာ အနက်ဖွင့်ပြီးတော့ ပြောဆိုမယ်ဆိုရင် ..

18 ၁၈။ အဲဒီအချိန်ကာလကိုဘဲ ကျွန်တော်တို့ သိကြပါတယ်။ ဒီကျမ်းချက်နဲ့ ပတ်သက် လို့လည်း ခင်ဗျားတို့ ရင်းနှီးပြီးသား ဖြစ်ပါတယ်။ ယေရုရှလင်မြို့ထဲကို သခင်ယေရှု ဝင်လာတဲ့အချိန်ဘဲ ဖြစ်ပါတယ်။ မြည်းကလေးကို စီးပြီးဝင်လာတဲ့အ ချိန်ဖြစ်ပါတယ်။ ဒဏ္ဍာရီပုံပြင်တစ်ခုထဲမှာတော့ ပြောသံကြားဘူးပါတယ်။ အဲဒီမြည်းကလေးဟာ မြည်း ဖြူကလေးဖြစ်တယ်လို့ ဆိုပါတယ်။ ကျွန်တော်ကတော့ တွေးမိပါတယ်။ ကိုယ်တော်ရှင် ဒုတိယအကြိမ်ကြွလာတဲ့အခါမှာ ဘယ်လိုပုံစံနဲ့ကြွလာမလဲ ဆိုတာကို ကြိုတင်ပြီး နိမိတ် ပုံဖေါ်ထားခြင်း ဖြစ်ပါတယ်။ အဲဒီအချိန်မှာတော့ ပရောဖက်က ပြောပါတယ်။ သင့်ရဲ့ ဘုရင်ဟာ သင်တို့မြို့ထဲကို ဝင်လာတဲ့အခါမှာ မြည်းကလေးကို စီးပြီး နှိမ့်ချပြီး၊ နူးညံ့သိမ် မွေ့တဲ့သဘောနဲ့ ဝင်လာတယ်လို့ ဆိုပါတယ်။ က်ိုယ်တော်ရှင် အဲဒီပုံစံနဲ့ဘဲ လာပါတယ်။ မြည်းကလေးကို စီးပြီးတော့ ဝန်ထုပ်ဝန်ပိုးတွေကို သယ်ဆောင်လာခြင်းဘဲ ဖြစ်ပါတယ်။ နောက်တစ်ခါ ကိုယ်တော်ရှင်ကြွလာတဲ့အခါမှာ ဘုန်းတော်၊ ဂုဏ်တော်နဲ့ကြွလာမှာ ဖြစ်ပါတယ်။ (ဗျာဒိတ် ၁၉) မှာဖေါ်ပြထားပါတယ်။တစ်ကယ်ကြီးမြတ်တဲ့အောင်မြင် သူအဖြစ်နဲ့ ကြွလာမှာ ဖြစ်ပါတယ်။ သူ့ရဲ့ဝတ်ရုံကိုလည်း အသွေး ထဲမှာ နှစ်ထားပါတယ်။ သူက မြင်းဖြူပေါ်မှာ ထိုင်နေပါတယ်။ ကောင်းကင်ဗိုလ်ခြေအားလုံးက သူ့ရဲ့နောက်မှာ ထိုင်လာ ပါမယ်။ မြင်းဖြူတွေစီးပြီး လာကြမှာ ဖြစ်ပါတယ်။ ဒဏ္ဍာရီပုံပြင်အရ ပြောရ မယ်ဆိုရင် ကျမ်းစာအရနဲ့ ပုံပြင်အရ မဟုတ်ပါဘူး။ ဒဏ္ဍာရီအရကိုဆိုရင် သူဟာဆိုရင် မြည်းဖြူကလေးကိုစီးပြီး ယေရုရှလင်မြို့ထဲကို ဝင်လာတယ်လို့ ဆိုထားခြင်းဖြစ်ပါတယ်။

19 ၁၉။ ဒီကျမ်းပိုဒ်ကို ကျွန်တော်ရွေးချယ်ရခြင်း အကြောင်းကတော့ ကျွန်တော်တို့ဟာ အရိပ်ထဲမှာ ရှိနေပါတယ်။ ခရစ်စမတ် အချိန်ကာလထဲမှာဘဲ ဖြစ်နေလို့ပါဘဲ။ ခရစ်စမတ်ပြီးခါစ၊ နှစ်သစ်ထဲကို ရောက်ခါစအချိန်ဘဲ ဖြစ်ပါတယ်။ နှစ်ဟောင်း ကုန်ဆုံးပြီး နှစ်သစ်ထဲကို ရောက်လာတဲ့အချိန်ဘဲ ဖြစ်တယ်။ ရက်အနည်းငယ်အတွင်းက လူပေါင်း မြောက်များစွာတို့ဟာ စာ မျက်နှာအသစ်တွေကို လှန်ကြပါတယ်။ အသစ်သောအရာတွေကို ပြုလုပ်ကြပါတယ်။ ပဋိညာဉ်အသစ်တွေကို ပြုကြပါတယ်။ အဲဒါက နှစ်သစ်ဖြစ်နေလို့ ဖြစ်ပါတယ်။ နှစ်သစ်စတိုင်း လုပ်လေ့လုပ်ထရှိပါတယ်။ ခရစ်စမတ်ကဲ့သို့ မဟုတ်ဘူးလို့တော့ ကျွန်တော်ခံစားရပါတယ်။ ကျွန်တော်ကတော့ ခရစ်စမတ်နေ့လို့ ခေါ်တာထက် စန်တာကလော့စ်နေ့လို့ခေါ်တာ ပိုပြီးနှစ် သက်ပါတယ်။ ဘာကြောင့်လဲဆိုတော့ တစ်ကယ် အနှစ်သာရမရှိဘူးလို့ ကျွန်တော် ယူဆလို့ပါဘဲ။ ခရစ်တော်ရဲ့မွေးနေ့တော့ မဖြစ်နိုင်ပါဘူး။ ဘယ်လိုနည်းနဲ့မှ မဖြစ်နိုင်ဘူးလို့လဲ ကျွန်တော် ထင်ပါတယ်။ ကိုယ်တော်ရှင်ဟာ မတ်လ၊ ဒါမှမဟုတ် ဧပြီလထဲမှာဘဲမွေးဖွားတာ ဖြစ်နိုင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကိုယ်တော်ရှင်ဟာ သိုးသူငယ်ဖြစ်လို့ပါဘဲ။ ကိုယ်တော် ရှင်ဟာ သိုးထီးဖြစ်ပါတယ်။ ကိုယ်တော်ရှင်သည် သိုးထီးနှစ်မှာ မွေးဖွားခြင်း ဖြစ်ပါတယ်။ ဒီဇင်ဘာလမှာ သိုးများ မွေးလေ့မရှိပါဘူး။ ဆောင်းပေါက်ရာသီမှာသာ သိုးများမွေးဖွားပါတယ်။ နောက်တစ်ချက်ပြောစရာကတော့ ယုဒပြည်မှာ ရှိတဲ့ကုန်းမြင့် များဟာဆိုရင် ပေ(၂၀)လောက်နှင်းတွေ ဖုံးလွှမ်းနေပါတယ်။ အဲလိုအချိန်မျိုးမှာ သိုးထိန်းတွေဘယ်လိုလုပ်ပြီး အဲဒီနေရာကို သွားနိုင်မှာလဲ။

20 ၂၀။ ဒါကြောင့်မို့ ရောမတွေရဲ့ ဒဏ္ဍာရီပုံပြင်ကနေလာတဲ့အကြောင်းဘဲ ဖြစ်ပါမယ်။ သူတို့ရဲ့ နေဘုရားမွေးနေ့ဘဲ ဖြစ်ပါ တယ်။ နေဆိုတဲ့ ဆိုလာက ဖြတ်သန်းသွားတဲ့အခါမှာ နေ့ရက်တွေပိုပြီး ရှည်လျားလာပါတယ်။ ညတွေကတော့ ပိုတိုလာ ပါတယ်။ ဒီဇင်ဘာလ ၂၀နဲ့၂၅

ရက်တွေကြားမှာ နေဘုရားတွေရဲ့မွေးနေ့ ဖြစ်ပါတယ်။ ရောမဧတွေရဲ့ဒဏ္ဍာရီ ပုံပြင်များ ဖြစ်ပါ တယ်။ သူတို့ရဲ့ ဘုရားများဟာဆိုရင် သူတို့ဟာ သူတို့ရဲ့နေဘုရားမွေးနေ့ကို ကျင်းပလေ့ရှိပါတယ်။ ကွန်စတင်တိုင်ဟာဆိုရင် အသင်းတော်ရဲ့ဖွဲ့စည်းပုံ အခြေခံဥပဒေကို ရေးဆွဲတဲ့အခါမှာ နိုင်ငံတော်နဲ့အသင်းတော်ကို တစ်ထပ်တည်းထားပါတယ်။ သူ့ပြောဆိုချက်ကတော့ ငါတို့ပြောင်းလဲပစ်လိုက်မယ် ဆိုတာဘဲဖြစ်ပါတယ်။ ဘယ်နေ့ ဘယ်ရက်ဆိုတာ အတိအကျမသိပါဘူး။ နေဘုရားရဲ့ မွေးနေ့ရက်မှာဘဲ ထားလိုက်ပါတယ်။ ဘုရားသားတော်ရဲ့ မွေးနေ့ အဖြစ် ပြောင်းလဲလိုက်ပါတယ်။ ဘယ်နေ့ ဘယ်ရက်ဘုရားသားတော် မွေးနေ့ဖြစ်တယ်ဆိုတာကိုတော့ ကျွန်တော်တို့ မသိကြ ပါဘူး။ ခရစ်တော်ကို ဖယ်ထုတ်လိုက်တာကတော့ များလာပါတယ်။ အားလုံးကို ဖယ်ထုတ်လိုက်ခြင်းဘဲ ဖြစ်ပါတယ်။ ဒဏ္ဍာရီပုံပြင်ကို ပြန်ပြီးတော့ ထည့်ထားပါတယ်။ အသက်ရှင်နေတဲ့ သတ္တဝါအချို့ အဲဒီအထဲမှာ နိကောလလည်း ပါပါတယ်။ ဒါမှမဟုတ် ခရစ္စခရင်းဂဲလ်လို့လည်း ခေါ်ပါတယ်။ ဂျာမန်ဒဏ္ဍာရီပုံပြင်ဘဲ ဖြစ်ပါတယ်။ အဲဒါတွေ အားလုံးဟာ ဒဏ္ဍာ ရီပုံပြင်တွေဘဲ ဖြစ်ပါတယ်။ ခရစ်တော်လုံးဝပါဝင်ခြင်း မရှိပါဘူး။ အဲဒီအချိန်မှာ လူတွေဟာ ဝီစကီတွေဝယ်ကြတယ်။ လောင်း ကစားတွေလုပ်တယ်။ ဖက်ရှင်ရှိုးတွေ လုပ်ကြပါတယ်။ ကုန်သည်တွေဟာဆိုရင် ဒီခရစ်စမတ်အချိန် မှာဆိုရင် ကုန်တွေ အများကြီး ရောင်းရပါတယ်။ ရောင်းရလွန်းလို့ တစ်နှစ်လုံးလုံး ဘာမှမလုပ်ဘဲ ထိုင်စားနေနိုင်ပါတယ်။ တစ်ကယ်ကြီးမားတဲ့ အားလပ်ရက်ကြီးဘဲ ဖြစ်ပါတယ်။ တစ်ကယ့်ကို စီးပွားရေး အားလပ်ရက်ကြီးဘဲ ဖြစ်ပါတယ်။ လမ်းပေါ်မှာ ရှိတဲ့ အင်မတန် ဆင်းရဲတဲ့ကလေးတွေကတော့ သူတို့မိဘတွေက သူတို့ကို ဘာလက်ဆောင်မှ မဝယ်ပေးနိုင်ပါဘူး။ အဲဒီအခါမှာ စန်တာ ကလော့စ် ပေါ်လာပါတယ်။ သူကတော့ လမ်းပေါ်မှာ လျှောက်သွားပြီးသူတို့ရဲ့ ညစ်ပတ်နေတဲ့ လက်ကလေးတွေနဲ့ သူတို့ရဲ့ မျက်လုံးနီနီလေးတွေနဲ့ သူတို့လာတာကို သူကအင်မတန်ဘဲ မုန်းပါတယ်။ အဲဒီနေ့က တော့ ဘုရားသခင်အတွက် ဈေး ရောင်းသူ ဝတ်ပြုကိုးကွယ်တဲ့နေ့ဘဲ ဖြစ်နေပါတယ်။ နှလုံးသားနာကျဉ်နေတာတွေ ခေါင်းကိုက်နေတာတွေ အားလုံးဖြစ်ပေါ် စေပါတယ်။ ခရစ်တော်နဲ့ ဘာမှမပတ်သက်ပါဘူး။ ကျွန်တော်တို့ဟာ အဲဒီလိုမျိုး ခရစ်စမတ်ကို အခုလက်တွေ့ ကြုံတွေ့နေ ရပါတယ်။ ခရစ်တော်မပါတဲ့ မွေးနေ့ပွဲဘဲ ဖြစ်ပါတယ်။

21 ၂၁။ ကျွန်တော်တို့ကိုယ် ကျွန်တော်တို့ ပြန်လည်ဆန်းစစ်မယ်ဆိုရင် အဲဒီအခါက သူတို့လိုဘဲ ဖြစ်ပါတယ်။ ကိုယ်တော်ရှင် ကြွလာတော်မူတဲ့အခါမှာ စားပွဲသောက်ပွဲခံယူလျှက် ရှိပါတယ်။ အဲဒီအချိန်မှာလည်း ကိုယ်တော်ရှင်က ကြွလာပါတယ်။ တစ်ကယ်ဘဲ ပသခါပွဲနေ့ကြီးမှာ ကိုယ်တော်ရှင် ယေရုရှလင်မြို့ထဲကို ဝင်လာခြင်း ဖြစ်ပါတယ်။ သူနဲ့ပတ်သက်လို့ ပရောဖက်ပြုထားတဲ့ အချက်အလက်တွေ အားလုံးပြည့်စုံစေပါတယ်။ သမ္မာကျမ်းစာထဲမှာ ပါဝင်သမျှ အရာအားလုံးဟာလည်း အဓိပ္ပါယ်ရှိပါတယ်။ နံမည်တိုင်းမှာလည်း အဓိပ္ပါယ်ရှိပါတယ်။ ဘာမှအဓိပ္ပါယ်မရှိဘဲနဲ့ သမ္မာကျမ်းစာထဲမှာ ရေးသားထား တဲ့အရာ တစ်ခုမှမရှိပါဘူး။

တစ်နေ့ညက တက္ကစင်မှာ ကျွန်တော်တို့ ပြောခဲ့ပါတယ်။ တရားဟောချက် နံမည်ကတော့ သီဩော်လော်ဂျီပညာရှင်များအစား ဘာကြောင့် သိုးထိန်းများဖြစ်ရပါ သနည်း ဆိုတဲ့ ခေါင်းစဉ်နဲ့ဘဲ ဖြစ်ရပါတယ်။ သူဟာ ဘုရားရှိခိုးကျောင်းရဲ့ ဘေးမှာဘဲ မွေးပါတယ်။ သန့်ရှင်းသောဝိညာဉ်တော်က သူ့ကို တောထဲကို ဆောင်ယူသွားပါတယ်။ သီဩော်လော်ဂျီပညာရှင်များကို မရွေးကောက်ပါဘူး။ သိုးထိန်းများကိုသာ ရွေးကောက် ပါတယ်။ ထိုနည်းအတိုင်း ဖြစ်ရမှာ ဖြစ်ပါတယ်။ သီဩော် လော်ဂျီပညာရှင်များကတော့ အဲဒီလို သတင်းစကားမျိုးကို ယုံကြည်လက်ခံကြမှာ မဟုတ်ပါဘူး။ သိုးထိန်းများဘဲ ဖြစ်ရပါမယ်။

လွန်ခဲ့တဲ့နှစ်အနည်းငယ်အတွင်းက ကျွန်တော်ဒီမှာ တရားဟောခဲ့ဘူးပါတယ်။ ဗက်လင်မြို့ ကလေး ဘာကြောင့်ဖြစ်ရသလဲဆိုတဲ့ ခေါင်းစဉ်ကလေးဘဲ ဖြစ်ပါတယ်။ ကိုယ်တော်ရှင် အလိုတော်ရှိပါက နောက်နှစ် ခရစ်စမတ်မှာ ကျွန်တော်တရားဟောချင်ပါသေးတယ်။ ဘာကြောင့်ပညာရှိတွေဖြစ်ရပါသလဲ ဆိုတဲ့ခေါင်းစဉ် နဲ့ဘဲဖြစ်ပါ တယ်။ ဒီလို ဘာကြောင့်၊ ဘာကြောင့်ဆိုတဲ့ မေးခွန်းတွေနဲ့ မေးနေရတဲ့ အကြောင်းကတော့ အဖြေတွေရှိနေလို့ပါဘဲ။ သမ္မာကျမ်းစာထဲမှာ အဖြေတွေရှိပါတယ်။ ကျွန်တော်တို့အသက်ရှင်နေတဲ့ကာလကတော့ အင်မတန်ဘဲ အံ့ဩဘွယ်ကောင်း တဲ့ အချိန်ကာလဘဲ ဖြစ်ပါတယ်။ ခေတ်ကာလတွေအားလုံးထဲမှာ အကြီးမားဆုံးသော ခေတ်ကာလဘဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ အသက်ရှင်နေတဲ့ အချိန်ကတော့ တဖြည်းဖြည်းနဲ့ ကုန်ဆုံးသွားနိုင်တဲ့အချိန်ဘဲ ဖြစ်ပါတယ်။ ထာဝရကာလဟာ ဝင်ရောက်လာနိုင်တဲ့အချိန် ဖြစ်နေပါပြီ။ ဆက်လက်ပြီးတော့ ထာဝရကာလအတိုင်း ရှိသွား ဘို့ဖြစ်ပါတယ်။ ခေတ်ကာလတစ်လျှောက်တိုင်းမှာရှိတဲ့ ပရောဖက်တွေအားလုံးနဲ့ အစဉ်အလာအရ ပြောဆိုတဲ့စကားတွေ အားလုံးက မျှော်လင့် နေကြ ပါတယ်။ ကျွန်တော်တို့ အချိန်တိုင်းနာရီတိုင်းမှာ သတိနဲ့ရှိနေသင့်ပါတယ်။ ကိုယ်တော်ရှင် ကြွလာမဲ့အချိန် ကို မျှော်လင့်လျှက် ရှိနေကြရပါမယ်။

22 ၂၂။ဒီခရစ်စမတ်အချိန်မှာ ကျွန်တော်တို့ စဉ်းစားရမဲ့အရာကတော့ ပထမဆုံး ခရစ်စမတ်အချိန်ကာလက ကဲ့သို့ဘဲ စဉ်းစားရမှာ ဖြစ်ပါတယ်။ ကမ္ဘာလောကကြီးဟာ ပျက်စီးလုနီးပါး ဖြစ်နေပါပြီ။ တစ်ခါက ကျွန်တော် တရားဟောခဲ့သလိုပါဘဲ။ တစ်နေရာ မှာ ခရစ်စမတ်တရားဟောချက်ကလေး ဟောခဲ့ဘူးပါတယ်။ ခေါင်းစဉ်ကတော့ ကမ္ဘာ လောကကြီးဟာ ပျက်စီးတော့မယ်ဆိုတဲ့ ခေါင်းစဉ်ကလေးဘဲ ဖြစ်ပါတယ်။ ကမ္ဘာ လောကကြီးဟာ အစိတ်စိတ်အမွှာမွှာ ဖြစ်ဘို့ နီးကပ်လာပါပြီ။ ငလျင်လှုပ်တာတွေကို ကြည့်ပါ။ ကယ်လီဖိုးနီးယားပြည်နယ်မှာ ငလျင်လှုပ်သွားပါတယ်။ ကျွန်တော် ကြိုတင် ပြီး ဟောပြောခဲ့ပါတယ်။ ကိုယ်တော်ရှင် မကြွလာတော်မူခင်မှာ အဲဒီနေရာကို ဘုရား သခင်က မြှုပ်နှံလိုက်ပြီးလို့ ကျွန်တော်က ပြောပါတယ်။ ဟောလီးဝုဒ်နဲ့လော့စ်အင်ဂျ လီးစ် အဲဒီနေရာတွေက အင်မတန်ညစ်ညူးတဲ့နေရာတွေ ဖြစ်ပါ တယ်။ ဘုရားသခင်က အဲဒီနေရာတွေကို နစ်မြှုပ်ပစ်လိုက်ပါမယ်။ ဟိုးပင်လယ်ကြမ်းပြင်အောက်ကို သူတို့ နစ်မြှုပ်သွားမှာပါ။ အပြစ်သိပ်များပါတယ်။ အတားအဆီးဖြစ်နေပါတယ်။

လူ့အဖွဲ့အစည်းကြီးမှာနေနဲ့အတူ တိုက်သွားပြီး ဖြစ်ပါသည်။ အရှေ့မှနေထွက် ပြီး အနောက်သို့ နေဝင်သွားပါသည်။ ယခုအခါမှာ အနောက်ဖက်ကမ်းခြေမှာ ရှိပါသည်။ ထွက်ပြီးတော့ သွားမယ်ဆိုရင် အရှေ့ဖက်ကို တစ်ခါပြန်ရောက်လာမှာဖြစ်ပါတယ်။ အဲဒါဟာ အတားအဆီးဘဲ ဖြစ်ပါတယ်။ အပြစ်ဟာဆိုရင် လူ့အဖွဲ့အစည်းနဲ့အတူ လှည့်ပတ်ပြီး သွားလာနေပါတယ်။ ခေတ်ကာလအဆက်ဆက်မှာ အပေါက်ကြီး တစ် ပေါက်ကဲ့သို့ ဖြစ်နေပါတယ်။ သူတို့လုပ်သမျှအရာတွေအားလုံး ခေတ်ကာလအဆက် ဆက်လူသားတွေလုပ်သမျှအရာတွေ၊ စဉ်းစားတဲ့ အရာတွေ၊ မစဉ်းစားဘဲနဲ့ တွေးတောခဲ့ တဲ့အရာတွေအားလုံးဟာ အဲဒီတွင်းကြီးထဲကို ရောက်သွားပါတယ်။ အမျိုးသမီးတွေက

လည်း သူတို့ကိုယ်သူတို့ ညစ်ညူးစေပါတယ်။ ဘယ်ခေတ်ကာလမှ ဒီလောက်ထိ ဒီနေ့ ရက်ကာလထိ ပျက်စီးစေတဲ့အရာ ညစ်ညူးစေတဲ့အရာ မရှိကြပါဘူး။ ဒါနဲ့ဘဲ ကိုယ့်ကိုယ် ကို ခရစ်ယာန်လို့ ခေါ်ကြသေးတယ်။ မည်မျှ အမင်္ဂလာဖြစ်ပါသလဲ။

23 ၂၃။ ပရောဖက်ကြီးတစ်ပါး ပေါ်ထွက်လာပြီး ပြောပါတယ်။ ငါဟာ ပရောဖက်လည်း မဟုတ်ပါဘူး။ ပရောဖက်ရဲ့ သားလည်း မဟုတ်ပါဘူးလို့ ဆိုပါတယ်။ ခြင်္သေ့က ဟိန်းဟောက်ပါတယ်။ ဘယ်သူက မကြောက်ဘဲ နေနိုင်မှာလဲ။ ဘုရား သခင်မိန့်တော်မူပါတယ်။ ပရောဖက်ပြုခြင်းကနေပြီးတော့ ဘယ်သူတားဆီးနိုင်မှာလဲ။ ရွေးချယ်ခြင်း ခံရတဲ့သူတွေကိုတော့ ဆင့်ခေါ်ရမှာဘဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီကမ္ဘာလောကကြီးက အင်မတန်အရေးကြီးနေတဲ့အချိန်ကို ရောက်နေပါပြီ။ ကျွန်တော်တို့မှာ အင်မတန်မှ အလွန်ပင်ပြောဆိုရခက်သော ကမ္ဘာ လောကကြီးထဲမှာ အသက်ရှင်ရပါတယ်။ သို့သော်လည်း အသင်းတော်မှာ တစ်ကယ်စစ် မှန်သောအသင်းတော်ကို ဆိုလိုပါတယ်။ ဂိုဏ်းဂဏကို ပြောဆိုခြင်း မဟုတ်ပါဘူး။ အသင်း တော်ကိုယ်တိုင် အဆင်သင့်ဖြစ်ပြီး အကြီးမားဆုံး အောင်မြင်မှုရရှိနိုင်ရန်အတွက် ဖန်တီးခြင်း ခံရပါတယ်။ သတို့သမီးထံသို့ သတို့သားက ပြန်လာမဲ့အချိန်ဘဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ တစ်သီးတစ်ခြားစီ ခွဲထွက်လာပြီ ဖြစ်ပါတယ်။ ကျွန်တော်တို့ မေရှိယကို ရှာဖွေရန်အတွက် ဖြစ်ပါတယ်။ ကြွလာတော်မူမဲ့ မေရှိယဖြစ်ပြီး ကျွန်တော်တို့ ကို ကယ်တင်မဲ့အရှင် ဖြစ်ပါတယ်။ အရာအားလုံးလက်မှ ကျွန်တော်တို့ကို လွတ်မြောက်စေပါ။ အရှေ့မှလာသော ဒုက္ခဆင်းရဲများပင် ဖြစ်ပါတယ်။ ပေါ်ထွက် လာမဲ့ အာဖရိကမှ အရာများကို ကျွန်တော်တို့ ကြည့်နေပါတယ်။ လူမျိုးရေးဆိုင်ရာ ပြဿနာများ မညီမညွတ်မှုများ၊ ကွဲပြားမှုများဘဲ ဖြစ်ပါတယ်။ ကျွန်တော်တို့အားလုံး ရှုပ်ထွေးပြီးတော့ ဟိုးလွန်ခဲ့တဲ့ အချိန်ကစပြီးတော့ ပြဿနာဖြစ်ပါတယ်။ ကျွန်တော်တို့နဲ့ အသားအရေမ တူညီတဲ့ ညီအကိုများအတွက်ဘဲ ဖြစ်ပါတယ်။ ကျွန်တော်တို့အားလုံး စည်းလုံးညီညွတ်ဘို့ လိုပါတယ်။ ကျွန်တော်တို့ လိုအပ်တဲ့အရာဟာလည်း အဲဒါဘဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ တစ်ယောက်နဲ့တစ်ယောက် စည်းလုံးညီညွတ်ဘို့လိုပါတယ်။ လူသားတိုင်းတန်းတူညီမျှ ရရှိမဲ့ အခွင့်အရေးဘဲ ဖြစ်ပါတယ်။ အဲဒါတွေအားလုံးဟာလည်း အပြစ်အနာအဆာ ကင်းမဲ့စွာနဲ့ဘဲ အားလုံးမှန်ကန်ပါတယ်။ ကျွန်တော်ဟာ ကျွန်အဖြစ်ခံရခြင်းကို မယုံကြည်ပါဘူး။ လူတွေ ဟာလည်း ကျွန်ဖြစ်ဘို့ အသက်တာနဲ့ မစတင်ပါဘူး။ သူတို့ဟာ ကျွန်တွေ မဟုတ်ကြပါဘူး။

24 ၂၄။ ဘုရားသခင်ကတော့ လူတွေကို သီးသန့်ခွဲခြားထားချင်တဲ့ဘုရားဘဲဖြစ်ပါတယ်။ ကျွန်တော်လည်း ထိုနည်းငှင်းဘဲ ဖြစ်ပါတယ်။ ဘယ်ခရစ်ယာန်မဆို ခွဲခြားပြီး သီးသန့်နေရမှာပါ။ ဘုရားသခင်က ကျုန်တဲ့လူတွေအားလုံးနဲ့ မိမိရဲ့လူတွေကို ခွဲခြားထားပါတယ်။ သူတို့ဟာ အမြဲတမ်းဘဲ သီးသန့်ခွဲခြား မှတ်သားထားတဲ့သူတွေဘဲ ဖြစ်ပါတယ်။ ကိုယ်တော်ရှင်ဟာ နိုင်ငံတော်ကို ရွေးချယ်ခဲ့ပါတယ်။ လူမျိုးတော်ကိုလည်း ရွေးချယ်ခဲ့ပါတယ်။ သူဟာဆိုရင် ခွဲခြားထားပြီး သီးသန့် ထားချင် တဲ့သူဘဲ ဖြစ်ပါတယ်။ သူဟာ နိုင်ငံတွေအားလုံးကို ဖန်ဆင်းခဲ့တဲ့ဘုရားဘဲ ဖြစ်ပါတယ်။ သို့သော်လည်း တစ်ကယ်စစ် မှန်တဲ့ခရစ်ယာန်များကတော့ သီးသန့်ခွဲခြားထားခြင်း ဖြစ်ရပါမယ်။ ကမ္ဘာလောကကြီးနဲ့ ဆိုင်တဲ့အရာတွေကတော့ မိမိကိုယ် ကိုမိမိ ခွဲခြားထားရမယ် ဖြစ်ပါတယ်။ အရာခပ်သိမ်းနဲ့လည်း ခွဲခြားထားရမှာ ဖြစ်ပါတယ်။ သခင်ယေရှုခရစ်တည်းဟူသော တစ်ခုတည်းသော ရည်ရွယ်ချက်ကို ရောက်ရှိဘို့ရန်ဘဲ ဖြစ်ပါတယ်။

သူတို့က ထိုအရာနဲ့ပတ်သက်ပြီးတော့ ကျွန်တော် ရှင်းပြဘို့ ကြိုးစားပါတယ်။ ကျွန်တော်တို့နိုင်ငံကို ကယ်တင်ဘို့ ကြိုးစားတာတော့ အဲဒါမဟုတ်ပါဘူး။ အဲဒါကတော့ နိုင်ငံရေးလမ်းစဉ်ဘဲ ဖြစ်ပါတယ်။ အဲဒါက ကွန်မြူနစ်နောက်ခံဘဲ ရှိပါတယ်။ မာတင်လူသာကင်းမ်က လူတွေကို ဦး ဆောင်ပြီးတော့ အင်မတန်ကြီးမားတဲ့လူအုပ်ကြီး သေကျေပျက်စီးရမဲ့ အဖြစ်မျိုးရောက်သွားမှာပါ။ စသည်ဖြင့် သူတို့က ပြော ပါတယ်။ အဲလိုလုပ်ခြင်းအားဖြင့်လည်း ကမ္ဘာလောကကြီးကို တစ်စည်းတစ်လုံးတည်း ဖြစ်အောင် မလုပ်နိုင်ပါဘူး။ ကျွန်တော်တို့အားလုံးကိုလည်း ကယ်နိုင်မှာ မဟုတ်ပါဘူး။ သူတို့ကို ညီညွတ်ဖို့ ကျွန်တော် ခွင့်ပြုပါတယ်။ ဒါပေမဲ့လည်း မညီညွတ်တဲ့အပြင် ပိုဆိုးသွားပါတယ်။ အဲဒါဟာ မေးခွန်းဘဲ မဟုတ်ပါလား။ အဲဒါနဲ့ပတ်သက်လို့ တစ်ခုဘဲရှိပါတယ်။ အဲဒါဟာ ဘုရားသခင်ဘဲ ဖြစ်ပါတယ်။ သူတို့လည်း တစ်ကယ်ဘဲ အဲဒါကို မလိုလားပါဘူး။ သူတို့က ကိုယ်တော်ရှင်ကို မလိုလားပါဘူး။

သူတို့ဟာ တစ်ဦးနဲ့တစ်ဦး ကွဲပြား ကွဲပြဲနေကြပါတယ်။ သူတို့ရဲ့ နိုင်ငံရေးတွေကလည်း တစ်ယောက်နဲ့တစ်ယောက် မညီမ ညွတ်ဖြစ်ပါတယ်။ သူတို့ရဲ့နိုင်ငံတွေလည်း ကွဲပြားနေကြပါတယ်။ သူတို့ရဲ့အသင်းတော်လည်း ကွဲပြားနေပါတယ်။ သူတို့ဟာ မေရှိယကို ဟာစ်အော်ပါတယ်။ ကိုယ်တော်ကို လိုလားပါတယ်။ ကျွန်တော်တို့အတွက် မေရှိယကို စေလွတ်ပါလို့ ဆိုပါတယ်။ ဒါပေမဲ့ လည်း ကိုယ်တော်ရှင် ကြွလာတဲ့အခါမှာ ...

25 ၂၅။ ဘုရားသခင်က သင့်ရဲ့အဖြေ၊ သင့်ရဲ့ဆုတောင်းချက်တွေကို အဖြေပေးပါတယ်။ သင်က ဆုတောင်းတယ်။ သင်ရမှာ ဖြစ်ပါတယ်။ ကျွန်တော် ဒီနေရာမှာ အကြာကြီး ရပ်ထားလို့ ဖြစ်ပါတယ်။ အမျိုးသားတွေ၊ အမျိုးသမီးတွေ၊ ခရစ်ယာန်တွေ တစ်စုံတစ်ရာ အတွက်ဘဲ ဆုတောင်းတယ်ဘဲဆိုကြပါစို့။ ဘုရားသခင်က အဖြေပေးပါတယ်။ အဖြေပေးမှန်းတောင် သူတို့ မသိကြပါဘူး။

ယခုအခါမှာ သူတို့ကို ဘုရားရှင်က အဖြေပေးပါတယ်။ သူတို့က မေရှိယကို လိုလားပါတယ်။ သူတို့မှာ စီဇာတွေရှိတယ်၊ ဒါဝိဒ်တွေ၊ ရှောလမုန်တွေ ရှိပါတယ်။ ပညာတတ်တွေ ရှိတယ်။ ဒါဝိဒ်တွေ အများကြီးရှိပါတယ်။ အင်မတန် တိုက်ရည်ခိုက်ရည် ရှိတံစစ်သူကြီးတွေ ရှိပါတယ်။ သူတို့မှာ အားလုံးရှိပါတယ်။ ဒါပေမဲ့လည်း သူတို့ကို ကောင်းကင်ကနေ အကူအညီလိုပါတယ်။ သူတို့ကို မေရှိယပေးဘို့ ဘုရားသခင်က ကတိပေးခဲ့ပါတယ်။ ကိုယ်တော်ရှင်ကလည်း မေရှိယကို စေလွှတ်ပါတယ်။ သူတို့ဆုတောင်းချက်ရဲ့ အဖြေဘဲ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း ကိုယ်တော်ကို သူတို့က မလိုလားပါဘူး။

26 ၂၆။ ယနေ့ ကျွန်ုပ်တို့ရဲ့ ဆုတောင်းချက်တွေကို သူတို့ဘာဖြေပေးသလဲဆိုတာကို သင်တို့ကြားရမှာ ဖြစ်ပါတယ်။ ကြီးမားတဲ့ နိုးထမှုကြီးရအောင် ဆုတောင်းပေးပါ။ ဒါအတွက် ဆုတောင်းပေးပါ။ ပွဲတော်စားဘို့အတွက် ဆုတောင်းပေးပါ။ တညီတညွတ် တည်း စည်းလုံးညီညွတ်မှု ရရှိဘို့အတွက် ဆုတောင်းပေးပါ။ ဘုရားသခင်ဟာ ထိုကဲ့သို့ အစီအစဉ်မျိုးရှိပြီး စေလွတ်မယ်ဆိုရင် ကျွန်တော်ကလည်း လက်ခံမယ်ဆိုရင် ကိုယ် တော်ရှင် ကျွန်ုပ်တို့ထံသို့ စေလွတ်လိုက်တဲ့အရာကို ကျွန်ုပ်တို့လက်ခံဘို့အတွက် ကိုယ် တော်ရှင် ဆုတောင်းပေးပါတယ်။ ဒီအကြောင်းအရာတွေအတွက် ဆုတောင်းပေးရတဲ့ အကြောင်းရင်းကတော့ အဲဒါတွေ လိုတယ်ဆိုတာ ကျွန်တော်တို့

သိလို့ဘဲ ဖြစ်ပါတယ်။ ဘုရားသခင်က အဲဒီနည်းလမ်းနဲ့ ပို့ပေးလိုက်တယ်ဆိုရင် သူလည်း အလိုရှိလို့ဘဲ ဖြစ် ပါတယ်။ ကျွန်တော်တို့ရဲ့ ပြည်းစမ်းဘို့အတွက် မဟုတ်ပါဘူး။ ကျွန် တော်တို့လည်းရရှိမှာ မဟုတ်ပါဘူး။ အဲဒီနေ့ရက်ကာလက အဲဒီနည်းလမ်းအတိုင်း မဟုတ်ပါဘူး။ သူတို့ရဲ့ ယုံကြည်ခြင်း တွေအတွက် ပြည်းစမ်းဘို့လည်း မဟုတ်ပါဘူး။ ကိုယ်တော်ရှင်ကို သူတို့က ထပ်မံ၍ လက်ခံဦးမှာ မဟုတ်ပါဘူး။ ဒီမေးခွန်းကို မေးရတဲ့ အကြောင်းရင်း တွေဘဲ ဖြစ်ပါတယ်။ ဤသူဟာ မည်သူ ဖြစ်ပါသနည်း။ ဒီလူဟာ ဘယ်သူဖြစ်သလဲ။ အခုကြွ လာတော့မဲ့သူဟာ ဘယ်သူဖြစ်ပါသလဲ။ အလွန်အရေးကြီးတဲ့အချိန် ရောက်နေပါပြီ။ လူတိုင်းစိတ်လှုပ်ရှားနေပါတယ်။ တစ်စုံတစ်ခု ဖြစ်ပေါ်လာတော့မယ် ဖြစ်ပါတယ်။

27 ၂၇။ ယနေ့ ကမ္ဘာလောကကြီးကို ကြည့်ပါ။ ကျွန်တော်တို့ အသက်ရှင်နေထိုင်တဲ့ ကမ္ဘာလောကကြီး တစ်ခုလုံးဟာ စိတ်လှုပ်ရှားဘွယ်ရာဘဲ ဖြစ်ပါတယ်။ လမ်းထဲကို သင်ဆင်းသွားပါ။ ကားမောင်းသွားဘို့တောင် စိတ်မချရပါဘူး။ အဝေးပြေး လမ်းမကြီးပေါ်မှာ စိတ်ချလက်ချမမောင်းနိုင်ပါဘူး။ လူတိုင်းဟာ စိတ်လှုပ်ရှားနေရပါတယ်။ စိတ်ပူနေရပါတယ်။ ဘာဖြစ် နေလို့လဲ။ တိတ်တိတ်နေပါ။ သင်ဘယ်သွားနေပါသလဲ။ စိတ္တဇဆေးရုံမှာလည်း လူတွေပြည့်ကျပ်နေပါတယ်။ အသင်း တော်ကလည်း အဲလိုမျိုး ရှုပ်ရှက်ခတ်နေရပါတယ်။ တစ်စုံတစ်ရာအတွက် သူတို့အရမ်း ဦးနှောက်စားနေကြပါတယ်။ ဘုရား သခင်ရဲ့ နှုတ်ကပတ်တော်ကို သူတို့ကမစဉ်းစားကြပါဘူး။ ကျွန်တော်တို့ အသက်ရှင်နေထိုင်ကြရတဲ့အချိန်ဟာဆိုရင် အင်မ တန်မှ စိတ်လှုပ်ရှားဘွယ် စိတ်ညစ်ညူးဘွယ် စိတ်ဖိစီးမှု ခံရတဲ့အချိန်မျိုးဘဲ ဖြစ်ပါတယ်။

28 ၂၈။ အခုအခါမှာ ကျွန်တော်တို့ သိပါတယ်။ ကျွန်တော်တို့ သတိထားမိပါတယ်။ ကမ္ဘာလောကကြီးဟာဆိုရင် မီးဖွားခါနီး ခံစားရတဲ့ အင်မတန်မှနာကျဉ်မှုမျိုးဘဲ ဖြစ်ပါတယ်။ အသင်းတော်ကလည်း တစ်ကယ်ဘဲမီးဖွားခါနီးအဲလိုဘဲ နာကျဉ်မှုမျိုး ကိုခံစားရပါတယ်။ မီးမဖွားမီခံစားရတဲ့ နာကျဉ်မှုမျိုးကို ခံစားရမှာဘဲ ဖြစ်ပါတယ်။ ပရောဖက် တစ်ပါးစီကလည်း ကမ္ဘာ လောကကြီးကို ရောက်လာတဲ့အခါမှာ အသင်းတော်အတွက် နာကျဉ်ခံစားခဲ့ရပါတယ်။ ကမ္ဘာလောကကြီးမှာ ပထမ ကမ္ဘာစစ်ကြီးကို ရင်ဆိုင်ခံစားနေရခြင်းခံရပြီး ဒုတိယကမ္ဘာစစ်ကိုလည်း ရင်ဆိုင်ခံရ ခဲ့ရပြီးပြီ ဖြစ်ပါတယ်။ ယခုအခါ မှာ တတိယကမ္ဘာစစ်အတွက် အဆင်သင့် ဖြစ်နေပါ တယ်။ နာကျဉ်ခံစားမှုအချိန် ရောက်နေပါပြီ။ ဒါပေမဲ့လည်း ငြိမ်သက်ခြင်းကို ယူဆောင်လာနိုင်မဲ့ အရာတစ်ခုတည်းဘဲ ရှိပါတယ်။ အဲဒါကတော့ ခရစ်တော်ဘဲ ဖြစ်ပါတယ်။

ကျွန်တော်တို့ရဲ့ အစီအစဉ် တွေအားလုံး အတွေးအခေါ်တွေအားလုံး ကျွန်တော်တို့ရဲ့ဘုရားကျောင်း အဆောက်အဦတွေ၊ ကျွန်တော်တို့ရဲ့နိုင်ငံရေးတွေ ပညာရပ်တွေအား လုံးဟာဆိုရင်လည်း ဘာမှအဓိပ္ပါယ်မရှိတာကို သိနေရပါတယ်။ ကျွန်တော်တို့ဟာ ဘုရားဆု တောင်းပါတယ်။ ဘုရားသခင် ကျွန်တော်တို့ကို ကူညီဘို့ ဆုတောင်းအယူခံဝင် ကြပါတယ်။ ကိုယ်တော်ရှင် ကြွလာပြီး ကျွန် တော်တို့အတွက် တစ်စုံတစ်ခု ပြုလုပ်ပေးပါ။ ကိုယ်တော်ရှင် ပြုလုပ်တဲ့အခါမှာ ကျွန်တော့်အတွက် အံ့ဘွယ်ရာ ဖြစ်ပါတယ်။ နားမလည်နိုင်ပေမဲ့လည်း လက်ခံရတဲ့ အခြေအနေမျိုးမှာ ရှိပါတယ်။ ဒါမှမဟုတ်ရင် ကျွန် တော်တို့ စူးစမ်းရမှာဘဲ ဖြစ်ပါတယ်။

29 ၂၉။ သူတို့ရဲ့ နေ့ရက်ကာလများက အဲဒီလိုမျိုး ဖြစ်ပျက်ခဲ့ပါတယ်။ သူတို့ဆုတောင်းခဲ့ပါတယ်။ သူတို့မှာလည်း ခေါင်း ဆောင်တွေ အမျိုးမျိုးရှိခဲ့ပါတယ်။ အစိုးရအဖွဲ့တွေ လက်အောက်ခံတွေဖြစ်တယ်။ ဘုရင်တွေရဲ့ လက်အောက်ခံ တွေလည်း ဖြစ်တယ်။ သူတို့ဟာ အရာခပ်သိမ်းရဲ့ လက်အောက်ခံတွေလည်း ဖြစ်ခဲ့ရပါတယ်။ တရားသူကြီးတွေရဲ့ အုပ်ချုပ်မှုကိုလည်း ခံခဲ့ရပါတယ်။ ဒါပေမဲ့လည်း သူတို့ကိုကယ်တင်နိုင်ဘို့ မေရှိယတစ် ပါးကြွလာရမယ်ဆိုတာကို သူတို့ သိပါတယ်။ မေရှိယရဲ့အဓိပ္ပါယ်ကတော့ ဘိသိတ်ခံသူဘဲ ဖြစ်ပါတယ်။ ဘိသိတ်ပေးခြင်း ခံရတဲ့ လူသားဘဲ ဖြစ်ပါတယ်။ အဲဒီလူသားဟာ နှုတ်က ပတ်တော်နဲ့ ဘိသိတ်ပေးခြင်း ခံရပါတယ်။ နှုတ်ကပတ်တော်ဟာ ကျွန်ုပ်တို့အလယ်မှာ သွေးသားဇာတိ ခံယူရပါတယ်။ သူကြွလာတော်မူတဲ့အခါမှာ သူတို့ကို ကိုယ်တော်ရှင် ပြည်းစမ်းလိုတဲ့အတိုင်းဘဲ ဖြစ်ပါတယ်။ သူတို့မှာ ရှိနေတဲ့ အရသာအတိုင်းတော့မဟုတ် ပါဘူး။ ကိုယ်တော်ရှင် ကြွလာတော်မူသင့်ပါတယ်။ သူတို့ကလည်း ငိုကြွေးပြီးတော့ ဤပုဂ္ဂိုလ်ဟာ မည်သူဖြစ်သလဲလို့ မေးပါတယ်။ ဂိတ်တံခါးဝမှာ လယ်သမားအုပ်စုတွေ ရောက်နေတယ်။ ထန်းပင်ကို ချိုးနေသည်။ အဲဒီလူတွေဟာ ဘယ်သူတွေလဲ စသည်ဖြင့် သူတို့က မေးပါတယ်။

သူကလည်း မေးပါတယ်၊ သူတို့ငြိမ် သက်ခြင်းကို ဘာကြောင့် ချုပ်ကိုင်ထားရပါသလဲ။ သူတို့ဟာ ကျွန်တော်တို့ကို စိတ်လှုပ်ရှားစေပါတယ်။ သူတို့ အော်ဟစ်တယ်။ ခုန်ပေါက် ကခုန်နေပါတယ်။

သူကလည်းဘာပြောလဲဆိုတော့ သူတို့ငြိမ်သက်ခြင်းကို သူတို့ရရှိထား ပါတယ်။ သူတို့ရဲ့ ကျောက်တွေဟာလည်း ဒီလိုဘဲ ရုတ်တရက် ဟစ်အော်ငိုကြွေးမှာဘဲ ဖြစ်ပါတယ်။

30 ၃၀။ အချိန်ဟာ တစ်ဖြည်းဖြည်းနဲ့ ပေါ်ထွက်လာပါတယ်။ ပရောဖက်ပြုခြင်းဟာလည်း ပြည့်စုံသွားပါပြီ။ အံ့သြဘွယ် မဟုတ်ပါဘူး။ ခြင်္သေ့က ဟိန်းဟောက်ပါတယ်။ ဘယ်သူက မကြောက်ဘဲနေမလဲလို့ ပြောပါတယ်။ ဘုရားသခင်က ဘာပြော လဲဆိုတော့ ပရောဖက်မပြုဘဲ ဘယ်သူနေနိုင်မှာလဲလို့ ပြောပါတယ်။

ကိုယ်တော်ရှင်ဟာ ကျွန်တော်တို့ နှစ်သက်တဲ့သူ မဟုတ်ခဲ့ဘူးဆိုရင် ကိုယ်တော် ရှင်ကို ကျွန်တော်တို့ လိုတဲ့အတိုင်း မဖြစ်ပါဘူး။ ကျွန်တော်တို့ထင်တဲ့ ပုံစံမျိုးနဲ့လည်း သူက ကြွလာတာ မဟုတ်ပါဘူး။ ကျွန်တော်တို့ကလည်း ကိုယ်တော်ရှင်ကို လက်မခံပါ ဘူး။ သူတို့ရဲ့ယုံကြည်ချက်တွေ အားလုံးဟာ ရေးသားထားတဲ့ နှုတ်ကပတ်တော်တွေဘဲ ဖြစ်ပါတယ်။ သူတို့ဟာ အလွန်ဘဲ ဝေးကွာလှပါတယ်။ ကိုယ်တော်ရှင်ကို အသိအ မှတ် ပြုဘို့ သူတို့မအောင်မြင်ပါဘူး။ ကိုယ်တော်ရှင် ကြွလာတော်မူဘို့ သူတို့ဆုတောင်းခဲ့ ပါတယ်။ သူတို့ရဲ့အသင်းတော် တွေဟာ ပျက်စီးသွားပြီး ဖြစ်ပါတယ်။ သူတို့ ဆုတောင်းတဲ့ အရာကို သူတို့ရရှိတာကို သူတို့မသိဘူး။ သူတို့အဲဒီအရသာကို မခံစားတတ်ဘူး။ သူတို့ မယုံကြည်နိုင်လောက်အောင် ဖြစ်ပါတယ်။ နှုတ်ကပတ်တော်ကနေ သူတို့ကို ဝေးကွာသွားပါတယ်။

အရာတစ်ခုဘဲရှိပါတယ်။ ခရစ်တော်ကို တွေ့ရတဲ့အခါ ကိုယ်တော် ရှင်ကို လက်ခံပါ။ ဒါမှမဟုတ် ငြင်းပယ်ပါ။ တစ်ခုဘဲ လုပ်နိုင်ပါတယ်။ ကြားကနေပြီးတော့ လက်ခံသလိုလို၊ မလက်ခံသလိုလို ပုံစံနဲ့ လုပ်လို့မရပါဘူး။ အဲဒီလိုလုပ်ဘို့လည်း မဟုတ်ပါဘူး။ တစ်ခုခုကိုသာ ရွေးချယ်ရမှာ ဖြစ်ပါတယ်။

31 ၃၁။ ကိုယ်တော်ရှင်ဟာ ဘိသိတ်ခံထားတဲ့ နှုတ်ကပတ်တော်ဖြစ်တဲ့အကြောင်း လူအနည်းစုကသာ လက်ခံပါတယ်။ ဘုရားသခင်ဟာ အစအဦးမှာဆိုရင် အကန့်အသတ်မရှိ ဘုရားတစ်ပါး ဖြစ်ပါတယ်။ အရာခပ်သိမ်းကို အစကတည်းက သိနေတဲ့ ဘုရားဖြစ်ပါတယ်။ ကိုယ်တော်ရှင်ရဲ့ လက္ခဏာတော်တွေကို ဖေါ်ပြတဲ့ အရာတွေဘဲ ဖြစ်ပါတယ်။ သင့်မှာ ပုံသက်သေလက္ခဏာ ရှိပါတယ်။ သင့်ရဲ့အတွေးအခေါ်ဘဲ ဖြစ်ပါတယ်။ သင်ဟာ တစ်စုံတစ်ရာကို စဉ်းစားပါတယ်။ နောက်ပြီး တော့ အဲဒီအကြောင်းအရာနဲ့ပတ်သက်လို့ ပြောပါတယ်။ နောက်ပြီးယူပါတယ်။ အဲဒါဟာ ဘုရားသခင်ဘဲ ဖြစ်ပါတယ်။

ကိုယ်တော်ရှင်ဟာ အစဘဲဖြစ်ပါတယ်။ ကိုယ်တော်ရှင်ဟာ ကောင်းကင်မှာ ဘဲရှိမယ်ဆိုရင် သင်ဟာလည်း ကောင်းကင်မှာဘဲ ရှိပြီးတော့ စတင်ရမဲ့အရာဘဲ ဖြစ်ပါတယ်။ သင်ဟာ ဘုရားရဲ့တစ်စိတ်တစ်ဒေသဘဲ ဖြစ်ပါတယ်။ သူ့ရဲ့အတွေးအခေါ်ဘဲ ဖြစ်ပါတယ်။ သင့်ရဲ့နံမည်ကို ကိုယ်တော်ရှင်က သိပါတယ်။ သင်ဘယ်သူဖြစ်တယ်ဆိုတာ ကိုယ်တော်ရှင် သိပါတယ်။ သင်မဖြစ်ပေါ်မီ မော်လီကျူးလေးဘဝမှာ အလင်းမရှိမီ ဘဝကတည်းက ကိုယ်တော်ရှင် သင့်ကိုသိပါတယ်။ ဘာမှ မဖန်ဆင်း ရခင်ကတည်းက ကိုယ်တော်ရှင် သင့်ရဲ့နံမည်နဲ့ သင့်ကို သိနေပါတယ်။ သိုးသူငယ်ရဲ့ အသက်စာစောင် ထဲမှာ ထည့်ထား ရမှာ ဖြစ်ပါတယ်။ ကမ္ဘာဦး မစခင်ကတည်းကဘဲ ဖြစ်ပါတယ်။ သင်ဟာဆိုရင် ကိုယ်တော်ရှင်ရဲ့အတွေးအခေါ်ဘဲ ဖြစ်ပါတယ်။ ပြီးတော့ သင်ဟာ နှုတ်ကပတ်တော် ဖြစ်လာပါတယ်။ နှုတ်ကပတ်တော်ကတော့ ဖေါ်ပြခြင်းခံရတဲ့ အတွေးအခေါ် ဖြစ်လာပါတယ်။ ပြီးရင် သင်ဟာ ဖေါ်ပြခြင်းခံရတဲ့သူ ဖြစ်လာပါတယ်။

32 ၃၂။ သူဟာ ထိုနည်းအတိုင်းဘဲ ဖြစ်ပါတယ်။ အစကတည်းက သူ့ဖာသာသူ ရှိနေပါတယ်။ ဘုရားသခင်ဟာ ကိုယ်တော် ရှင်ရဲ့အတွေးအခေါ်တွေထဲမှာ ကျိန်းဝပ်တော်မူပါတယ်။ ကိုယ်တော်ရှင်ရဲ့အတွေးအခေါ်တွေအားလုံးကို ဖေါ်ပြထားပြီး ဖြစ်တဲ့အတွက် ကိုယ်တော်ရှင်က တစ်ဖန်ထပ်မံပြုလုပ်ဦးမည် မဟုတ်တော့ပါဘူး။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဒီနေ့ရက် ဒီကာလမှာ ရောက်ရှိနေပြီး ဘုရားသခင်နဲ့ မိဿဟာရဖွဲ့ပြီး တော့ သူ့ရဲ့အတွေးအခေါ်တွေကိုလည်း သိတယ်။ ဖေါ်ပြခြင်း ခံရပါတယ်။ အတွေးအခေါ်တွေကို ယူခြင်းအားဖြင့်လည်း သင်လိုချင်တဲ့ပုံစံကို ကုဗလေးတစ်ကုဗတောင် ကျောက်ရုပ် တုတွင် ထပ်ပေါင်းထည့်လို့ မရပါဘူး။ ဟိုဟာ ဒီဟာ တစ်ခြားဟာတွေကို မပြုလုပ်နိုင်ပါဘူး။ ဘုရားသခင်က ဂရုဏာတော်ကို ပြသပါတယ်။ အဲဒါဘုရားဖြစ်ပါတယ်။ ဘုရားသခင် ငါ့အားပေးအပ်သမျှသောသူတို့ဟာ ငါ့ထံကို လာမှာဘဲ ဖြစ်ပါတယ်။ ငါ့ခမည်းတော် အလိုမရှိဘူးဆိုရင် ဘယ်သူမှ ငါ့ထံကို လာနိုင်မှာ မဟုတ်ဘူးလို့ ဆိုပါတယ်။

33 ၃၃။ ကိုယ်တော်ရှင်ရဲ့နေ့ရက်ကာလတုန်းက လူဘယ်လောက် နည်းပါသလဲ။ ကမ္ဘာ လောကကြီးပေါ်မှာ လူသန်းပေါင်း မြောက်များစွာရှိနေပါတယ်။ ဒါပေမဲ့ ကိုယ်တော်ရှင် ကျွန်ုပ်တို့နဲ့အတူ ကျိန်းဝပ်တော်မူတယ်ဆိုတာ သိတဲ့သူ နည်းပါတယ်။ လူသန်းပေါင်းများစွာတို့ဟာ အဲဒီအကြောင်းကို မသိကြပါဘူး။ ဣသရေလနိုင်ငံမှာလည်း အဲဒီအချိန်တုန်း က ပါလက်စ တိုင်းပြည်နယ်မှာပင် လူဦးရေဟာဆိုရင် (၂)သန်းခွဲလောက် ရှိပါတယ်။ တစ်ရာပုံ တစ်ပုံတောင်မှ ကိုယ်တော်ရှင် သူတို့နဲ့အတူ ကျိန်းဝပ်တဲ့အကြောင်း မသိကြပါဘူး။

ကိုယ်တော်ရှင် မိန့်တော်မူတဲ့စကားကတော့ ကျဉ်းသောလမ်းရဲ့ တံခါးဝဟာ အင်မ တန်မှ ခက်ခဲပြီး ကွေ့ကောက်နေတဲ့အတွက် ကျဉ်းတဲ့လမ်းကို တွေ့တဲ့သူကနည်းမှာ ဖြစ်တယ်။ လျှောက်လှမ်းတဲ့သူ နည်းမှာဖြစ်တယ်။ လမ်းကျယ်ကို လိုက်မဲ့သူဘဲများမှာ ဖြစ်ပါတယ်။ ကိုယ်တော်ရှင် က ဘာကိုဆိုလိုသလဲဆိုတာကို စဉ်း စားကြည့်ပါ။ ကိုယ်တော်ရှင်က ထိုအရာဘဲ မဟုတ်ပါလား။ ကိုယ်တော်ရှင် သူတို့အလယ်မှာဘဲ ရှိနေတယ်။ အဲဒါဟာ တစ်ကယ်ဘဲ သနားစရာကောင်းတဲ့ အဖြစ်အပျက်ဘဲ ဖြစ်ပါတယ်။ ကိုယ်တော်ရှင်နဲ့အတူ လျှောက်သွားတဲ့သူတွေဟာ လမ်းမပေါ်မှာ ကိုယ်တော်ကို တွေ့ရပါတယ်။ ဒါပေမဲ့လည်း ကိုယ်တော်ကို မသိပါဘူး။ ဘာကြောင့်လဲဆိုတော့ စာတန်က ကိုယ်တော့်ကို တွေ့တယ်။ သူက စာတန်က အဆိုးဝါးဆုံး နံမည်ကိုလည်း ပေးခြင်းခံရပါတယ်။ ကမ္ဘာလောကကြီးက သဘာဂလောကကြီးက ကိုယ်တော်ရှင်ကို နံမည်ဆိုးပေးထားပါတယ်။ အဖေမပေါ်ဘဲ မွေးတဲ့သားဆိုပြီး ပြောပါတယ်။ အမေဆို တာကလည်း အမေဘဲရှိတယ်။ ယောသပ်အားဖြင့် ယောသပ်က သူ့အမေကို လက်ထပ် ထားလို့သာ အဖေဖြစ်နေ ပါတယ်။ ဒါပေမဲ့လည်း အဖေအရင်း မဟုတ်ပါဘူး။ အဖေမ ပေါ်တဲ့သားလို့ အခေါ်ခံရပါတယ်။

34 ၃၄။ အသင်းတော်ကလည်း ကိုယ်တော်ရှင်ရဲ့ ကြီးမားသော တန်ခိုးတော်ကို ဖေါ်ပြတာကို တွေ့ရပါတယ်။ ဘာကို ဖေါ်ပြသလဲ။ ယုံကြည်ခြင်း ခံယူချက်တွေကို ဖေါ်ပြနေတာ မဟုတ်ပါဘူး။ ကိုယ်တော်ရှင်က နှုတ်ကပတ်တော်ကို ဖေါ်ပြနေပါတယ်။ ကိုယ်တော် ရှင်က ဘိတ်သိပ်ပေးထားတဲ့ နှုတ်ကပတ်တော် ကိုယ်တော်တိုင်ဘဲ ဖြစ်ပါတယ်။ သူတို့က အဲဒီနေရာမှာ ရှိနေတယ်။ ဖေါ်ပြခြင်းခံရတာကို တွေ့တဲ့အခါမှာ ဘိတ်သိတ်ခံရတဲ့ မေရှိယဖြစ်တယ်ဆိုတာကို သိရပါတယ်။ သူတို့ဟာ အဲဒီအရာကို လက်မခံပါဘူး။ လက်မခံလိုပါဘူး။ သူတို့ရဲ့ သူတို့နှစ်သက်တဲ့အရာကိုဘဲ သူတို့ လက်ခံလိုပါတယ်။ အင်မတန် သနားစရာကောင်းပါတယ်။ သေချာစဉ်းစားကြည့်ပါ။ တစ်ခြားသော အချိန်ကာလ ခေတ်ကာလကကဲ့သို့ဘဲ ဖြစ်ပါတယ်။

သူတို့တစ်ဦးစီဟာဆိုရင် သူတို့ဟာသူတို့ နှုတ်ကပတ်တော်ကို အနက်ဖွင့်ဆိုပါ တယ်။ အဲဒီအကြောင်း ကြောင့်ဘဲ ဣသရေလဟာ မောရှေကို အသိအမှတ်မပြုပါဘူး။ နောဧကိုလည်း ကမ္ဘာလောကကြီးက အသိအမှတ်မပြုပါဘူး။ ပရောဖက် တွေအားလုံးကိုလည်း အသိအမှတ်မပြုခဲ့ရတဲ့ အကြောင်းအရင်းဘဲ ဖြစ်ပါတယ်။ သူတို့ဖာသာသူတို့ အနက်ဖွင့် ဆိုကြပါတယ်။ နှုတ်ကပတ်တော်ကို သူတို့လုပ်ချင်သလို လုပ်ကြပါတယ်။ ဘုရားသခင်ကတော့ ခေတ်ကာလတိုင်းမှာ သူ့ရဲ့မေရှိယ ရှိပါတယ်။ နောဧရဲ့သတင်းစကားကို ငြင်းပယ်တယ်ဆိုရင် ဘုရားသခင်ကို ငြင်းပယ်တာဘဲ ဖြစ်ပါတယ်။ နောဧကို ငြင်းပယ်ခြင်းဟာလည်း ပျောက်ဆုံးခြင်းဖြစ်ပါတယ်။ မောရှေကို ငြင်းပယ်ခြင်းဟာလည်း ပျောက်ဆုံးခြင်းဘဲ ဖြစ်ပါတယ်။ သူတို့ဟာဆိုရင် သူတို့ရဲ့ခေတ်ကာလအတွက် ဘိသိတ်ပေးခြင်းခံရတဲ့

မေရှိယဘဲဖြစ်ပါတယ်။ ထိုခေတ်ကာလ အတွက် သတိပေးခြင်းခံရတဲ့ နှုတ်ကပတ်တော်ဘဲ ဖြစ်ပါတယ်။ သခင်ယေရှုကြွလာတော်မူတဲ့အခါ နှုတ်ကပတ်တော်ရဲ့ အထွဋ်အထိပ်ကို ပြည့်ဂစေခြင်းဘဲ ဖြစ်ပါတယ်။

ဘုရားသခင်ကိုယ်တိုင်က လူ၏ပုံသဏ္ဍာန်အတိုင်းယူပြီး အသွေးအသား အရိုး အသား စသည်တို့ဖြင့် မိမိကိုယ်ကို မိမိဖန်တီးပါသည်။ ဘိသိတ်ခံသော ကိုယ်တော်ရှင် ဖြစ်ပါသည်။ သူတို့ကလည်း ထိုအရာကို တွေ့ခဲ့ပါသည်။ သို့သော်လည်း သူတို့ရဲ့အသင်းတော် ဒီနေရာမှာ ပေါင်းထည့် ဟိုနေရာက ထုတ်ယူ စသည်ဖြင့် ပြုလုပ်တဲ့အခါမှာ အားလုံးဟာ ရှုပ်ထွေးသွားပြီး သူတို့ရဲ့အသင်းတော်ထဲမှာ နှုတ်ကပတ်တော်အစား သူတို့ ယုံကြည်နေတဲ့ အရာတွေဘဲ ဖြစ်နေပါတယ်။ သူတို့ရဲ့အသင်းတော်ကို ဘိသိတ်ခံနေရတယ်လို့ သူတို့တွေ့မြင်နေရတဲ့အခါမှာ သူတို့တစ်စုံ တစ်ရာအကြောင်း စဉ်းစားပြီး အင်မတန်ကြီးမြတ်တဲ့အရာ ဖြစ်ပျက်နေတယ်ဆိုတာ သူတို့တွေးမိပါတယ်။ သူတို့ဟာ နှုတ်က ပတ်တော်ကို ဘိသိတ်ခံနေရာတာကို တွေ့မြင်နေရတဲ့အခါမှာ သူတို့ဘာပြောလဲဆိုတော့ အဲဒါဟာ အယူဝါဒအစွဲအ လန်းကြီးခြင်းဘဲ။ ဒီလူကတော့ နတ်ဆိုးဗေလဇေဗုလဘဲ။ သူတို့ရဲ့အသင်းတော်နဲ့ အင်မတန်မှ အတိုက်အခံဖြစ်နေပါတယ်။ သူတို့အသင်းတော်နဲ့ သူတို့လုပ်ခဲ့တဲ့အရာတွေအားလုံး ဆန့်ကျင်နေပါတယ်။ အဲဒီနည်းအတိုင်းဘဲ ပရောဖက်တစ်ပါးစီ ကြွလာတဲ့အခါမှာ အသင်းတော်ဟာဆိုရင် ရှုပ်ရှက်ခတ်သွားပါတယ်။

35 ၃၅။ ဘုရားသခင်ဟာ သူ့ရဲ့ပညတ်တော်တွေကို စေလွှတ်ခဲ့ပြီး ပဋိညာဉ်ကို ချမှတ်ခဲ့ ပါတယ်။ ယဇ်ပရောဟိတ်က ဝင်လာပြီး ဖြတ်တောက်သွားပါတယ်။ ပေါင်းထည့်လိုက် ပါတယ်။ တစ်ခုခုကို ချုပ်ကိုင်လိုက်ပါတယ်။ နောက်ပြီး အဲဒီကနေ ယုံကြည်ချက်ကို ပြုလုပ်လိုက်ပါတယ်။ ဘုရားသခင်ကတော့ ဘိသိတ်ပေးထားတဲ့ လူတစ်ယောက်ယောက် ကို ချီးမြောက်ပြီးတော့ ဝိညာဉ်တော်ရဲ့တန်ခိုးနဲ့ သွန်းလောင်းထားပါတယ်။ အမြဲတမ်းဘဲ ယဇ်ပရောဟိတ်တွေ၊ ဘုရင်တွေရဲ့ မုန်းတီးခြင်းကို ခံရပါတယ်။ မိစ္ဆာပရောဖက်တွေဟာ သူတို့ရဲ့ အရောင်ဖျော့ဖျော့နဲ့ အဝတ်အစားတွေကို ဝတ်ပြီးတော့ နိမ့်နိမ့်ချချနဲ့ လျှောက် သွားပြီးတော့ ဘုရင်တွေ၊ ယဇ်ပရောဟိတ်တွေအလယ်မှာ ညှင်သာစွာ စကားပြောပြီး နံမယ်ကောင်း ယူတတ်ကြပါတယ်။ တစ်ကယ်စစ်မှန်တဲ့ ပရောဖက်ကတော့ ဘယ်နေရာ ကလာမှန်း မသိဘူး။ အဖွဲ့အစည်းများကလည်း မရှိပါဘူး။ သမ္မာကျမ်းစာထဲမှာ ကြည့်မယ်ဆိုရင် ဘယ်နေရာမှာမှ ဘုရားသခင်ဟာ ယဇ်ပရောဟိတ်ကိုယူပြီး ပရောဖက် ဖြစ်စေတာ မရှိပါဘူး။ ဘာသာရေးဆိုင်ရာ သီအြော်လော်ဂျီ ပညာရှင်ကို ခေါ်ပြီး သေသေချာချာ တတ်တဲ့သူ၊ နားလည်တဲ့သူ၊ သီအြော်လော်ဂျီအောင်တဲ့သူတွေကို ရွေးထုတ်ပြီး ပရောဖက် ပြုလုပ်တာကို မတွေ့ရပါဘူး။ သမိုင်းကြောင်း တစ်လျှောက်မှာ လည်း ဘယ်နေရာမှာမှ မတွေ့ရပါဘူး။ ဘယ်ခေတ်ကာလမှာမှလည်း မတွေ့ရပါဘူး။ ကိုယ်တော်ရှင်ဟာ စံနစ်တစ်ခုကနေပြီး တော့ ခွဲထွက်ပြီးတော့ ကိုယ်တော်ရှင်ရဲ့ ပရောဖက်ကို မွေးထုတ်ရပါတယ်။ ဒီနေရာမှာလည်း ကိုယ်တော်ရှင် အဲဒီလိုဘဲ လုပ်ခဲ့ရပါတယ်။

36 ၃၆။ သခင်ယေရှုဟာ ဗက်လင်မြို့ ယုဒပြည်နယ်ရဲ့ မြို့လေးဖြစ်တဲ့ ဗက်လင်မြို့လေးမှာ မွေးဖွားတဲ့အခါမှာ ဆင်းရဲသား မိသားစုကနေ ပေါက်ဖွားလာပါတယ်။ သူတို့ရဲ့နောက်ခံသမိုင်းမှာဆိုရင် ကြောထောက်နောက်ခံ ဘာမှမရှိပါဘူး။ ယုဒအမျိုး အနွယ်ဘဲ ဖြစ်ပါတယ်။ သူ့ရဲ့မိဘတွေကတော့ ဒါဝိဒ်အနွယ်တွေ ဖြစ်ပါတယ်။ သူတို့ဟာ ဗက်လင်မြို့လေးကိုလာပြီး အခွန်ပေးခဲ့ကြရပါတယ်။ ကိုယ်တော်ရှင်ဟာဆိုရင် လူငယ်လေးဘဲ ဖြစ်ပါတယ်။ ဘာမှ မလုပ်ပေမဲ့လည်း အသင်းတော် တွေကိုတော့ ကွဲပြားသွားစေပါတယ်။ သူတို့က ကိုယ်တော်ရှင်ကို မုန်းပါတယ်။ အဲဒီလူက နိမိတ်လက္ခဏာတွေကို မပြု လုပ်နိုင်ဘူးလို့ သူတို့မပြောနိုင်ပါဘူး။ ပေတရုကလည်း ပင်တေကုတ္တေပွဲနေ့မှာ ဖေါ်ပြပြောဆိုသွားပါတယ်။ နာဇရက်မြို့သား ယေရှုခရစ်သာဆိုရင် ဘုရားသခင်အသိ အမှတ်ပြုပြီးတော့ ဘုရားသခင်က သူနဲ့အတူပါရှိတယ်လို့ သူကဆိုသွားပါတယ်။ ကိုယ်တော်ရှင်ရဲ့ နှုတ်ကပတ်တော်ကို မပေါင်းထည့်ဘို့ ကိုယ်တော်ရှင်ရဲ့နှုတ်ကပတ်တော် ကို ရိုးရိုးရှင်းရှင်းလေးဘဲ ရှင်းလင်းပြသဘို့ ပြောဆိုပါတယ်။ ဘုရားသခင်ဟာ လူဇာတိ ကို ခံယူပြီး ကျွန်ုပ်တို့နဲ့အတူ ကျိန်းဝပ်တော်မူပါတယ်။

37 ၃၇။ တစ်နေ့ညက မောရှေအကြောင်း ပြောတဲ့အခါမှာ မောရှေဟာ သူ့ရဲ့ရင်ဘတ် ထဲကို လက်ထည့်ပြီး ရပ်နေပါတယ်။ မောရှေထဲမှာ ဘုရားသခင် ကျိန်းဝပ်တော်မူပါ တယ်။ သူ့ရဲ့စိတ်နှလုံးထဲမှာ လို့ပုံဝှက်နက်နဲရာများကို သိမ်းဆည်းထားပါတယ်။ နောက်ပြီးတော့ ထုတ်လိုက်တဲ့အခါမှာ နူနာစွဲသကဲ့သို့ ဖြူဖွေးနေပါတယ်။ တစ်ဖန် သူ့ရဲ့လက်ကို ရင်ခွင်ထဲမှာ ပြန်ထည့် လိုက်တဲ့အခါမှာ အနာရောဂါပျောက်သွားပါတယ်။ နောက် လက်ကို ထုတ်လိုက်ပြီးတော့ ကျွန်တော်တို့ကို ပြသတဲ့အခါမှာ သူ့ရဲ့သန့်ရှင်းသောဝိညာဉ်တော်ကို စေလွှတ်ပါတယ်။ ဘုရားသခင်ဘဲ ဖြစ်နေပါတယ်။ ပင်တေကုတ္တေနေ့မှာ ဘုရား သခင်ဟာ အခြားသောပုံသဏ္ဍာန်တစ်ခုဖြင့် ပေါ်ထွက်လာခြင်းဘဲ ဖြစ်ပါတယ်။ အဲဒါကို ကျွန်တော်တို့ဟာ ငြင်းပယ် လိုက်ပါတယ်။ ကျွန်တော်တို့ မလိုလားပါဘူး။ ထိုစဉ်က လုပ်ခဲ့သလိုဘဲဖြစ်ပါတယ်။ ယနေ့လည်း ကျွန်တော်တို့ဟာ အဲဒီနည်း လမ်းအတိုင်း ဘဲ လုပ်နေပါတယ်။

38 ၃၈။ လူတိုင်းမှာ သူတို့ဖာသာသူတို့ အနက်ဖွင့်ဆိုမှုတွေ ရှိနေပါတယ်။ အဲဒါကြောင့် အင်မတန် ရှုပ်ထွေးနေပါတယ်။ သမ္မာကျမ်းစာဆိုထားပါတယ်။ သီးသန့်အနက်ဖွင့် ဆိုခြင်းတွေကို ဒီနှုတ်ကပတ်တော်တွေကို မပြုလုပ်ရလို့ဆိုပါတယ်။ ပရက်စ်ဘီတေးရီး ယန်း အနက်အဓိပ္ပါယ်ဖွင့်ဆိုသူ မလိုပါဘူး။ နှစ်ခြင်းအဖွဲ့မှ အဓိပ္ပါယ်ဖွင့်ဆိုခြင်းလည်း မလိုပါဘူး။ ပင်တေကုတ္တေအဖွဲ့မှအနက်ဖွင့်ဆိုခြင်းလည်း မလိုပါဘူး။ ဘုရားသခင်ဟာ မိမိဘာသာမိမိ အနက်ဖွင့်ဆိုသူဘဲ ဖြစ်ပါတယ်။ ကိုယ်တော်ရှင်အမှုပြုမယ်လို့ဆို ထားပါတယ်။ ကိုယ်တော်ရှင်အမှုပြုပါတယ်။ အမှုကိုလည်း ပြီးမြောက်စေပါတယ်။ ဒါကြောင့်မို့သူတို့ဟာ နှုတ်ကပတ်တော်ဂတိတော် ဘိတ်သိပ်ပေးထားတာကို တွေ့မြင်ရ ပါတယ်။သူတို့လက် မခံနိုင်ပါဘူး။ သူတို့ရဲ့ယုံကြည်ချက်တွေနဲ့ ဆန့်ကျင်ဘက်ဖြစ်နေ လို့ပါဘဲ။

39 ၃၉။ မေရှိယတည်းဟူသော ဘိတ်သိတ်ခံထားတဲ့ပုဂ္ဂိုလ်ဟာ ဘာနဲ့တူပါသလဲ။ သူဘာလုပ်မှာလဲ။ သူတို့နားလည် တာနဲ့လုံးဝကွာခြားပါတယ်။ သမ္မာကျမ်းစာကို သူတို့ကိုဖတ်ပြတဲ့အခါမှာ ကိုယ်တော်ရှင်ဘာလုပ်မလဲဆိုတာကို သူတို့နားမ လည်နိုင်အောင် ဖြစ်ပါတယ်။ အဲဒီပညာရှိတွေ ဆင်းလာတဲ့အခါမှာ ဗာဗုလုန်က ဆင်းလာခြင်းဖြစ် ပြီးတော့ သူတို့ဟာ ဆိုလို့ရှိရင် ယေရုဆလင်အရှေ့မြောက်ဖက်ပိုင်းကဘဲဖြစ်ပါတယ်။ သူတို့ကြည့်လိုက်တဲ့အခါမှာ ကြယ်တလုံးဟာနောက် ဖက်ကို ရွေ့ရှားနေတာကိုတွေ့ရပါတယ်။ နှစ်နှစ်လောက်ကြယ်ကြီးလမ်းပြတဲ့နောက်ကို လိုက်ကြရပါတယ်။ တိုင်းဂရစ် မြစ်ကို စုံဆင်းလာပါတယ်။ မြစ်ဝှမ်းဒေသတွေ၊ ရှိနာအရပ်တွေ၊ အဲဒါအားလုံးကို စုံဆင်းလာပြီးတော့ ဘာသာတွေအားလုံးရဲ့ မြို့တော်ကို ရောက်လာပါတယ်။

ကမ္ဘာလောကကြီးမှာ အကြီးမြတ်ဆုံးသော ဘာသာရဲ့မြို့တော်ဘဲဖြစ်ပါတယ်။ ယေရုဆ လင်မြို့တော် တလမ်းဝင်တလမ်းထွက်သူတို့က ကိုယ်တော်ရှင်ဘယ်မှာလဲ။ ဂျူးတွေရဲ့ဘုရင်မွေးဖွားတယ်ဆိုတာ ဘယ်မှာ လဲ။ ဘာကြောင့်လဲ။ အဲဒီအကြောင်းနဲ့ ပတ်သက်ပြီး ဘယ်သူမှ မသိဘူး။ အဲဒါထူးဆန်းနေပါတယ်။

40 ၄၀။ ယုဒဘာသာရေးအဖွဲ့ကိုတောင်မှ သွားပြီးတော့ရိုက်ခတ်လာပါတယ်။ ဒီသတင်းစကားကြောင့်မိုလို့ ကျမ်းတတ် ပဏ္ဍိတ်တွေအားလုံးကို စုခေါ်ပြီး မေရှိယဘယ်မှာလဲဆိုတာကို ကျမ်းစာထဲမှာ သေရှာရှာဖွေ ဖတ်ရှုကြည့်ပါလို့ ပြောကြပါတယ်။ နောက်ပြီးတော့သူတို့သွားပြီးတော့ကျမ်းချက်တွေကို ရှာဖွေပြီး ပရောဖက် မိက္ခာပြောတဲ့ကျမ်းချက်ကို ဖတ်မိပါတယ်။ ဗက်လင်မြို့ကလေး ယုဒပြည်ရဲ့မြို့ကလေးဟာ အသေးဆုံးသောမြို့ကလေးဖြစ်နေပါတယ်။ ဒါပေမဲ့ဒီမြို့ကလေးထဲက နေပြီးတော့ မင်းတပါးပေါ်ထွက်လာမယ်ဆိုတာကို သူတို့တွေ့ကြရပါတယ်။ သူတို့ဟာ စုံစမ်းစစ်ဆေးဖို့အစား တခါတည်း လုံးဝငြင်းပယ်ပစ်လိုက်ပါတယ်။ အဲဒါဟာအယူသီးတဲ့အုပ် စုတစုဘဲလို့ပြောပါတယ်။ ဒါကြောင့်မို့လို့လည်း သိုးထိန်းတွေက သတင်းစကားကို လက်ခံခြင်းဘဲ ဖြစ်ပါတယ်။ သူတို့တော့သူတို့ဟာနဲ့သူတို့ အနက်ဖွင့်ပြီးတော့ တကယ်စစ်မှန်တဲ့အနက် ဖွင့်ဆိုချက်တွေကို မရရှိကြပါဘူး။

41 ၄၁။ ကိုယ်တော်ရှင်ကြွလာတော်မူသောအခါ နှုတ်ကပတ်တော်ဆိုသည့်အတိုင်း ကိုယ် တော်ရှင်ကြွလာခြင်းဘဲဖြစ်ပါတယ်။ ကိုယ်တော်ရှင်ဟာမြို့ထဲကို ဝင်လာပါတယ်။ ယနေ့မနက်ဖတ်သွားတဲ့ကျမ်းချက်အရ နှုတ်ကပတ်ပြောတဲ့နည်းအတိုင်း ဆိုလို့ရှိရင် ကိုယ်တော်ရှင် ကြွလာတော်မူမှာဘဲ ဖြစ်ပါတယ်။ သူတို့ဘာပြောသလဲဆိုတော့ ဘယ်သူလဲ။ ငါပြောတာကို မင်းတို့တွေ့သလား။ အဲဒါဘယ်သူလဲဆိုတာကိုရော သူတို့သိသင့် ပါသလား။ ပြင်ပကမ္ဘာလောကကြီးထဲမှာ မဟုတ်ပါဘူး။ ဒါပေမဲ့အသင်းတော်လောက ထဲမှာ ဘယ်သူလဲ။ ဒီလူဟာဘယ်သူလဲလို့ မေးကြပါတယ်။ ကျမ်းစာတော်မြတ်ကလည်း ရှင်းရှင်းလင်းလင်းပြောကြားထားပါတယ်။ ကိုယ်တော်ရှင်ကြွလာတော်မူမည့်နည်းလမ်း အတိကျဘဲဖြစ်ပါတယ်။ သူတို့က လည်းပြောပါတယ်။ ဘယ်သူလဲ။ ဒီလူဟာဘယ်သူလဲ။ ဒီလိုစိတ်လှုပ်ရှားမှုမျိုးတွေက ဘာတွေလဲ။ အဲလိုအသံပလံ တွေလှုပ် တာကို ရပ်လိုက်ပါ။ ကျွန်တော်တို့စိတ်အရမ်းလှုပ်ရှားမှုဖြစ်ပါတယ်။ သူတို့ဆုတောင်းခဲ့တဲ့အရာကတော့ သူတို့ရဲ့ခေါင်း ပေါ်မှာဘဲ ရှိနေပါတယ်။ သူတို့ရဲ့လက်ထဲမှာဘဲရှိနေပါတယ်။ သူတို့မသိပါဘူး။ ကျမ်းစာ တော်မြတ်က ဖော်ပြတဲ့အတိုင်းဘဲ အဲဒီနည်းလမ်းအတိုင်းဘဲ ကိုယ်တော်ရှင်ကြွလာတော်မူပါတယ်။ ယနေ့ကိုယ်တော်ရှင် အဲဒီမျိုးကြွလာတော်မူ တယ်ဆိုလို့ရှိရင် နှုတ်ကပတ်တော်ဆိုတဲ့အတိုင်းဘဲ ကိုယ်တော်ရှင်ကြွလာတော်မူတယ်ဆိုရင် နှုတ်ကပတ်ဆိုတဲ့ နည်းအတိုင်းဘဲ ကိုယ်တော် ရှင်ကြွလာတော်မူမှာ ဖြစ်ပါတယ်။ ဘုရားသခင်ရဲ့ နှုတ်ကပတ်တော်ကို မြည်းစမ်းဖို့ရန်အတွက် ကြွလာတော်မူခြင်းဘဲ ဖြစ်ပါတယ်။ သီဩလောဂျီပညာရှင်တွေရဲ့ အတွေးအခေါ်အတိုင်း မြည်းစမ်းဖို့ရန်အတွက် မဟုတ်ပါဘူး။

42 ၄၂။ စကားစပ်လို့ပြောရမဲ့အကြောင်းကတော့ ဘုရားသခင်ရဲ့နှုတ်ကပတ်တော်ဟာ ဘယ်တော့မှ သီဩလောဂျီပညာရှင် တွေဆီကို မလာဘူးဆိုတာကို သင်တို့သိပါသလား။ ကျမ်းစာထဲမှာ ရှာဖွေကြည့်ပါ။ ဘယ်နေရာမှာများတွေ့ရပါသလဲ။ သီဩလော်ဂျီပညာရှင်တွေကို နှုတ်ကပတ်တော် ရောက်မလာပါဘူး။ လုံးဝရောက်မလာပါဘူး။ ဒါပေမဲ့လည်း ယနေ့ နှုတ် ကပတ်တော်ကို ဘယ်လိုဖော်ပြထားသလဲဆိုတော့ ကျွန်တော်တို့ရဲ့ ခေတ်ကာလအတွက် ဘုရားသခင်နှုတ်ကပတ်တော်ကို မြည်းစမ်းဖို့ရန်အတွက်ဘဲ ဖြစ်ပါတယ်။ တစုံတရာသောသူရဲ့ အတွေးအခေါ်အားဖြင့် မြည်းစမ်းဖို့မဟုတ်ပါဘူး။ ဘုရား သခင်ကသူပေးထားတဲ့ သူ့နှုတ်ကပတ်တော်ကို ဒီနေ့ယူပြီးဘိတ်သိပ်ပေးကာ အဲဒီအတိုင်းဘဲ ဖြစ်လာပါတယ်။ မဖြစ် ပျက်ဖို့အတွက် တားဆီးတဲ့နည်းလမ်းမရှိပါဘူး။ အသင်းတော်ကဘာဘဲပြောပြော တခြားလူတွေကလည်း အဲဒီလိုဘဲ ယုံကြည်မှာ ဖြစ်ပါတယ်။ ဘယ်လိုဘဲဖြစ်ဖြစ်ဘုရားရှင်အမှုပြုမှာဖြစ်ပါတယ်။ အင်မတန်နည်းပါးပါတယ်။ အမြဲတမ်းဘဲ အဲဒီ နည်းအတိုင်းဖြစ်ပါတယ်။

43 ၄၃။ သင့်ရဲ့အနက်ဖွင့်ဆိုမှုအတိုင်း သူတို့ဘာမှမလုပ်နိုင်ပါဘူး။ ဘာကြောင့်လည်းဆိုတော့ အသင်းတော်ကဘာ ပြောသလဲဆိုတာကို သူတို့အားကိုးပါတယ်။ ကိုယ်တော်ရှင် ကြွလာမှာပါ။ ကိုယ်တော်ရှင်အမြဲတမ်းလာပါတယ်။ ထိုစဉ်က လာသကဲ့သို့ အချိန်တိုင်းမှာ ကိုယ်တော်ရှင်ရောက်လာပါတယ်။ ကိုယ်တော်ရှင်ပြုလုပ်သမျှအရာတိုင်း နှုတ်ကပတ် တော်အားဖြင့် နီးစပ်ရမှာ ဖြစ်ပါတယ်။ တခြားလူတွေဘာပြောသလဲဆိုတာကို ကျွန်တော်တို့စိတ်ချနေလို့မဖြစ်ပါဘူး။ ကျွန်တော်တို့စိတ်ချရမည့်အရာကတော့ တခုတည်းဘဲရှိပါတယ်။ အဲဒါကဘာလဲဆိုရင် နှုတ်ကပတ်တော်ဘဲဖြစ်ပါတယ်။ နှုတ်ကပတ် တော်ဟာ ဘုရားသခင်ဖြစ်ပါတယ်။ ဘိတ်သိပ်ပေးထားတဲ့ နှုတ်ကပတ်တော်အားဖြင့် မေရှိယတည်းဟူသော ဘိတ်သိပ်ပေးခြင်းခံရတဲ့ခေတ်ကာလရဲ့ နှုတ်ကပတ်တော် ရှိလာပါတယ်။ မည်မျှနှစ်သက်ဖွယ်ကောင်းပါသလဲ။ သူတို့က တော့ နှုတ်ကပတ်တော်ကို မရကြပါဘူး။ နှုတ်ကပတ်တော်ကအမြဲတမ်းမှန်ကန်ပါတယ်။ သို့သော်လည်း သူတို့ရဲ့ အနက်အဖွင့်ဆိုမှုကတော့ မှားယွင်းသွားပါတယ်။

44 ၄၄။ ကမ္ဘာ့ခရစ်ယာန် ဂိုဏ်းဂဏများပေါင်းစည်းရေးအတွက် ယနေ့ကြိုးပမ်းနေကြသည်။ ကျွန်တော် အကြီးအကျယ် အံ့ဩမိပါသည်။ ကမ္ဘာ့ခရစ်ယာန် ကောင်စီမှလည်း တစ်လုံးတစ်ဝတည်းဖြစ်ရန် ကြိုးစားကြမည်လို့ ဆိုထားပြန်သည်။ ကမ္ဘာ့ခရစ်ယာန်များ တစ်လုံးတစ်ဝတည်းဖြစ်ဘို့ ခရစ်တော်က မသွန်သင်ပါဘူး။ ခရစ်တော်က ဆုတောင်း ခြင်းအားဖြင့် တစ်လုံးတစ်ဝတည်းဖြစ်ဘို့ သွန်သင်ပါသည်။ ကိုယ်တော်ရှင်ပြောတဲ့တလုံးတဝတည်းဆိုတာ ငါနဲ့ငါ့ခမည်းတော်ဟာ အတူ တူဘဲ ဖြစ်တယ်ဆိုတဲ့ အဲဒီလိုတလုံးတဝတည်းကို ဆိုလိုခြင်းဘဲ ဖြစ်ပါတယ်။ အဲဒါဘယ်လိုဖြစ်နိုင်မှာလဲ။ နှုတ်က ပတ်တော်နဲ့ကျွန်ုပ်တို့ဟာ ဘိတ်သိပ်ပေးခြင်းခံရတဲ့ နှုတ်ကပတ်တော်ဖြစ်ရပါမယ်။ တစ်ဆူတည်းသော ဘုရားဖြစ်သည်။ တသားတည်းသော ဘုရားသည်နှုတ်ကပတ်တော်အားဖြင့် ကျွန်ုပ်တို့အထဲမှာ ဘိတ်သိပ်ခံယူပြီး ဖြစ်ပါတယ်။ အဲဒီခါမှာ သင်ဟာ မေရှိယခေတ်ကာလရဲ့ လူသားဖြစ်လာပါတယ်။

45 ၄၅။ လူတွေကလည်း အလားတူဘဲဖြစ်တယ်ဆိုတာကို ကျွန်တော်တို့တွေ့ရပါတယ်။ လူတွေဟာ မပြောင်းလဲပါဘူး။ ဒီလူတွေဟာ အုပ်စုသုံးစုကွဲနေပါတယ်။ ယခုမိနစ်အနည်းငယ် အချိန်သင်ယူပြီးတော့ ပြောပါ့မယ်။ ဒါပေမဲ့လည်း နောက်ကျမှာလည်း ကျွန်တော် ကြောက်ပါတယ်။ ခင်ဗျားတို့ဘယ်လိုမှ သဘောမထားဘူးဆိုလို့ရှိရင် ကျွန်တော် ဖြေးဖြေးဘဲ ပြောသွားပါမယ်။ ကျမ်းချက်တွေကို ရေးထားပါမယ်။ နှုတ်ကပတ်တော် ရေးထားတာနည်းနည်း ရှိပါတယ်။ သန့်ရှင်းသော ဝိညာဉ်တော်က ကျမ်းချက်တခုကိုချုပ်ကိုင်

ထားပါတယ်။ ဘယ်လိုမှ အဆုံးတိုင်ရောက်တော့မှာ မဟုတ်ပါဘူး။ ဆက်လက်ပြီး တော့ လှုပ်ရှားနေဆဲဖြစ်ပါတယ်။ ကျွန်တော်တို့ရွေးချယ်ထားတဲ့ကျမ်းချက်ကို ဖတ်ပါ့မယ်။

46 ၄၆။ သူတို့အုပ်စုသုံးစု ကွဲသွားကြပါပြီ။ ခံယူချက်သုံးမျိုးဖြစ်နေပါသည်။ အချို့က ကိုယ်တော်ကိုယုံကြည်ပါသည်။ အချို့သောသူတို့ကကိုယ်တော်ကိုမုန်းသည်။ အချို့သော သူတို့ကဘာလုပ်ရမှန်းမသိတော့ပါ။ ကျွန်တော်တို့လည်း ထိုကဲ့ သို့ဖြစ်ပါသည်။ ကျွန်တော်က တရားဟောသည်။ ကျွန်တော်ဒီအသင်းတော်ကို ယုံကြည်စိတ်ချသည်။ တချိန်ကဆိုလို့ရှိရင် ယုံကြည်သူများ ဖြစ်ကြပြီး ယုံကြည်ချင်ယောင်ဆောင်သောသူများ ဖြစ်ကြသည်။ မယုံကြည်သူများဖြစ် ကြသည်။ အုပ်စု သုံးစုကွဲနေပါသည်။ ဘယ်နေရာမှာဖြစ်ဖြစ် အဲဒီလိုမျိုးသုံးမျိုးစားကွဲနေတာကို တွေ့ရပါသည်။ အဲဒီလိုမျိုး လူမျိုးသုံးမျိုးစား အမြဲတမ်းဘဲ ရှိနေတတ်ပါတယ်။ ကျွန်တော်တို့ခေတ်နောက်ပြန်လှည့်ကြည့်ပြီး သက်သေပြနိုင်ပါသည်။ အမြဲတမ်းဘဲ လူတွေဟာ ထိုသို့အခြေအနေမှာ ရှိနေပါသည်။ သူတို့ဟာအမြဲတမ်းဘဲ ထိုအခြေအနေမျိုးမှာဘဲ ရောက်ခဲ့ပါသည်။ ထိုနည်း အတိုင်းဘဲ အမြဲတမ်းဖြစ်ခဲ့တဲ့အတွက် ဘုရားသခင်ဟာ လူတွေကို အဲဒီလိုနည်းဖြစ်အောင်ဘဲ ဒီဇိုင်းပုံစံချခဲ့သလားဆိုပြီးတော့ ကျွန်တော်တို့က စဉ်းစားမိပါသည်။ သူရန်သူတွေကသူကို ချီးမွမ်းနိုင်ဘို့အတွက် ကိုယ်တော်ရှင် လုပ်ပေးနိုင်ပါသည်။ ပေါလုက ရောမဩဝါဒစာအခန်းကြီး ၈မှာ ဆိုထားပါသည်။ အိုလူမိုက်တို့ရွှံ့က နေပြီးတော့ ကိုယ်တော်ရှင်ဟာ မိမိဖန်ဆင်းချင်တဲ့ပုံစံအတိုင်း အိုးတွေကို ပြုလုပ်ပြီးတခြားအိုးတလုံးကိုတော့ မကြိုက်မနှစ်သက်ရာပုံစံ မလုပ်နိုင်ပေဘူးလား။ ကိုယ်တော်ရှင်မှာ ရွေးချယ်ပိုင်ခွင့်ရှိပါသည်။ သင်ဟာအမြဲတမ်းဘဲ နေရောင်ခြည်ကို မနှစ်သက်ပါ။ နေရောင်ခြည်တွေ နေရာတိုင်းမှာ ရှိနေလို့ရှိရင် သင်ချီးမွမ်းနိုင်မည် မဟုတ်ပါ။ ဖျားနာခြင်းမရှိဘူး ဆိုလို့ရှိရင် သင်ဟာကျန်းမာရေးကောင်းတာကို နှစ်သက်တော့ မည်မဟုတ်ပါ။ မကောင်းတဲ့လူတွေရှိမယ်၊ မကောင်းတဲ့မိန်းမတွေရှိမယ်ဆိုလို့ရှိရင် မိန်းမကောင်းတွေကို ချီးကျူးဂုဏ်ပြုနိုင်တော့မည် မဟုတ်ပါ။ သူမအတွက် ချီးမြှောက်ခြင်းရတော့မှာ မဟုတ်ပါဘူး။ အဲဒီနည်းလမ်းအတိုင်းဘဲ ဖြစ်ပါတယ်။ အဲဒါဟာ တသမတ်ထဲ ဖြစ်တဲ့နိယာမတရားဘဲ ဖြစ်ပါတယ်။

47 ၄၇။ ဘုရားသခင်က တစုံတယောက်သောသူကို အလွန်ဘဲ ဂုဏ်သိက္ခာကျဆင်း အောင်ပြုလုပ်ပြီး ဂုဏ်သိက္ခာရှိသော လူကို မြင့်တင်ဖော်ရန်ပင်ဖြစ်ပါသည်။ တယောက် မှအလွန်မှားယွင်းပြီး ဖော်ပြခြင်းကို ခံရပါသည်။ ထိုကဲ့သို့မဟုတ်ပါက မှန်ကန်သော အရာသည်ပေါ်လွင်မည်မဟုတ်တော့ပါ။ ဒေါ်လာအတုမရှိပါက စစ်မှန်သောဒေါ်လာ တည်မြဲနေမည်ဖြစ် ပါသည်။ အတုပြုလုပ်ပါက တကယ်စစ်မှန်သောအရာ ပေါ်ထွက် လာမည်ဖြစ်သည်။ သို့သော်လည်း အတုပုံတူဘဲပြုလုပ်ခြင်း ဖြစ်ပါတယ်။ ဖြောင့်မတ်ခြင်း တရားမရှိရင် အပြစ်လည်း ပေါ်လွင်တော့မည် မဟုတ်ပါ။ ဖြောင့်မတ်ခြင်းတရား ရှိသောကြောင့် အမှန်တရားရှိသောကြောင့် အပြစ်တည်းဟူသော ဖြောင့်မတ်ခြင်းအရာ နှင့် ဆန့်ကျင်သောအရာ ထင်ရှားပေါ်လွင်ခြင်းပင် ဖြစ်ပါသည်။ တစ်နည်းအားဖြင့် ပြောရမည်ဆိုလျှင် သမ္မာတရားသည် သမ္မာတရားသာ ဖြစ်ပါသည်။ လိမ်ညာခြင်းမှာ လည်း သမ္မာတရားအရင်ရှိမှသာ လိမ်ညာခြင်းရှိလာနိုင်မည် ဖြစ်ပါသည်။ အမှန်တရား ကို ဆန့်ကျင်ပြီး လိမ်ညာမှု ဖြစ်စေပါသည်။ ထို့ကြောင့် အပြစ်များအားလုံးသည် ဘာမှ မဟုတ်ပါ။ ဖြောင့်မတ်ခြင်းတရားကို ပြောင်းပြန်ဆန့်ကျင်ခြင်းပင် ဖြစ်ပါသည်။ ကမ္ဘာလောကကြီးပေါ်မှာ စံနစ် ရှိပါသည်။

48 ၄၈။ စံနစ်(၂)ခုမှာ မှန်ကန်သော စံနစ်တစ်ခုနှင့် အခြားသောစံနစ်တစ်ခုမှာ မှန်ကန်သော စံနစ်တစ်ခုပင် ဖြစ်ပါသည်။ တစ်ခုမှာ ဘုရားသခင်၏နှုတ်ကပတ်တော်ဖြစ်ပြီး မှန်ကန်သည်။ လူသားတိုင်း၏ နှုတ်မြွက်စကားတို့မှာ လိမ်ညာ လှည့်ဖျားမှုများသာ ဖြစ်သည်။ ဂိုဏ်းဂဏစံနစ်ကို ယနေ့ ကျွန်တော်တို့ ရရှိထားပါသည်။ ကမ္ဘာ့အသင်း တော်များကောင်စီ ဖွဲ့စည်းပြီး သားရဲ၏တံဆိပ် ပေါ်ထွက်လာပါသည်။ မှားယွင်းသော အရာပင် ဖြစ်ပါသည်။ လူတို့မှာလည်း မှားယွင်းစွာနှင့် မမြင်မကန်းဖြစ်ပြီး ထိုအထဲသို့ လျှောက်လှမ်းနေရပါသည်။ ဘုရားသခင်က ကမ္ဘာလောကကြီးပေါ်မှာ လွတ်မြောက် ခွင့်ရရန်အတွက် သူတို့ကို ဖန်ဆင်းပေးထားပါသည်။ သူတို့က အယူသီးခြင်းလို့ ထင်ပါသည်။ သူတို့မလိုလားပါ။ သူ တို့ငြင်းပယ်လိုက်ပါသည်။ ထိုအရာနှင့်ပတ်သက်၍ သူတို့တစ်ခုခု လုပ်ရပါမည်။ သူတို့ရဲ့ပင်ကိုစံနစ်၊ သူတို့မှာ တီထွင် တဲ့စံနစ်ရှိပါသည်။ ဘုရားသခင်ကတော့ သူ့ဟာနဲ့သူ၊ သူ့စံနစ်နဲ့သူ၊ သူ့နှုတ်ကပတ်တော် ရှိပြီးသားဖြစ်ပါသည်။ ဒါပေမဲ့ လည်း ထိုနှုတ်ကပတ်တော်ကို ကျွန်တော်တို့က မလိုချင်ပါ။ ကျွန်တော်တို့လမ်း ကျွန်တော်တို့ ရှာနေပါသည်။ ယနေ့ သူတို့ကဲ့ သို့ပင် ကျွန်တော်တို့လည်း ဖြစ်နေကြပါသည်။

49 ၄၉။ လူတို့မှာ ထိုကဲ့သို့ ပုံစံမျိုးဖန်ဆင်းခြင်း ခံနေရပါသည်။ သတိပြုပါ။ ကျွန်တော်လည်း အချိန်တော်တော်များများ ယူထားပါသည်။ ကျွန်တော် စိတ်အရမ်းလည်း လှုပ် ရှားနေတဲ့အတွက်ကြောင့် တစ်ချိန်လုံးလည်း နာရီကြည့်မနေချင်ပါ။ နိုင်ငံရေးနဲ့ပတ်သက်လို့ ကျွန်တော်တို့ ဥပမာတစ်ခု ပြောပါရစေ။ လူတန်းစား သုံးမျိုးသုံးစား ရှိတယ်လို့ လူတွေကို ခွဲခြားထားနိုင်ပါတယ်။ ဥပမာ နိုင်ငံရေးကိုဘဲ ယူဆကြပါစို့။ လူတစ်ယောက်အတွက် နီနီရဲရဲ ရှိနေပါတယ်။ အခြားအုပ်စု တစ်စုကတော့ သူ့ကိုမုန်းနေပါတယ်။ အခြားအုပ်စုတစ်ခုကတော့ သူနဲ့ပတ်သက်လို့ ဘာလုပ်ရမှန်းကိုမသိပါဘူး။ ဘယ်နည်း လမ်းကို ရွေးပြီး ဘာလုပ်ရမှန်းမသိဘူး။ သူတို့ခေါင်းထဲမှာ ရှုပ်ရှက်ခတ်သွားပါတယ်။ ဒီလူက ဘာပြောသလဲဆိုတော့ သူက တော့ ပုဂ္ဂိုလ်ထူးတစ်ယောက်ဘဲ။ သူက ကျွန်တော်တို့ကို အကောင်းဆုံး သမ္မတတစ်ယောက် ဖြစ်လာစေမှာဘဲလို့ ဆိုပါ တယ်။ နောက်တစ်ယောက်က ဘာပြောသလဲဆိုတော့ သူကတော့ ကျွန်တော်တို့ကို ဘာသာရေးမှာ ပျက်စီးစေမှာ ဘဲလို့ဆိုပါတယ်။ အဲဒီအခါမှာ ကြားနေဝါဒကျင့်သုံးတဲ့သူတစ်ယောက်က ဘာပြောလဲဆိုတော့ ကျွန်တော်က ဘာလုပ်ရမှန်း ကို မသိတော့ပါဘူး။ ဟုတ်ပါတယ်။ ကျွန်တော်တို့ကို အဲဒီလို ဘဲ ဖန်တီးထားပါတယ်။ အဲဒီနည်းလမ်းအတိုင်းဘဲ ဖြစ်ပါတယ်။ လူသားတွေအားလုံး ဟာလည်း အဲဒီအတိုင်းပါဘဲ။ ဘုရားသခင်ရဲ့နည်းလမ်းတွေကို အဲဒီလိုနည်းလမ်းနဲ့ဘဲ ပြည့်စုံစေရမှာ ဖြစ်ပါတယ်။ ကိုယ်တော်ရှင် အောင်မြင်စေဘို့ရန်အတွက် ကိုယ်တော် ရှင် ဒီကမ္ဘာလောကကြီးကို အောင်စေဘို့ရန်အတွက် အဲဒီလိုဘဲ လူတွေကပုံစံမျိုးတွေ ဖြစ်နေရပါမယ်။ တစ်ယောက်က မှန်တယ်။ နောက်တစ်ယောက်က မှားတယ်။ နောက် တစ်ယောက်ကတော့ ကြားနေဝါဒဘဲ။ အမှားအမှန်နဲ့ ကြားမှာရှိနေပါတယ်။ အမြဲတန်းဘဲ အဲဒီနည်းလမ်းအတိုင်းဘဲ ဖြစ်နေပါတယ်။

50 ၅၀။ သူတို့မသိဘဲနဲ့ အဲလိုပုံစံမျိုးဘဲ အမြဲတမ်း ပြုလုပ်နေပါတယ်။ လူတစ်ယောက် ဟာ ကြားနေဝါဒဘဲ ဖြစ်ပါတယ်။ အင်မတန် ဆိုးတဲ့နေရာဘဲ ဖြစ်ပါတယ်။ ဘာကြောင့် လဲဆိုတော့ တစ်ယောက်က တစ်စုံတစ်ခုကို ဖော်ပြနိုင်တယ်။ သူ့ကိုယ်သူလည်းမှန် တယ်လို့

သူထင်တယ်။ နောက်တစ်ယောက်က သူဘယ်လောက်မှားသလဲလို့ သူ့ကိုယ်သူ ထင်နေပါတယ်။ နောက်တစ်ယောက်ကတော့ အလယ်အလတ်ကြားနေ ဝါဒဖြစ်ပြီး အဲဒီကိစ္စနဲ့ပတ်သက်ပြီး ဘာမှ မသိပါဘူး။ ဘယ်လမ်းကို လျှောက်ရမလဲ ဆိုတာလည်း မသိပါဘူး။ ဘာသာရေးမှာလည်း အဲဒီအတိုင်းဘဲ ဖြစ်ပါတယ်။ ယနေ့လူတွေဟာ သူတို့ ရဲ့ထာဝရအရာနဲ့ ပတ်သက်ပြီးတော့ ဒီလိုဘဲ လုပ်နေကြပါတယ်။

အခုအခါမှာ ကျွန်တော်တို့ အနည်းငယ် ထိခိုက်ကြမှာ ဖြစ်ပါတယ်။ မိနစ်အ နည်းငယ်လေးဘဲနေပါဦး။ သူတို့ဟာ သူတို့ရဲ့ ထာဝရကိစ္စနဲ့ပတ်သက်လို့ သူတို့ ဒီလိုဘဲ လုပ်ပါတယ်။ လူတစ်ယောက်က ဒီကနေ ဆင်းသွားမယ်၊ စားမယ်၊ သောက်မယ်။ အဲဒီအခါမှာ ကိုယ်သောက်နေတဲ့ စွပ်ပြုတ်ထဲကနေ ပင့်ကူကြီးတစ်ကောင်ကို တွေ့မယ်။အဲဒီတော့ အဲဒီစားသောက်ဆိုင်၊ အဲဒီကုမ္ပဏီကြီးကို အပြစ်တင်မယ်။ ဘာကြောင့် အဲဒီစွပ်ပြုပ်ကို သောက်ရမှာလဲ။ အဆိပ် ခတ်ထား တယ်။ ဟာ - ဘယ်လိုနည်းနဲ့မှ မ သောက်တော့ဘူး။ အင်မတန်ကြီးမားတဲ့ အဆိပ်ကောင်ကြီးတစ်ကောင်၊ ပိုးဟပ်ကြီးတစ် ကောင်ကို စွပ်ပြုပ်ထဲမှာ ထည့်ပြုတ်ထားတယ်။ မသောက်တော့ဘူး။ အဲဒါသောက်လိုက်ရင်တော့ အဆိပ်ဖြစ်မှာဘဲ။ အဲလိုပြောကြပါမယ်။ အဲလိုအချိန်မှာ သင်ကတော့ နောက်ထပ်သီဩော်လော်ဂျီအုပ်စု တစ်စုလမ်းထဲမှာ လျှောက်သွားတာကို တွေ့ပြီးတော့ သူတို့ဟာဆိုရင် သင့်ရဲ့လည်မြိုထဲကို ညှစ်ပြီးတော့ ဘုရားသခင်ကနေပြီး မိုင်ပေါင်းသန်း ပေါင်းများစွာ ဝေးကွာသွားအောင် လုပ်ပြီးသင်တို့ကို သူတို့တို့ရဲ့ ဩဝါဒတွေကို အတင်းမြိုချခိုင်းမှာ ဖြစ်ပါတယ်။ ဘုရားသခင် နှုတ်က ပတ်တော်ထဲက ထွက်လာတဲ့ စကားလုံး တစ်လုံးစီတိုင်း လူတွေဟာအသက်ရှင်ရမယ်လို့ ပြောပါတယ်။ ကျွန်တော် ယခင်က ပြောခဲ့သည့်အတိုင်း အားနည်းဆုံးအချိန်မှာ ချိန်းကြိုးတစ်ချောင်းသည် အကောင်းဆုံး ဖြစ်ပါသည်။ ပြတ်ဘို့ တည်းတည်း လေးဖြစ်နေပါသည်။ အဲဒီအချိန်မှာ တစ်ခုခုကို ဆွဲဖြတ်ရပါမည်။ ကျန်သောအရာများအားလုံး သူနဲ့အတူ လျော့ကျသွားမှာ ဖြစ်ပါသည်။ အားနည်းဆုံးအရာကဲ့သို့ပင် ခိုင်မာပါသည်။

51 ၅၁။ ပင့်ကူ ကျထားသဖြင့် အဆိပ်ဖြစ်နေသော စွပ်ပြုပ်ကို ပိနေသောလူတစ် ယောက်မှာ အဲဒီပင့်ကူအဆိပ်ကို စားမိလျှင် ဒုက္ခရောက်မည်ဆိုတာ သင်သိရပါမည်။ ဆေးရုံတက်ရမယ်။ အစာအိမ်ထဲမှာရှိနေတဲ့ အစာတွေအားလုံး ဒုက္ခပေးနေတဲ့အရာ အဆိပ်အတောက်ဖြစ်နေတဲ့အရာအားလုံးကို ထုတ်ပစ်ရပါမယ်။ သေလုမြောပါးဖြစ်မှာ ဖြစ်ပါတယ်။ ထိုသို့နေရာမျိုး သင်တစ်ခါမျှ မသွားဖူးပါဘူး။ တစ်ဖန် ထပ်မံ၍လည်း ထိုကဲ့သို့ မဖြစ်လိုပါဘူး။ ဘာကြောင့်လဲဆိုတော့ အဆိပ်ဖြစ်ပြီး သေမှာဖြစ်လို့ဘဲ။ သင်ဟာ ယခုအခါမှာ အသက်စာစောင်ထဲမှာ ရှိနေပြီး ဖြစ်ပါတယ်။ သမ္မာကျမ်းစာဖော် ပြပြီဖြစ်တဲ့ အကြောင်းအရာတွေကိုလည်း တိုက်ခိုက်နိုင်ပြီ ဖြစ်ပါတယ်။ သင့်ရဲ့ကိုယ်ခန္ဓာကို သင်ကျိန်ဆဲနေခြင်း မဟုတ်ပါ။ ဒါပေမဲ့လည်း ဝိညာဉ်ကို ငရဲကို ပို့နေခြင်းဘဲ ဖြစ်ပါတယ်။ လူများပြုလုပ်တဲ့အရာ မည်မျှထူးဆန်းပါသလဲ။ သူတို့ရဲ့ ထာဝရသွားရမဲ့ အရာကို သီဩော်လော်ဂျီ ဝေါဟာရနဲ့ အခြေပြုရမှာ ဖြစ်ပါတယ်။ သူတို့ကို သမ္မာကျမ်း စာပေးရမှာ ဖြစ်ပါတယ်။ ဒါဟာ ကျမ်းစာဆိုထားပါတယ်။ ဒီနေရာမှာ ရှိတယ်လို့ ထောက်ပြရမှာ ဖြစ်ပါတယ်။

သီဩော်လော်ဂျီပ ညာရှင်တစ်ယောက်က နှုတ်ကပတ်တော်ကို ကြည့်ပြီး ဟိုတစ်နေ့ကအတွက် ဖြစ်ပါတယ်။ သူပြောတာကို သင်က နားထောင်လိုက်တယ်။ ဘုရားသခင် ဘာပြောလဲဆိုတာကို သင်တွေ့တယ်။ တစ်ကယ်စစ်မှန်တဲ့ ခရစ်ယာန်ဟာဆိုရင် နှုတ်ကပတ်တော်ကိုဘဲ နားထောင်ပါတယ်။ ဘုရားသခင်ရဲ့လူဟာ နှုတ်ကပတ် တော်အားဖြင့် အသက်ရှင်ပါတယ်။

52 ၅၂။ အချို့သောသူက နှုတ်ကပတ်တော်ကို ယုံကြည်ပါတယ်။ အချို့သော သူတွေက သူတို့ရဲ့ ဂိုဏ်းဂဏဆိုင်ရာ သွန်သင်ချက်တွေကို ယုံကြည်ပါတယ်။ တစ်ခြားလူတွေကတော့ စိတ်ရှုပ်ထွေးပြီး ရှုတ်ရှက်ခတ်နေပြီး ဘာကိုယုံကြည်လို ယုံကြည်ရမှန်း မသိတော့ပါဘူး။ သူတို့ထဲမှာ တစ်ချို့က ပြောပါတယ်။ ကမ္ဘာ့အသင်းတော်များကောင်စီ ကတော့ ကောင်းပါ တယ်။ ငါတို့အားလုံး တစ်လုံးတစ်ဝတည်း ဖြစ်မယ်လို့ ဆိုကြပါတယ်။ တစ်ချို့သောသူတွေက အဲဒါက နတ်ဆိုးနဲ့ဆိုင်တယ်။ ဒီမှာ ကျမ်းချက်တွေ ကြည့်လို့ ထောက်ပြထားပါတယ်။ လူတစ်ယောက်က အချိန်ယူပြီး ဆုတောင်းပြီး အမှန်တရားကို ရှာဖွေမယ်ဆို ရင် အားလုံးကို မေ့ပစ်လိုက်ပါ။ သင်ပြောတဲ့ အကြောင်းအရာဟာ သင့်ရဲ့အခြေအနေ အရဘဲ ဖြစ်ပါတယ်။ သင့်ရဲ့ထာဝရအကြောင်းအရာတွေကိုလည်း သင်ပြောတဲ့အရာတွေအပေါ်မှာဘဲ မူတည်ပါတယ်။ သင်ထာဝရ ရှိနေမဲ့နေရာဘဲ ဖြစ်ပါတယ်။ အဲဒါ ကြောင့် အဲလိုမလုပ်ပါနဲ့။

53 ၅၃။ ထွက်ပေါ်လာတဲ့ အကြောင်းအရာနဲ့ပတ်သက်လို့ အားလုံး အေးအေးဆေး ဆေးထိုင်ပြီး ဆွေးနွေးကြဘို့ဘဲ ဖြစ်ပါတယ်။ သူတို့ဟာ ရောက်လာကြပြီး အသင်းတော်က ဘာပြောလဲဆိုတော့ သူကတော့ ဘာသာရေးနဲ့ပတ်သက်လို့ ပြုပြင် ပြောင်းလဲမဲ့သူဘဲ။ ဘာမှ အဓိပ္ပါယ်မရှိဘူးလို့ ပြောကြပါတယ်။ ဒါပေမဲ့လည်း ကိုယ်တော်က ဘာပြောသလဲဆိုတော့ နှုတ်ကပတ်တော်ကို သေချာရှာဖွေပြီး ဖတ်ပါ။ ထာဝရအသက်ရှိပါတယ်။ ငါဘယ်သူဘယ်ဝါ ဖြစ်တယ်ဆိုတာကို ရှာဖွေပြီး နှုတ်ကပတ်တော်က ဖော်ပြလိမ့်မယ်လို့ ဆိုပါတယ်။ အဲဒီအခါမှာ ယောက်ျားတွေ၊ မိန်းမတွေ၊ ခရစ်ယာန်လို့ မိမိကိုယ်ကိုမိမိ ခေါ်တဲ့လူတွေ၊ သူတို့ရဲ့ ထာဝရကာလနဲ့ပတ်သက်လို့ ဘာဖြစ်မယ်ဆိုတာကို စိတ်ဝင်စားတဲ့လူတွေက သမ္မာကျမ်းစာကို လေ့လာပါတယ်။ ကိုယ်တော်ရှင် ဘယ်သူဘယ်ဝါဆိုတာ ရှာဖွေကြည့်ပါတယ်။ မေးခွန်းတွေ မေးပါတယ်။ ဒီလူဟာ ဘယ် သူလဲ။ သူတို့ကလည်း ဖြေပါတယ်။ သူဒီမှာ ရှိတယ်။ မတူပါဘူး။ သူကလူတစ်ယောက်ဘဲ။ သူက အဲဒီလို ဖြစ်ရမဲ့ လူတစ်ယောက်ဘဲ။ အချို့သောသူတွေက ဘိသိတ်ပေးခြင်း ခံရတယ်။ ပြောရမှာခက်တယ်။ ဒါပေမဲ့လည်း တစ်ကယ် ဟုတ်တယ်။ တစ်ကယ်ဘဲ နှုတ်ကပတ်တော်ထဲမှာ ဖော်ပြထားတယ် စသည်ဖြင့် ပြောကြပါတယ်။

54 ၅၄။ ဒီနေ့ တစ်ချို့သောသူတွေက ဘာပြောသလဲဆိုတော့ ငါက နှုတ်ကပတ်တော် ကို ယုံကြည်တယ်။ နှုတ်ကပတ်တော်က မှန်ကန်တယ်။ နှုတ်ကပတ်တော် တစ်လုံးစီက မှန်ကန်တယ်။ အချို့သောသူတွေက ဘာပြောသလဲဆိုတော့ ငါတို့ရဲ့သင်း အုပ်ဆရာတွေက သွားပြီးတော့ လေ့လာသင်ကြားပြီးတော့ ဘာပြောရမယ်၊ အဲဒီအကြောင်းအရာနဲ့ပတ် သက်ပြီး ဘာပြော ရမလဲဆိုတာကို သိလာကြပါတယ် မိတ်ဆွေ။ အခြားသောသူတစ်ယောက်က ဘာပြောလဲဆိုတော့ ကျွန်တော် မသိဘူး။ ကျွန်တော်ကတော့ အဲဒီအဖွဲ့ထဲကို ဝင်ကြည့်တယ်။ ကျွန်တော်မကြိုက်ဘူး။ တစ်ခါ နောက်အဖွဲ့တစ်ဖွဲ့ထဲကို ဝင်ကြည့်တယ်။ ဘယ်အဖွဲ့ထဲ ဘယ်အုပ်စုထဲမှာ သွားပါဝင်ရမလဲဆိုတာ ကျွန်တော်မသိတော့ပါဘူး။ လူအုပ်ကြီးဘဲ ဖြစ်တယ်။ ဘယ်နည်း လမ်းကို ရွေးရမလဲဆိုတာ ကျွန်တော်မသိတော့ဘူး။ အဲဒီလိုဘဲ ဖြစ်ခဲ့ပါတယ်။ ဟိုးအစကတည်းက အဲလိုဘဲ ဖြစ်ခဲ့တယ်။ အမြဲတမ်းဘဲ အဲလိုဘဲ ဖြစ်နေပါတယ်။

55 ၅၅။ ယခုအခါမှာ သမ္မာကျမ်းစာ ဖေါ်ပြတဲ့ အမှန်တရားကို ဒီအချက် ဒီအ ကြောင်းအရာနဲ့ပတ်သက်လို့ ကျွန်တော် စဉ်းစားကြပါစို့။ ဟိုးအစအဦးမှာဆိုရင် ဒီလိုဘဲ စလာပါတယ်။ ဒီနေ့လည်း ဒီလိုဘဲ ဖြစ်ခဲ့ပါတယ်။ ဘာမှ ပြောင်းလဲမှု မရှိပါဘူး။ အာဒံသည် ယုံကြည်သူ ဖြစ်ပါသည်။ စာတန်သည် မယုံကြည်သူ ဖြစ်ပါသည်။ သူသည် နှုတ်ကပတ်တော်ကို မယုံကြည်ပါ။ သူဧဝကို လှည့်ဖျားနိုင်ပါသည်။ ဧဝက မသေချာသူ ဖြစ်နေပါသည်။ မှားသလား။ မှန်သလား။ မဆုံးဖြတ်တတ်သူဖြစ်သည်။ စာတန်သည် မယုံကြည်သူ ဖြစ်သည်။ ဘုရားသခင်ကပြောသည်။ အဲဒီအပင်ကအသီးကိုစားတဲ့ နေ့ကတော့ မင်းတို့သေ တဲ့နေ့ဘဲလို့ ဆိုထားပါတယ်။ စာတန်က ဘာပြောလဲဆိုတော့ အဲဒါမဟုတ်ဘူး။ သူက အဲဒီစကားကိုမယုံကြည်ဘူး။ အာဒံက တော့ ယုံကြည်ပါတယ်။ ဒါကြောင့်မို့လို့ သူက ဇဝေဇဝါဖြစ်နေသူ အားဖြင့် အလုပ်လုပ်ခဲ့ပါတယ်။ သူတို့ မပြောတတ်ဘူး။ သူမကလည်း မပြောတတ်ပါဘူး။

56 ၅၆။ အမျိုးသမီးက အနာဂတ်ဂိုဏ်းဂဏ အသင်းတော်ကို ကိုယ်စားပြုပါတယ်။ အဲဒီဂိုဏ်းဂဏဆိုင်ရာ အသင်းတော်ကို အမျိုးသမီးက ကိုယ်စားပြုမှာ ဖြစ်ပါတယ်။ ကမ္ဘာဦးကျမ်းမှာ တွေ့ရပါတယ်။ အဲဒါဟာ မျိုးစေ့ဘဲ ဖြစ်ပါတယ်။ ကမ္ဘာဦး ကျမ်းကနေ စတင်ပါတယ်။ အဲဒီအကြောင်းအရာနဲ့ ပတ်သက်လို့ သေသေချာချာ နားလည်လာမှာ ဖြစ်ပါတယ်။ သူမဟာ အသင်းတော်ကို ကိုယ်စားပြုပါတယ်။ ဘာကြောင့်လဲဆိုတော့ တစ်ချို့က ပြောပါတယ်။ ပရက်ဘီတေးရီးယန်း၊ လူသာရင်၊ နောက်ပြီးတော့ ဒီမှာစုဝေး နဲ့ စီးပွားရေးသမားတွေအားလုံး စုပေါင်းပြီးတော့ ဂိုဏ်းဂဏဆိုင်ရာ အသင်းတော်လို့ ဆိုပါတယ်။ ကျွန်တော်တို့ဟာ ဝိညာဉ်တော်ဗတ္တိဇံကို ရယူလိုပါတယ်။ နှုတ်ကပတ်တော်ကိုလည်း ရယူလိုပါတယ်။ ကျွန်တော်တို့ ရောက်ရှိလိုတဲ့နေ့ရက်ကို သင်သိလိုပါသလား။ နှုတ်ကပတ် တော်ကို သူတို့ ဘယ်တော့မှ မရရှိနိုင်တဲ့ အချိန်ဘဲ ဖြစ်ပါတယ်။ သခင်ယေရှုကို သင်သိပါသလား။ အိပ်ငိုက်နေတဲ့ သတို့သမီးကညာတွေကိုရော သိပါသလား။

အိပ်ငိုက်နေတဲ့ သတို့သမီးကညာတွေဟာဆိုရင် ဆီကို လိုက်ပြီးတောင်းကြ ပါတယ်။ ဘယ်မှာမှ ဆီကို လိုက်ပြီးတောင်းလို့ မရပါဘူး။ နှုတ်ကပတ်တော်ကို မရပါဘူး။ ဘယ်တော့မှလည်း ရမှာမဟုတ်ပါဘူး။ သတို့သမီးဟာ ထွက်သွားပြီ။ အဲဒီသတို့ သမီးဟာ ချီဆောင်ခြင်းခံရပြီဆိုရင် အသင်းတော်တွေကကျန်ခဲ့ပြီး ဆက်လက်တည်ရှိနေဦးမှာ ဖြစ်ပါတယ်။ လူတွေကလည်း သူတို့ ကယ်တင်ခြင်းရတယ်လို့ သူတို့ကိုယ်သူတို့ ထင်ပါတယ်။ သူတို့ အမြဲတမ်းဘဲ ထင်ခဲ့သလိုဘဲ ဖြစ်ပါတယ်။ နောဧ ရဲ့ခေတ်ကာလအကြောင်းကို ဆက်လက်ပြောပြလိုပါတယ်။ သူတို့ဟာ စားလိုက်သောက်လိုက်နဲ့ နေကြပါတယ်။ သူတို့လုပ် ရိုးလုပ်စဉ်အတိုင်းဘဲ ဆက်လက်လုပ်နေကြပါတယ်။ သူတို့ ဘာမှမသိပါဘူး။ အဲဒီအချိန်မှာ တံခါးကို ပိတ်လိုက်ပါတယ်။ ဒါကြောင့်မို့လို့ အချိန်မရွေး တံခါးပိတ်သွားနိုင်ပါတယ်။ အဆင့်သင့်လုပ်ထားကြပါ။ ကျွန်တော်သိသလောက်ဆိုရင် ဘယ် အချိန်လဲဆိုတာကို ကျွန်တော် မပြောနိုင်ပါဘူး။

57 ၅၇။ လူအနည်းငယ်သာ အဲဒီ တံခါးထဲကနေ ဝင်သွားပြီးတော့ နောဧသင်္ဘော ကြီးထဲမှာ လွတ်မြောက်ခွင့်ရပါတယ်။ နောဧရဲ့ ခေတ်ကာလက ဝိညာဉ်(၈)လုံးသာ ကယ်တင်ခြင်း ရပါတယ်။ လူသားကြွလာတဲ့အခါမှာလည်း အဲဒီလိုဘဲ ဖြစ်မှာပါဘဲ။ဝိညာဉ်အနည်းငယ်သာ ကယ်တင်ခြင်းရပါမယ်။ (၈)ယောက်၊ (၈)ထောင်၊ (၈)ရာ၊ (၈)သန်းစသည်ဖြင့် ကျွန်တော် မပြောလိုပါဘူး။ ကျွန်တော်လည်း ဘယ်လောက်လည်း ဆိုတာ မသိပါဘူး။ ဒါပေမဲ့လည်း သတို့သမီးဟာဆိုရင် ဒီကမ္ဘာလောကကြီးမှာ အုပ်စုသေးသေး လေးအုပ်စုအနည်းငယ်ဘဲ နေမှာမဟုတ်ပါဘူး။ သတ္တမမြောက်တံဆိပ်ကို ဖွင့်လိုက် တဲ့အခါမှာ ကိုယ်တော်ရှင် ကြွလာတဲ့အခါမှာ ဒီသတို့သမီးကညာတွေအားလုံးဟာထပြီး သူတို့မီးခွက်တွေကို ဆီမီး ထွန်းကြပါတယ်။ လူတိုင်းဟာ နှုတ်ကပတ်တော်ကို ယုံကြည် ပါတယ်။ ခေတ်ကာလတစ်လျှောက်လုံး ပြန်ပြီးကြည့်မယ်ဆိုရင် ယုံကြည်တဲ့ အကြောင်းကို တွေ့ရပါမယ်။ ပိရမစ်ရဲ့ အောက်ခြေကဲ့သို့ဘဲ ဖြစ်ပါတယ်။ သို့သော်လည်း ထိပ်ဆုံး ပိရမစ်ရဲ့ ကျောက်ကတော့ အားလုံးကို ခြုံငုံထားမှာ ဖြစ်ပါတယ်။ အားလုံးကိုစုပုံလိုက်တဲ့အခါမှာ သတို့သမီးဟာ ခေတ်ကာလ တစ်လျှောက်လုံး ပါဝင်တဲ့သတို့သမီးဘဲ ဖြစ်ပါတယ်။ သူဟာ ယုံကြည်သူဖြစ်ပြီး ခရစ်တော်ကို ကယ်တင်ပိုင်ရှင်နဲ့ အရှင်သ ခင်အဖြစ် လက်ခံခဲ့ပါတယ်။

58 ၅၈။ ဧဝက မသေမချာ ဖြစ်နေပါတယ်။ အာဒံက သူမကို ပြောပြပါတယ်။ ဘုရားသခင်က အဲဒီအသီးကို စားတဲ့နေ့မှာ သေရမယ်လို့ ဆိုထားပါတယ်။ ဒါပေမဲ့လည်း စာတန်က ဆိုပါတယ်။ အဲဒါ မမှန်ဘူး၊ စဉ်းစားကြည့်ပါ။ ဖခင်တစ်ယောက်က သူ့သားသမီးတွေကို အဲဒီလိုလုပ်မလား ¿ ဟာသလုပ်တာဘဲ။အဲဒါ မဖြစ်နိုင်ပါဘူး။ နောက်ဆုံး ဧဝက ဘာလုပ်လိုက်လဲ။ သူဟာ အာဒံပြောတဲ့ဘက်ကို ပါသွားပါ တယ်။ အသင်းတော်လည်း ယနေ့ အဲဒီအတိုင်းဘဲ ဖြစ်နေပါတယ်။ ငါတို့ကတော့ အသင်းတော်ကြီးတစ်ခု ဖြစ်တယ်။ ငါတို့ကတော့ လူအုပ်ကြီး ဖြစ်တယ်။ ဒါတွေအားလုံးဟာဆိုရင် အရမ်းကို တစ်ဖက်စွန်း ရောက်နေတဲ့သူတွေ ဖြစ်တယ်။ သန့်ရှင်းသောဝိ ညာဉ်တော်ဗတ္တိဇံဆိုတာ အဲဒါတွေက အဓိပ္ပါယ်မရှိဘူး။ အဲလိုဟာမျိုး မရှိခဲ့ဘူး။ ငါတို့ကတော့ ဘုရားကျောင်း မှန်မှန်တက်တယ်။ ဆယ်ဘို့တစ်ဖို့တွေ မှန်မှန်ပေးတယ်။ သေချာတယ်။ ငါတို့အမေတွေကလည်း ဘုရားကျောင်း မှန်မှန်တက်တယ်။ ဒါပေမဲ့လည်း ဘုရားသခင်က အဲလို မပြောပါဘူး။ ဤလောဒိကိ အသင်းတော်ကာလကို ကြည့်ပါ။ တံခါးကို ပိတ်ထားပြီးတော့ တံဆိပ်ခတ်ထားပါတယ်။ ခရစ်တော်ကတော့ အပြင်မှာ ရှိနေပါတယ်။ ယနေ့လည်း နှုတ်ကပတ်တော်ကို အပြင်မှာ ထားပါတယ်။ အရင်တုန်းကလည်း အဲဒီလိုဘဲ အမြဲတမ်းဘဲ ဖြစ်ခဲ့ ပါတယ်။

59 ၅၉။ မောရှေကိုကြည့်ပါ။ ဘိသိတ်ပေးခံရတဲ့ နှုတ်ကပတ်တော် ဖြစ်ပါတယ်။ ခင်ဗျားတို့ နားလည်မယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။ ကိုယ်တော်ရှင်ဟာ မေရှိယ ဖြစ်တယ်လို့ ပြောတဲ့အခါမှာ သူဟာ ဘိသိတ်ခံရတဲ့သူဖြစ်ပြီး ထိုနေ့ရက်ကာ လအတွက် သတိပေးခြင်း ခံရပါတယ်။ မောရှေဖြစ်ခဲ့ပါတယ်။ သင်ယုံကြည်ပါသလား။ နှုတ်ကပတ် တော်ဖြစ်တယ်။ နှုတ်က ပတ်တော် မေရှိယရဲ့အဓိပ္ပါယ်က ဘိသိတ်ခံရခြင်းဘဲ ဖြစ်ပါတယ်။ နောဧကလည်း သူ့ရဲ့ခေတ်ကာလက ဘိသိတ်ပေးခြင်းခံရ ဖြစ်ပါတယ်။ အာဗြဟံကလည်း အဲဒီအကြောင်းကိုဘဲ ပြောပါတယ်။ နှစ်ပေါင်း (၄၀၀) ချီနှောင်ခြင်း ခံရပြီးတော့ကိုယ်တော်ရှင်ရဲ့ကြီးမားသောလက်တော်ကသူတို့ကို လွတ်မြောက်စေပါတယ်။ အံ့ဘွယ်နိမိတ်လက္ခဏာတွေ ပြခဲ့ပါတယ်။ မျိုးဆက်တစ်ဆက်ပြီးတစ်ဆက် ပြောင်းလဲလာပါတယ်။ မောရှေဟာဆိုရင် အဲဒီနေရာမှာ ရပ်ပြီးထိုခေတ်ထိုကာလရဲ့ ဘိတ်သိတ်ခံရ တဲ့ ပုဂ္ဂိုလ်ဘဲ ဖြစ်ပါတယ်။ ဒါကြောင့်မို့ သူဟာသူ့ရဲ့ ရင်ဘတ်ထဲကို လက်ထည့်လိုက်တယ်။ဘာကြောင့်လဲ ¿ ဘုရားသခင်ရှေ့တော်မှာဘဲ ရပ်နေလို့ ဖြစ်ပါတယ်။ အာမင်။ တစ်ကယ်ကြီးမြတ်လှတဲ့ ဘုရားသခင်ရဲ့ရှာကီးနား ဘုန်းတော် ဟာ သူ့ကို ပတ်ရစ်ထားပါတယ်။ သူ့ရဲ့လုပ်ရှားမှုတိုင်းဟာ ဘုရားသခင်ကို က်ိုယ်စားပြုပါတယ်။

အသင်းတော်ကလည်း အဲဒီလို ရပ်တည်နေသင့်ပါတယ်။ ကျွန်တော်တို့ဟာ အဲဒီလို ဖြစ်ရမဲ့အစား ဂိုဏ်းဂဏဆိုင်ရာအရာအားလုံးကို ဖယ်ချွတ်လိုက်ရမှာ ဖြစ်ပါတယ်။

60 ၆၀။ မောရှေကို သဘောကျပြီး သူ့နောက်ကို လိုက်ကြပါတယ်။ မီးတောက်မီးလျှံ တွေနဲ့တောက်ပနေတဲ့ ခြုံပင်ကိုလည်း တွေ့ရပါတယ်။ မောရှေဟာ အဲဒီနေရာမှာရပ်ပြီး ဘိသိတ်ပေးခြင်း ခံရသူဘဲ ဖြစ်ပါတယ်။ သူဘာလုပ်နေလဲဆိုတာကို သူ့ကိုယ်သူ မသိပါ ဘူး။ သူ့အားပေးအပ်ခြင်းခံရတဲ့ လက္ခဏာတွေဟာလည်း သူ့ရဲ့သိုးမွေးကိုင်တဲ့ တောင် ဝှေးပေါ်မှာ ရှိနေပါတယ်။ အဲဒီတောင်ဝှေးဟာဆိုရင် တောထဲမှာ တောက်လျှောက် သူကိုင်ရမှာ ဖြစ်ပါတယ်။ မြွေဖြစ်သွားပါတယ်။ နောက်ပြီးတော့ အဲဒီတောင်ဝှေးဟာ ဆိုရင် ယဇ်ပူဇော်ရမဲ့အရာဘဲ ဖြစ်ပါတယ်။ မြွေဟာလည်း တောထဲမှာ လိုက်ပြီးရှိနေပါ တယ်။ သူလုပ်သမျှအရာတွေအားလုံး အံ့ဘွယ်နိမိတ်လက္ခဏာတွေ အသံတော်တွေအား လုံးနဲ့ သူဟာ သူ့လူတွေကို စကားပြောနေပါတယ်။ သူနဲ့တစ်ခုခု ဆက်စပ်နေပါတယ်။ မောရှေကလည်း သူ့ကိုယ်သူတောင် မသိပါဘူး။ ဒါပေမဲ့လည်း အဲဒီခေတ်ကာလမှာ သူဟာ ဘိသိတ်ခံရတဲ့ နှုတ်ကပတ်တော်ဘဲ ဖြစ်ပါတယ်။ သူဟာ ဘိသိတ်ခံရတဲ့ သတင်း စကားပို့ဆောင်သူ ဖြစ်ပါတယ်။ ထိုကာလရဲ့ သတင်းစကားပို့ဆောင်သူ ဖြစ်ခဲ့ရင် သူဟာ အဲဒီအချိန်ကာလရဲ့ မေရှိယဖြစ်ပါတယ်။ သူဟာ ဘိသိတ်ခံရသူ ဖြစ်ပါတယ်။ ယောရှုနဲ့ကာလက်ဟာ အဲဒီအုပ်စုထဲမှာ ယုံကြည်သူများဖြစ်ပြီး အဲဒီသမ္မာတရားကို အခြားသောသူများကို သွန်သင်ပေးပါတယ်။ စာတန်ဖြစ်တဲ့ ဒါသန်နဲ့ကောရတို့ကတော့ လူတွေကို ပျောက်ပျက်သေဆုံးသွား စေခဲ့ပါတယ်။ ပြဿနာဖြစ်စေခဲ့ပါတယ်။

61 ၆၁။ ဘုရားသခင်က မောရှေကို ရွေးချယ်ခဲ့ပါတယ်။ သူကမသွားချင်ပါဘူး။ ပရောဖက်တွေကလည်း ထိုပရောဖက်တို့မှာ ထိုကဲ့သို့ ခက်ခဲသောအရာများ ပြုလုပ်ရန် ရှိပါသည်။ သူတို့ ထွက်မသွားချင်ပါ။ လှောင်ပြောင်ခြင်းကိုလည်း မခံလိုပါ။ သူတို့ မိသားဟာရဖွဲ့လိုသည်။ သူတို့နှင့်အတူ ပူပေါင်းလိုသည်။ အခြားသောညီအစ်ကို မောင် နှမများနဲ့အတူ ပြေပြေလည်လည် ရှိလိုပါသည်။ သို့သော်လည်း ပရောဖက်ဆိုသည်မှာ ဒါကိုမလုပ်ချင်ပေမဲ့လည်း တစ်နည်းအားဖြင့်ဆိုလျှင် ငါ့ရဲ့နှလုံးသားတစ်ခုလုံး မီး တောက်လောင်မှာ ဖြစ်ပါတယ်။ ဘုရားသခင်က ငါ့ကို ပြောပါတယ်။ ဒါကြောင့် ငါက တစ်ဆင့် ပြန်ပြောရမှာ ဖြစ်ပါတယ်။ သူတို့ကြိုက်သည်ဖြစ်စေ၊ သူတို့ငါ့ကို သတ်သည် ဖြစ်စေ၊ သူတို့ ငါ့ကို ကျောက်ခဲနှင့်ဘဲ ပစ်ပစ် ဘာဘဲလုပ်လုပ် ဘုရားသခင်က သူ့ရဲ့ နှလုံးသားထဲမှာ စကားပြောနေတဲ့အတွက် သူက အဲဒီအကြောင်းကို ပြောကိုပြောရပါ တော့မယ်။ ဘယ်လိုမှ မပြောဘဲမနေပါဘူး။ နာခံမှုကို ရှိရမှာ ဖြစ်ပါတယ်။ နာခံမှုဆို တာ စွန့်လှူပူဇော်ခြင်းထက် သာပါတယ်။ နာခံခြင်းဘဲ ဖြစ်ပါတယ်။ သိုးတွေရဲ့ဆီဥတွေနဲ့ ပူဇော်ခြင်းဘဲ ဖြစ်ပါတယ်။ သူ့ရဲ့နှလုံးသားထဲမှာတော့ သူလုပ်ကို လုပ်ရမှာ ဖြစ်ပါတယ်။ သူ့ရဲ့အသက်တာဘဲ ဖြစ်ပါတယ်။ သူမလုပ်ဘဲ မနေနိုင်ပါဘူး။ သူတို့ကို တစ်စုံတစ်ခုက တွန်းအားပေး နေပါတယ်။ ကောင်းချီး မပေးလို့လည်း မရပါဘူး။ ကျိန်ဆဲလို့လည်း မရပါဘူး။ ဘုရားသခင်က သူတို့ကို လုံး၀ ထိန်းချုပ် ထားပြီး ဖြစ်ပါတယ်။ ကိုယ်တော်ရှင်ရဲ့ အသံတော်ဟာ သူတို့ရဲ့အသံတော်ဘဲ ဖြစ်နေပါတယ်။ သူတို့ရဲ့လှုပ်ရှားမှုဘဲ ဖြစ်နေ ပါတယ်။ ဟာလေလုယာ။ ဘုရားသခင်ရဲ့ ဘိသိတ်ပေးခြင်း လုံး၀ရှိနေရမဲ့ အသင်းတော်ကို ကျွန်တော့် ကို ပေးပါ။ ဒါမှသာ လှုပ်ရှားမှုတိုင်းဟာ ကိုယ်တော်ရှင် မိန့်တော်မူတဲ့အတိုင်း ဖြစ်ပြီး ရှကီးနားဘုန်းတော်၌ လျှောက်လိုက်သောသူများ ဖြစ်မှာ ဖြစ်ပါတယ်။ ကျွန်ုပ်သည် မေရှိယ ဘုရားသခင် ဘိသိတ်ပေးသောသူများ ဖြစ်မှာ ဖြစ်ပါတယ်။ ကမ္ဘာလောကကြီး မှာ ရပ်နေပြီ ဖြစ်ပါတယ်။

62 ၆၂။ မောရှေဟာ မီးတောက်နေတဲ့ ခြုံပုတ်နားမှာ ရပ်နေပါတယ်။ ရှကီးမားဘုန်း တော်နဲ့ ဖုံးလွှမ်းနေပါတယ်။ အဲဒီနေရာမှာ ရပ်နေတဲ့အခါမှာ ဘိသိတ်ခံနေရပါတယ်။ သူဘာလုပ်နေသလဲဆိုတာကိုတောင် သူ့ကိုယ်သူ မသိတော့ပါဘူး။ အသံတော်က အမိန့် ပေးတဲ့အတိုင်း သူကနာခံရပါတယ်။ သင့်ရဲ့ ရင်ဘတ်ထဲကို လက်ကိုထည့်လိုက်ပါ။ ပြန်ထုတ်လိုက်ပါ။ အဲဒီတောင် ဝှေးကို ကောက်ကိုင်လိုက်ပါ။ မြွေဖြစ်စေရန် ပစ်ချလိုက်ပါ။ တစ်ခါနောက်တစ်ခါ ပြန်ပစ်ချလိုက်ပါအုန်း။ ဘယ်သူတွေက ဘာပြောပြော သူက အမိန့်တော်အတိုင်းဘဲ လုပ်နေဆဲဘဲ ဖြစ်ပါတယ်။

ကိုယ်တော်ရှင် ကိုယ်တော်ရှင်ရဲ့ ဘုန်းတော်ကို ပြသတော်မူပါ။ ကျွန်တော် အီဂျစ်ပြည်ကို သွားတော့မှာ ဖြစ်ပါတယ်။ ကျွန်တော်ဟာ စကားပြောတတ်လို့တော့ မဟုတ်ပါဘူး။ ကောင်းကောင်း မပြောတတ်ပါဘူး။ ကိုယ်တော်ရှင် ဘုန်းတော်ကိုသာ ကျွန်တော့်အား တွေ့မြင်စေပါလို့ သူကပြောပါတယ်။ အဲဒီတော့ ကိုယ်တော်ရှင်က သူ့ကို ပြသတော်မူပါတယ်။ သူဟာ ဆင်းသွားတဲ့အခါမှာ အဲဒီအရာတွေကို ယူသွားပါတယ်။ သူ့အား ဘိသိတ်ပေးထားသော မေရှိယဖြစ်တယ်ဆိုတာကို ပြသဘို့ဘဲ ဖြစ်ပါ တယ်။ သူက မြေတစ်ဆုပ်ကိုယူပြီး လေထဲကို လွှင့်ပစ်လိုက်ပါတယ်။ ယင်ကောင်တွေနဲ့ ပိုးမွှားလေးကောင်တွေ မြေမှုန့်ထဲကထွက်လာပြီး တစ်လောကလုံးကို ဖုံးအုပ်သွားပါ တယ်။ ဘယ်သူက ဖန်ဆင်းနိုင်မှာလဲ။ ဘုရားသခင်ဘဲ ဖန်ဆင်းနိုင်ပါတယ်။ မြစ်ထဲက ရေကိုခပ်ယူပြီး ကမ်းနဖူးမှာ လောင်းချ လိုက်ပါ။ အီဂျစ်ပြည်မှာရှိတဲ့ ရေစက်ကလေးတစ် စက်တောင်မှမကျန် သွေးဖြစ်သွားပါတယ်။ အဲဒါကို ဘယ်သူ လုပ်နိုင်ပါသလဲ။ ဘုရားသခင်ဘဲ လုပ်နိုင်ပါတယ်။ အဲဒီအရာက ဘာလဲ။ သူက မိမိအသက်တာကို ဘုရားသခင်ကို ဆက် ကပ်အပ်နှံခြင်း၊ ဘုရားသခင်ရဲ့ ဘိသိတ်ပေးတော်မူတဲ့ နှုတ်ကပတ်တော်ကို ဆက်ကပ်အပ်နှံခြင်းကြောင့်ဘဲ ဖြစ်ပါတယ်။ နောက်ဆုံးတစ်ဖန် မေရှိယ ဖြစ်သွားပါတယ်။

အဲဂုတ္တုတ်လူတွေဟာ အဲဒါတွေကိုငြင်းပယ်ဘို့ ကြိုးစားပါတယ်။ မယုံကြည် သူတွေဟာ အဲဒါတွေကို ဖယ်ရှားပစ်ပါတယ်။ ယုံကြည်ချင်ယောင်ဆောင်သူတွေက လည်း သူတို့နည်းလမ်းတွေကို သူတို့ရှာဖွေကြပါတယ်။ လုပ်ဆောင်ကြပါတယ်။ ဒါပေမဲ့ လည်း ဘုရားသခင် နှုတ်ကပတ်တော်က ကတိထားတော်မူသောပြည်အထိတိုင်အောင် ပို့ဆောင်ပါတယ်။ သူတို့ဟာ ဘိသိတ်ခံရသူတွေဘဲ ဖြစ်ပါတယ်။ သူဟာ မေရှိယဘဲ ဖြစ်ပါတယ်။

63 ၆၃။ နောက်ထပ်မေးခွန်းတစ်ခုကတော့ တောထဲမှာ ပေါ်ထွက်လာပါတယ်။ ကျွန်တော့်ညီကိုတွေကို ကျွန်တော် ကြည့်ချင်ပါ သေးတယ်။ သူတို့ဟာဆိုရင် ကောင်းချီး မင်္ဂလာတွေကြောင့် ပျော်ရွှင်နေပါတယ်။ ဒီပရောဖက်ရဲ့ တရားဟောချက်တွေ ကြောင့် နှစ်သက်တယ်။ သူ့ကို ယုံကြည်တယ်။ ဘိသိတ်ခံရတဲ့သူလို့ လက်ခံတယ်။ သူ့နောက်ကို လိုက်တယ်။ ဒါပေမဲ့လည်း တောထဲမှာ ပြဿနာတစ်ခု ဖြစ်လာပါတယ်။ သူတို့ထဲက တစ်ယောက်ဖြစ်တဲ့ ဒါသန်ဘဲ ဖြစ်ပါတယ်။ နောက်တစ်ယောက် ကတော့ ခိုရာဘဲဖြစ်ပါတယ်။ သူတို့နှစ်ယောက်က လူတစ်ယောက်ထဲကနေပြီး တစ်ကိုယ်ကောင်းဆန်ဆန် လုပ်သွားတာဘဲ။ ဘုရားသခင် ရွေးချယ်ထားတဲ့သူက သူတစ်ယောက်ဘဲလို့ မောရှေက

ထင်နေပါတယ်လို့ သူတို့ကပြောပါတယ်။

တစ် ယောက်ထဲ ဟောပြောတဲ့ သတင်းစကားကို သူတို့ လက်မခံလိုပါဘူး။ သူတို့ လုံးဝလက်မခံလိုပါဘူး။ ဘုရားသခင် ကလည်း လူတစ်ယောက်ထဲအားဖြင့်သာ အလုပ်လုပ်သွားပါတယ်။ တစ်ယောက်ထဲရဲ့ သတင်းစကားဘဲ ဖြစ်ပါတယ်။ လူအများနဲ့ ကိုယ်တော်ရှင် ဘယ်တုန်းကမျှ လုပ်ဆောင်ဘူးပါသလဲ။ တစ်ယောက်ထဲနဲ့ ကိုယ်တော် ရှင် လုပ်ဆောင်ခြင်းဘဲ ဖြစ်ပါတယ်။ အုပ်စုလိုက် မဟုတ်ပါဘူး။ လူတစ်ဦးတစ်ယောက် ထဲအားဖြင့်သာ ဖြစ်ပါတယ်။ သင်ဟာ ဘုရားနဲ့ပတ်သက်ရင် တာဝန်ရှိပါတယ်။ သင်တို့ တစ်ယောက်စီမှာ တာဝန်ရှိပါတယ်။ သင်ကလည်း အို. ကျွန်တော်ယုံကြည်ပါတယ်လို့ ဆိုပါမယ်။ သင်ဘာလုပ်ပါသလဲ။ သင်နှစ်သက်ပါတယ်။ သင်က အတွေးအခေါ်တစ်ခု ကို နှစ်သက်မှုရှိပါတယ်။

64 ၆၄။ ဒီနေရာမှာ အမျိုးသမီးတစ်ယောက် ရပ်နေပါတယ်။ ကျွန်တော်ကတော့ လူငယ်တစ်ယောက်ပါ။ ကျွန်တော်ကတော့ မင်္ဂလာဆောင်ဘို့ စောင့်စားနေပါတယ်။ သူဟာဆိုရင် အဖက်ဖက်ကနေ ကျွန်တော်လိုချင်တဲ့ အရည်အချင်းတွေနဲ့ ပြည့်စုံနေပါတယ်။ သူမဟာ တစ်ကယ်ဘဲ ချစ်ခင်နှစ်သက်ဘွယ်ကောင်းတဲ့ ခရစ်ယာန်မလေးဘဲ ဖြစ်ပါတယ်။ သူမရဲ့ သွင်ပြင်သဏ္ဌာန်၊ သူမရဲ့ ဝတ်စားဆင်ယင်ပုံ၊ သူမရဲ့လှုပ်ရှားမှု အားလုံးတို့ဟာ အရမ်းဘဲ နှစ်သက်ဘွယ်ကောင်းပါတယ်။ ကျွန်တော်အတွက်တော့ ဇနီးကောင်း ဖြစ်လာမှာဘဲလို့ ကျွန်တော် ယုံကြည်ပါတယ်။ ဒါပေမဲ့လည်း ကျွန်တော့် အတွက် ကျွန်တော်လက်ခံယူမှသာ ကျွန်တော် သူမကို ပိုင်ဆိုင်ရမှာ ဖြစ်ပါတယ်။ အဲဒီလိုဘဲ သတင်းစကားကလည်း အဲဒီလိုဘဲ ဖြစ်ပါတယ်။ သတင်းစကားကို အဖက် ဖက် နှစ်သက်ဟန် တင်ပြနိုင်ပါတယ်။ မှန်ပါတယ်။ ဒါပေမဲ့လည်း အဲဒီသတင်းစကားရဲ့ တစ်စိတ်တစ်ဒေသကို သင့်ကိုယ်သင် ယူတင်ဝတ်ဆောင်ဘို့ လိုပါတယ်။ အဲဒါမှလည်း သတင်းစကားနဲ့သင်ဟာ တစ်လုံးတစ်ဝတည်း တစ်သားတည်း ဖြစ်သွားမည် ဖြစ်ပါ သည်။ အဲဒီအချိန်မှာ သင်နှင့်အတူ ဘိသိတ်ပေးခြင်း ခံရမည်ဖြစ်ပြီး အခြားသောသူ များလည်း ရရှိမည် ဖြစ်ပါသည်။

65 ၆၅။ စာတန်က နှုတ်ကပတ်တော်ကို မယုံကြည်ပါ။ ဒါသန်ကို စာတန်ကအနိုင်ရသွားပြီး နှုတ်ကပတ်တော်ကို မယုံကြည် ရန်အတွက် သွေးဆောင်ပါသည်။ သူတို့အားလုံးလည်း သေကြေပျက်စီးရသောအဖြစ်သို့ ရောက်သွားပါသည်။ သို့သော် လည်း သင်က ပြောပေမည်။ ဘရာသာဘရမ်ဟမ် ခဏနေပါဦး။ လူ(၃)ဦးဖြစ်တဲ့ မောရှေ၊ ယောရှုနဲ့ ကာလက်တို့ဖြစ်ပါတယ်။ မှန်ပါတယ်။ ဒါပေမဲ့လည်း ခင်ဗျားပြောတာကတော့ နှစ်ယောက်ထဲလို့ ပြောပါတယ်။ အဲဒါဘယ်လိုလဲ။ သင်ကပြောပါတယ်။ သဘာဝထက်လွန်ကဲတဲ့ စာတန်ဘဲ ဖြစ်ပါတယ်။ သဘာဝထက်လွန်ကဲတဲ့ ဘုရားလည်း ရှိပါတယ်။ သူတို့(၃)ဦးစလုံးကို ဘိသိတ်ပေးထားပါတယ်။ စာတန်တစ်ဦးတည်းသာ ဘိသိတ်ခံရတာ မဟုတ်ပါဘူး။ နောက်တစ်ပါး ကြွလာဦးမှာ ဖြစ်ပါတယ်။ နောက်တစ်ပါး လာဦးမှာပါ။ ခဏလေး စောင့်ကြည့်ပါဦး။ သူဟာမြင်ကွင်းပေါ်မှာ ပေါ်လာမှာ ဖြစ်ပါတယ်။ သူ့ရဲ့နံမည်က ဗာလမ် ဖြစ်ပါတယ်။ သူဟာ ငွေမက်တဲ့ ပရောဖက်တစ်ပါး ဖြစ်ပါတယ်။ ကြေးစားပရောဖက်၊ မိစ္ဆာပရောဖက်ဘဲ ဖြစ်ပါတယ်။

66 ၆၆။ ပရောဖက် သုံးမျိုးသုံးစား ရှိပါတယ်။ ဣသရေလမှာ အဲဒီလိုဘဲ ဖြစ်ပါတယ်။ အဲဒီအုပ်စုတွေနဲ့အတူ အမြဲတမ်းဘဲ ပရောဖက်တွေ ရှိပါတယ်။ ဘုရင်တွေကို မျက်နှာချို သွေးပြီး အမြဲတမ်း စကားကောင်းကောင်း ပြောဘို့ဘဲ ဖြစ်ပါတယ်။ အာဟပ်ကဲ့သို့ဘဲ ဖြစ်ပါတယ်။ သူနဲ့အတူ ပရောဖက်အပါး (၄၀၀)လောက်ရှိပါတယ်။ သူတို့ဝတ်စားဆင် ယင်ပုံကတော့ တစ်ကယ့်ဘာသာရေးသမားလို ဝတ်ဆင်ပါတယ်။ အာဟပ်မင်းကြီးကို လည်း သူတို့က ပြောပါတယ်။ ယောရှဖတ်ကလည်း ဘာပြောလဲဆိုတော့ သူတို့ အ ယောက်(၄၀၀)ကိုသေချာ သင်တန်းပေးပြီးသား ဖြစ်ပါတယ်။ ဟေဗြဲပရောဖက်တွေ ဖြစ်ပါတယ်လို့ ပြောပါတယ်။ သူတို့အားလုံး လာပြီးပရောဖက် ပြုကြပါတယ်။ ဒါပေမဲ့လည်း လူတစ် ယောက်တည်း၊ ပရောဖက် တစ်ပါးတည်းကသာ သူ့အထဲမှာ ဘုရားသခင် ကျိန်းဝပ်နေတယ်။ ဘယ်အရာ များနေသလဲဆိုတာကို သိပါတယ်။ ဘာကြောင့်လဲဆိုတော့ သူက ဧလိယကို သိပါတယ်။ ဧလိယက ကျိန်ဆဲပါတယ်။ ဧလိယကျိန်ဆဲထားတဲ့အရာကို ဘုရားသခင် ဘယ်လိုလုပ်ပြီး ကောင်းချီးပေးနိုင်မှာလဲ။ မပေးနိုင်ပါဘူး။ လူတွေက ဘာပြောလဲဆိုတော့ တစ်ခြားတစ်ယောက် ရှိသေးလား။ ကျွန်တော်တို့ တစ်ခြားတစ် ယောက် ထပ်ပြီး မေးမြန်းဘို့ ရှိသေးလားလို့ သူက ပြောပါတယ်။ဒီမှာ တစ်ယောက် ရှိပါသေးတယ်။ မိက္ခာတစ်ယောက် ဖြစ်ပါတယ်။ အိမ် မလှတဲ့သား မိက္ခာဘဲ ဖြစ်ပါတယ်။ ငါသူ့ကို မုန်းတယ်လို့ သူကပြောပါတယ်။ သူက ငါတို့ကို တစ်ချိန်လုံး ကျိန်ဆဲနေတယ်။ ငါတို့ မကောင်းတဲ့အကြောင်းကိုဘဲ သူကပြော နေတယ်။ ဘယ်လိုလုပ်ပြီး ခြင်္သေ့ကြီးက ဟိန်းဟောက်နိုင်မှာလဲ။ ဘုရားသခင်မိန့်တော် မူတာ ဖြစ်ပါတယ်။ သမ္မာတရားကို ဘယ်သူက မပြောဘဲ နေနိုင်မှာလဲ¿ဘုရားသခင် ရဲ့နှုတ်ကပတ်တော်နဲ့ ဆန့်ကျင်ရင် သူကတော့ ကျိန်ဆဲရမှာဘဲ ဖြစ်ပါတယ်။ အမြဲတမ်း ဘဲ မိစ္ဆာပရောဖက်တွေ အလိုရှိပါတယ်။ အမြဲတမ်းဘဲ စစ်မှန်တဲ့ ပရောဖက်တစ်ပါးက ရှိစမြဲဘဲ ဖြစ်ပါတယ်။ သူတို့အားလုံးဟာ တစ်ပုံစံတည်းတော့ မဟုတ်ပါဘူး။ သူတို့ထဲက တစ်ယောက်တော့ မဟုတ်ပါဘူး။ ဘယ်ခေတ်၊ ဘယ်ကာလမဆို အဲဒီလိုဘဲ ဖြစ်ပါတယ်။ ဒီခေတ်ဒီကာလမှာလည်း ဒီလိုပါဘဲ။

67 ၆၇။ ခေတ်ကာလရဲ့ ပရောဖက်ကတော့ နှုတ်ကပတ်တော်ဘဲ ဖြစ်ပါတယ်။ ယနေ့ ခေတ်ကာလရဲ့ ပရောဖက်ကတော့ ကွာခြားမှု ရှိပါတယ်။ မက်သဒစ်ပရောဖက် ရှိတယ်။ နှစ်ခြင်းပရောဖက်ရှိတယ်။ ပင်တေကုတ္တေ ပရောဖက်ရှိတယ်။ ပရောဖက် တွေ အမျိုးစုံရှိပါတယ်။ တစ်နိုင်ငံလုံးမှာ ပျံ့နှံ့နေပါတယ်။ ဒါပေမဲ့လည်း တစ်ကယ်စစ် မှန်တဲ့ ပရောဖက်ကတော့ တစ်ပါးတည်းရှိပါတယ်။ မနေ့၊ ယနေ့၊ ထာဝရကာလအတူ တူဘဲ ဖြစ်ပါတယ်။ အဲဒါကတော့ သခင်ယေရှုဘဲ ဖြစ်ပါတယ်။ ကိုယ်တော်ရှင်ကနှုတ်က ပတ်တော် ဖြစ်တယ်။ ခေတ်ကာလရဲ့ ဘိသိတ်ခံရတဲ့ နှုတ်ကပတ်တော်ဘဲ ဖြစ်ပါတယ်။

68 ၆၈။ ကျွန်တော်တို့ ဆက်လက်ပြီးတော့ ခရီးဆက်နေဆဲမှာ သူ့ကို ကြည့်ကြပါစို့။ ယောရှုနဲ့ ကာလက်ကို တွေ့ရပါတယ်။ နောက်ပြီး ဗာလမ်ကိုလည်း တွေ့ရပါတယ်။ အငှားပရောဖက်တွေ ဖြစ်ပါတယ်။ သူဘာလုပ်ပါသလဲ။ သူကတော့ ဘုရားသခင်ပြော တဲ့အတိုင်းဘဲ လိုက်လျှောက်သွားပါတယ်။ ဘုရားသခင်ကလည်း သူ့ကို ပြသပါတယ်။ သူဟာ ယနေ့ ဂိုဏ်းဂဏတွေကို ကိုယ်စားပြုပါတယ်။ မိနစ်အနည်းငယ်အကြာမှာ ကျွန်တော် သူ့ကို ပြပါမယ်။ ဗာလမ်က ဘာလဲဆိုတော့ ကျွန်တော် ရှင်းပြပါမယ်။ တစ်ခြားလူတွေကလည်း ဘာလဲဆိုတာ ကျွန်တော် ရှင်းပြပါမယ်။ ဗာလမ်ဟာ ဂိုဏ်းဂဏကို ကိုယ်စားပြုပါတယ်။ ပိုပြီးတော့ အသိအမြင် တတ်ကျွမ်းမှုတွေ

လိုအပ်နေတဲ့သူ တစ်ယောက်ပါဘဲ။ အဲဒါများနေတယ်ဆိုတာ သူသိပါတယ်။ ဒါပေမဲ့လည်း သူဘာလုပ်သလဲ။ ဘုရားသခင် သူ့ကိုသတိပေးနေပါတယ်။ သတိပေးနေတာကို ဂရုမစိုက်ဘဲ ဆက် ပြီးလျှောက်လှမ်းနေပါတယ်။ သူက ငွေအရမ်းလိုချင်တယ်။ နံမည်အရမ်းကြီးချင်တယ်။အဲဒါနဲ့ဘဲ အုပ်စုအများထဲမှာ ပါသွားပါတယ်။ ယနေ့အသင်းတော်လည်း ထိုကဲ့သို့ပင် ပြုလုပ်နေပါတယ်။ World Council Of Churches လို့ခေါ်တဲ့ ကမ္ဘာ့အသင်းတော်များ ကောင်စီထဲကို လျှောက်သွားပါတယ်။ တစ်နိုင်ငံလုံးမှာ သတိပေးနေတဲ့အရာအားလုံးကို ဖြတ်သွားပြီး အံ့ဩဘွယ်နိမိတ်လက္ခဏာတွေ၊ နောက်ဆုံးသော အဖြစ်အပျက်တွေကို ကျော်လွှားသွားပြီးတော့ အဲဒီ အသင်းတော်များ ကောင်စီထဲကို ရောက်သွားပါတယ်။ ဘာကြောင့်လဲဆိုတော့ လူတွေရဲ့ချီးမြှောက်မှုကို သူတို့က အင်မတန်မှ နှစ်သက်တယ်။ ဘုရားသခင်ရဲ့နှုတ်ကပတ်တော်ထက်ကို လူတွေရဲ့ ချီးမြှောက်မှုကို နှစ်သက်နေကြလို့ပါ ဘဲ။

69 ၆၉။ ကျွန်တော့်မှာ မိတ်ဆွေကောင်းတစ်ယောက် ရှိပါတယ်။ သူဟာ ပင်တေကုတ္တေသတင်းစကားကို ဟောပြောတဲ့သူဘဲ ဖြစ်ပါတယ်။ လူတွေကို ဟောပြောပါတယ်။ အသင်းတော်တွေကိုလည်း တစ်ပေါင်းတစ်စည်းတည်း တညီတညွတ်တည်းဘဲ ဖြစ်စေပါ တယ်။ ကျွန်တော်တို့ဟာ ဒီအယ်ကယူမန်နီကယ် မုဖ်မန့်လို့ခေါ်တဲ့ လှုပ်ရှားမှုကြီးထဲကို ဝင်ရောက်ရမယ်လို့ သူက ဆိုပါတယ်။ အယ်ခူမီနီကယ် ဘာကြောင့်လဲ။ ခရစ်တော်ရဲ့ အသင်းတော်မှိုလို့လား¿ ဂိုဏ်းဂဏပေါင်း မြောက်များစွာတို့ဟာ အပျိုကညာ ဖွားမြင်ခြင်းကို မယုံကြပါဘူး။ အဲဒါကို မယုံကြည်တဲ့သူတွေ အားလုံးစုပေါင်းနေ ကြပါတယ်။ တစ်ယောက်နဲ့ တစ်ယောက် သဘောတူညီမှုမရှိဘဲနဲ့ လူနှစ်ယောက်က အတူတွဲပြီး ဘယ်လိုလုပ်လှမ်းနိုင်မှာလဲ? အာမင်လို့ သင်ကဆိုပါ တယ်။ ကျွန်တော်အံ့ဩမိပါတယ်။ လူတစ်ယောက်ဟာ ဝိညာဉ်တော်နဲ့ပြည့်ဝမှုရှိတယ်။ ခရစ်ယာန်ဖြစ် တယ်ဆိုပြီးတော့ နှုတ်ကပတ်တော်ကို ယနေ့၊ မနေ့၊ ထာဝရကာလတည်မြဲတယ်ဆိုတာ ငြင်းပယ်ပြီး ဘယ်လိုလုပ်ပြီး သူ့ကိုယ်သူ ဝိညာဉ်တော်နဲ့ပြည့်ဝတယ်၊ ခရစ်ယာန်ဖြစ်တယ် ဆိုတာကို ပြောနိုင်မှာလဲ? သင့်အထဲမှာ ကျိန်းဝပ်တော်မူတဲ့ ဝိညာဉ်တော်က နှုတ်ကပတ်တော်ကို တစ်လုံးစီ၊ တစ်လုံးစီ ပြောပြပါလိမ့်မယ်။ အာမင်၊ အာမင်၊ အာမင်၊ နှုတ်ကပတ်တော်က အဲဒါဟာမှန်တယ်လို့ ပြောမယ်ဆိုရင် သင်ကလည်း မှန်တယ်၊ အာမင်လို့ ပြောရမှာ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ သင်သည် နှုတ်ကပတ်တော်ကို ဝန်ခံလက်ခံလို့ဘဲ ဖြစ်ပါတယ်။ ဘုရားသခင်ကို သင်သည် လက်ခံခြင်းဘဲ ဖြစ်ပါတယ်။ ဘုရားသခင်နှင့် သင်သည် တစ်လုံးတစ်ဝတည်းဘဲ ဖြစ်ပါတယ်။ ဘုရားသခင်ဟာ သင့်အထဲမှာ ကျိန်းဝပ်ပါတယ်။ သင်ဟာ ကိုယ်တော်ရှင်ရဲ့သားဖြစ်ပြီး ကိုယ်တော်ရှင်ရဲ့ သမီးလည်း ဖြစ်ပါတယ်။ ကိုယ်တော်ရှင်အတွက် မေရှိယဖြစ်ပါတယ်။ ဘိ သိတ်ခံတဲ့ နှုတ်ကပတ်တော်ဟာ သင့်အထဲမှာ အသက်ရှင်ပြ နေပါတယ်။

70 ၇၀။ ဗာလမ်သည် ဤအရာများအားလုံးကို ကျော်ဖြတ်၍ လျှောက်ခဲ့ရပါသည်။ သူသည် ဂိုဏ်းဂဏတစ်ခု ဖြစ်ပါသည်။ သူတို့ အရသာခံရန်အတွက် အဖြေလည်းဖြစ်ပါသည်။ ဒါသန်လိုချင်သည့်အရာမှာ ထိုအရာပင် ဖြစ်ပါသည်။ ခိုရာလိုချင် သည့်အရာ မှာလည်း ထိုအရာပင် ဖြစ်ပါသည်။ သူတို့က အဖွဲ့အစည်း ဖွဲ့စည်းလိုပါသည်။ ကျွန်တော်တို့ သန့်ရှင်းသော သူများကို လိုချင်ပါသည်ဟု သူတို့ဆိုကြပါသည်။ လူနှစ်ဦးအတူတူ လိုက်လျှောက်ပြီး မည်မျှအပြစ်ကင်းစင်သည်ကို ကျွန်တော် ဂရုမစိုက်ပါ။ သူတို့နှစ်ဦးမှာ ကွာခြားချက်တော့ ရှိပါသည်။ ကျွန်တော်တို့ နှာခေါင်းများမှာ တူညီမှုမရှိပါ။ ကျွန်တော်တို့၏ လက်ဗွေရာများမှာလည်း တူညီမှုမရှိပါ။ ကျွန်တော် တို့နှင့်ပတ်သက်သည့် အကြောင်းအရာများစွာ ရှိပါသည်။ ကျွန်တော်တို့ တစ်ယောက်နဲ့ တစ်ယောက် သွေးအစားသွင်းပေးနိုင်ပါသည်။ အမွှာများကိုပင် ပေးနိုင်ပါသည်။ သို့သော်လည်း အမွှာများ သည် ကွာခြားမှုရှိပါသည်။ ဘုရားသခင် လူတစ်ဦးကို မယုံကြည်သောအခွင့်ပေးသော်လည်း အခြားသော သူတစ်ဦး ကမူ ယုံကြည်သောအခွင့် ရှိလာပါသည်။

71 ၇၁။ ကိုယ်တော်ရှင်က လူတစ်ဦးကို ဖန်ဆင်းသည်။ ထိုလူတစ်ဦးထဲမှ အခြားသော သူမြောက်များစွာတို့ကို ဖန်ဆင်းသည်။ အာဒံ၌အားလုံးသေဆုံးရသကဲ့သို့ ခရစ်တော်၌ အားလုံးအသက်ရှင်ခွင့် ရပါသည်။ သူက သေခြင်းတရားအတွက် လမ်းတစ် လမ်းကို ဖန်တီးခဲ့ပါသည်။ သူတို့အားလုံး ထိုလမ်းထဲသို့ လျှောက်ခဲ့ကြပါသည်။ ကိုယ်တော်ရှင်က အသက်တာ လမ်းကို ဖန်တီးပေးခဲ့သည်။ လူပေါင်းမြောက်များစွာတို့ ထိုအသက်တာ လမ်းထဲသို့ လျှောက်ဝင်ခဲ့ရပါသည်။ လူတစ်ဦး ထွက်ခွာ သွားသော်လည်း လူတစ်ဒါဇင်လောက် သေဆုံးခြင်းအခွင့်ကို ရယူကြမည်မဟုတ်ပါ။ လူတစ်ဒါဇင်လောက် အပြစ်လုပ် စရာမလိုပါ။ လူတစ်ဦးအပြစ်လုပ်မိလျှင် နောက်ထပ်တစ်ဦးကလည်း အပြစ်လုပ်ပါ သည်။ ကိုယ်တော်ရှင် တစ်ဦးတည်းက အပြစ်အားလုံးကို အကြေပေးဆပ်ခဲ့ပြီး ဖြစ်ပါသည်။ ထပ်မံ၍ တွားသွားပြီးတော့၊ သီချင်းတွေဆိုပြီး၊ ဒူးထောက်ပြီး၊ ဒူးနဲ့ လျှောက်ပြီးတော့ သေဆုံးတဲ့သူတွေအတွက် ပိုက်ဆံပေးစရာ မလိုပါ။ ခရစ်တော်အသေခံခြင်းမှာ ဘုရားသခင် ပေးသနား တော်မူသော လက်ဆောင်ကြီးတစ်ခုကို အခမဲ့ရရှိရန်အတွက်ပင် ဖြစ်ပါသည်။ ကိုယ်တော်ရှင်က အကြွေးများကို လုံးဝ အကြေဆပ်ပေးခဲ့ပါသည်။ ကျွန်တော်တို့ တစ်စုံတစ်ခုကို လိုလားပါသည်။ ကိုယ်တော်ရှင်၏နှုတ်ကပတ်တော်နှင့် ပေါင်းထည့် ရန်ပင် ဖြစ်ပါသည်။

72 ၇၂။ ဤသူများ ထလျှောက်ကြပါသည်။ ဒီအဖွဲ့ထဲမှာတော့ သင်ဟာ တစ်ယောက် တည်းဘဲဖြစ်တယ်လို့ သင့်ကိုယ်သင် ပြောဘို့ကြိုးစားပါတယ်။ သင်ဟာတစ်ယောက်ထဲ သောသူဖြစ်တယ်လို့ သင့်ကိုယ်သင် ပြောဘို့ကြိုးစားပါတယ်။ မောရှေက တော့ စိတ်ပျက်သွားပါတယ်။ သူပြန်သွားပြီးတော့ အဖလို့ ခေါ်ပါတယ်။ သင့်ကိုယ်သင် တစ်ခြားသောသူများနဲ့ ခွဲနေပါလို့ ပြောပါတယ်။ ဘုရားသခင်ဘက်မှာ ရပ်တည်တဲ့သူတွေအားလုံး ဒီဘက်ကိုလာပါလို့ ပြောတဲ့အခါမှာ မြေကြီးဟာ နှစ်ခြမ်း ကွဲသွားပြီး သူတို့အားလုံးကို မြိုချလိုက်ပါတယ်။ ဟုတ်တယ် မဟုတ်လား¿ ညီကိုတို့အဲဒီအကြောင်းအရာကိုစဉ်းစားကြည့်ပါ။သူတို့ ဘာကြောင့်မယုံကြည်ပါသလဲ။ မောရှေဟာ ခေါင်းဆောင်တစ်ယောက်ဖြစ်တယ်။ ဘုရားသခင် ကခန့်ထားတယ်ဆိုတာ သူတို့ ဘာကြောင့် မယုံကြည်ကြပါသလဲ။ ကိုယ်တော်ရှင်အပေါ်ကိုဘဲ ဘာကြောင့်အပြစ်တွေ ပုံချရသလဲ။ အမြဲတမ်း ငြီးတွားပြီးတော့ အပြစ်တစ်ဖြစ် တောက်တောက်နဲ့ပြောဆိုခြင်းတွေ လုပ်ကြပါတယ်။ ဘုရားသခင်ရဲ့ ရွှေလက်တော် ဆန့် တန်းပြီးတော့ လှုပ်ရှားနေတယ်ဆိုတာ သူတို့မတွေ့ကြဘူးလား။ ဘုရားသခင်ကလည်း သက်သေပြတယ်။ သူဘိသိတ်ပေး ထားတဲ့ မေရှိယဖြစ်တယ်ဆိုတာကို ဘုရားသခင်ကိုယ်တိုင် သက်သေပြပါတယ်။ အဲဒါတောင်မှ သူတို့စိတ်နှလုံးထဲမှာ တစ်မူထူးခြားတာကို သူတို့ လိုချင်ကြပြန်ပါသေးတယ်။

73 ၇၃။ သင်တို့ ပင်တီကော်စတယ်တွေ ဘာဖြစ်သွားကြသလဲ။ လွန်ခဲ့တဲ့ နှစ်အနည်းငယ်အတွင်းက သင်တို့က ထွက်လာပြီး တော့ ဂိုဏ်းဂဏဆိုတဲ့ အပျက်အစီးထဲကနေပြီး တော့ သင်တို့ကိုယ်သင်တို့ ပင်တေကုတ္တေ လုပ်လိုက်ပါတယ်။ ဘာကြောင့် အဲဒီအထဲကို ပြန်သွားချင်ပါသေးသလဲ။ အညှောင့်ပေါက်လာဘို့ လိုပါတယ်။ မျိုးစေ့ကတော့ မပေါက်သေးပါဘူး။ အဲဒီနည်း အတိုင်းဘဲ သူတို့ ပြုလုပ်ကြပါတယ်။ သူတို့ရဲ့နှလုံးသားထဲမှာ အဲလိုဘဲ ဖြစ်နေပါတယ်။ အဲလိုဘဲ လုပ်ရမှာ ဖြစ်ပါတယ်။ ဒါသန်ဟာ အဲလိုအတွေးမျိုး ရှိပါတယ်။ အဲဒီအထဲကနေပြီးတော့ အင်မတန် ကြီးမားတဲ့ ဘာသာရေးကို သူတို့လုပ်နိုင်မယ်လို့ သူတို့ ထင်ပါတယ်။ တမန်တော်ကြီး ရှင်ပေတရုဟာ အဲလိုအတွေးမျိုး ရှိပါတယ်။ ဟိုးတောင်ပေါ်မှာ သူတို့ရဲ့ ကိုယ်ရောင် ကိုယ်ဝါတွေ ပြောင်းလဲတဲ့အခါမှာ သူက ဘာပြောသလဲဆိုတော့ ဒီနေရာမှာ မောရှေနဲ့ အခြားပရောဖက်တွေအတွက် တဲ(၃)ဆောင် ဆောက်လုပ်ကြပါစို့လို့ သူကပြောပါတယ်။ အဲလိုမျိုး သူပြောနေတုန်းမှာဘဲ ကောင်းကင်ကအသံကို ကြားရပါတယ်။ ဒါကတော့ ငါ့ရဲ့ချစ်သားဘဲ။ သူ့စကားကို နားထောင်ပါ။ သူတို့ပြန်ပြီး လှည့်ကြည့်လိုက်တဲ့အခါမှာ သခင်ယေရှု တစ်ပါး တည်းကိုသာ တွေ့ရပါတယ်။ ကိုယ်တော်ရှင် ရပ်နေပါတယ်။ ကိုယ်တော်ရှင် နှုတ်ကပတ်တော် ဖြစ်ပါတယ်။ သင်တို့ နာခံဘို့ကတော့ အဲဒါဘဲ ဖြစ်တယ်။ နှုတ်ကပတ်တော်ဘဲ ဖြစ်တယ်။ ဘယ်ခေတ်ကာလမဆို ကိုယ်တော်ရှင်ဘဲ ရှိပါတယ်။ နှုတ်ကပတ်တော်က အဲဒီခေတ်ကာလအတွက် ပြောဆိုနေခြင်းဘဲ ဖြစ်ပါတယ်။ ဘုရားသခင်က ဘိသိတ်ပေးပါတယ်။ အဲဒါနဲ့ အတူ ဘုရားသခင်က ရှိနေပါတယ်။

74 ၇၄။ သူတို့ဟာ ဂတိထားတော်မူတဲ့ပြည်ကို သွားဘို့ရန်အတွက် မီးတိုင်နောက်ကို လိုက်ရပါတယ်။ အဲဒီတောက်လျှောက် သူတို့သွားတဲ့အခါမှာ အခြားသောသူတို့ ပျောက် ဆုံးမယ်။ သေကြေပျက်စီး ကြရပါမယ်။ ဘုရားသခင်ရဲ့နှုတ်ကပတ်တော်ကို သူတို့က လောကအရာနဲ့ ပေါင်းစပ်လိုပါတယ်။ အဲလိုပေါင်းစပ်လိုက်ရင် အမှားအယွင်းဖြစ်လာရပါတယ်။ အဲဒီတော့ သူတို့ အတွက် ဘာဖြစ်သလဲ။ နှုတ်ကပတ်တော်ကို မရရှိဘဲနဲ့ သူတို့ဟာဆိုရင် ကိုယ်တော်ရှင်နဲ့ ဝေးကွာသွားရပါတယ်။ သူတို့အ နေနဲ့ နှုတ်ကပတ်တော်နဲ့ ဆန့်ကျင်တဲ့အရာကိုဘဲ ရသွားပါမယ်။ ပထမဆုံးအနေနဲ့ တစ်ကယ်စစ်မှန်တဲ့အရာကို သင်ရရှိဘို့ လိုပါတယ်။ အဲဒါမှ ဆန့်ကျင်တဲ့အရာကို မရရှိဘဲ ဖြစ်မှာပါ။ သူတို့ရရှိပါတယ်။ ဘုရားသခင်ကလည်း သူတို့နဲ့အတူမရှိဘူး ဆိုတဲ့အကြောင်းကို ပြသပါတယ်။

75 ၇၅။ နှုတ်ကပတ်တော်က မည်မျှအပြစ်ကင်းစင်တယ်၊ သူတို့သိစေဘို့ရန်အတွက် ဖော်ပြတယ်ဆိုတာ စဉ်းစားကြည့်ပါ။ မောရှေ ပရောဖက်ပြုထားတဲ့အရာအားလုံးဟာ ဖြစ်ပေါ်လာရမှာဘဲ ဖြစ်ပါတယ်။ ဂတိထားတော်မူတဲ့ပြည်ကို သူဟာ သူတို့ကို ခေါ်သွားရမှာ ဖြစ်ပါတယ်။ မောရှေပရောဖက်ပြုသမျှ အရာအားလုံးဟာဆိုရင် ဖြစ်ပျက်ခဲ့ပါ တယ်။ စကားလုံးတစ်လုံးတောင်မှ မကျန်ခဲ့ပါဘူး။ သူတို့အတွက် ဘယ်လောက်ကောင်း တဲ့ အခွင့်အရေးဖြစ်ပါသလဲ။ တောထဲမှာ လျှောက်သွားရတဲ့အခါမှာ ဘုရားသခင် လမ်းပြမှုရှိတယ်ဆိုတဲ့ အတွက်ကြောင့်ဘဲ ဖြစ်ပါတယ်။ သူတို့ကို သတင်းစကားအကြောင်း မောရှေက ပြောတဲ့အခါမှာ သူတို့က ယုံကြည်ပါတယ်။ ဒါပေမဲ့ နောက်ပိုင်းမှာဆိုရင် သူတို့ဘုရားသခင်နောက်ကို ထွက်ပြီးလိုက်ခဲ့ တဲ့အခါမှာ ဘုရားသခင် ဘာပြောသလဲဆိုတော့ ငါဟာ မီးတိုင်နဲ့ သက်သေပြမယ်။ တောထဲမှာ ငါနဲ့သင်တို့ တွေ့ရမယ်လို့ ဆိုထားပါတယ်။ သူတို့အားလုံးကို တောင်ပေါ်မှာ စုဝေးပါလို့ ဘုရားသခင်က ပြောပါတယ်။ သိနာတောင်ရဲ့ထိပ်မှာ ကိုယ်တော်ရှင် ဆင်းသက်ကြွလာတော်မူပါတယ်။ မိုးကြိုးထစ် ချုန်းသံကိုလည်း ကြားရပါတယ်။ အဲဒီတော့ လူတွေက ဘာပြောလဲဆိုတော့ ဘုရားသခင်ကို မပြောခိုင်းပါနဲ့ မောရှေကို ပြောခိုင်းပါဆိုပြီးတော့ အော်ဟစ်ကြပါတယ်။

ဘုရားသခင် မိန့်တော်မူသည်မှာ သူတို့ကို ဤကဲ့သို့ ငါဘယ်တော့မှစကား မပြောတော့ပါ။ ဒါပေမဲ့လည်း ငါ့ရဲ့နာမဥ္စ ဟောပြောဘို့ရန်အတွက် ငါပရောဖက်တစ်ပါးကို စေလွှတ်မယ်လို့ ဆိုပါတယ်။ ဘုရားသခင် ထိုကဲ့သို့ပင် အမြဲတမ်းပြု လုပ်ကြောင်း ကျွန်တော်တို့ တွေ့ရပါတယ်။ အစအဦးကတည်းက ဘာကြောင့်သူတို့ မသိကြပါသလဲ။ ဤအရာများ အားလုံး ကို တွေ့မြင်ပြီး သတင်းစကားကို ဆန့်ကျင်ပြီး သူတို့အမျိုးမျိုး ပြောဆိုကြပါတယ်။ သူတို့ကို ဂတိထားတော်မူရာ ပြည်ကို ပို့ဆောင်နေသည့်တိုင်အောင် လည်း သူတို့ကတော့ တဖြစ်တောက်တောက်နဲ့ ပြောဆိုငြီးတွားနေဆဲဘဲ ဖြစ်ပါတယ်။ အဲဒီ ဂတိတော်အရ သူတို့ကို ထားတဲ့ပြည်ကိုဘဲ ပို့ဆောင်မှာ ဖြစ်ပါတယ်။ ဒါတောင်မှ ဘဲ သူတို့က ပြောဆိုဆက်ဆံနေဆဲဘဲ ဖြစ်ပါတယ်။ နေ့စဉ်အသက်ရှင်နေတဲ့ အသက်တာမှာ ဘယ်လိုလုပ်ပြီး ဘုရားသခင်နဲ့ အသက်ရှင်လျှောက်လှမ်းနိုင်မှာလဲ¿ ဘယ်လိုအသက်တာမျိုးနဲ့ အသက်ရှင်လို့ရမှာလဲ။ ဒီတောထဲမှာ သွားလာတဲ့အခါမှာ ညအခါမှာဘဲဖြစ်ဖြစ် မန္နမုန့်ကိုစားတယ်။ မနက်မိုးလင်းလာရင် အမြဲတမ်းဘဲ စားသောက်ခွင့်ရတယ်။ ညအချိန်မှာလည်း သူတို့ကို လမ်းပြပို့ဆောင်နေဆဲဘဲ ဖြစ်ပါ တယ်။

76 ၇၆။ အဲလိုမျိုး ပုံမှန်ပို့ဆောင်တာတောင် သူတို့က ပြောပါသေးတယ်။ ငါ့ဝိညာဉ်က ဒီလိုမျိုးကို ဆာငတ်တယ်။ ကျွန်တော် တို့လည်း ထိုနည်းအတိုင်းပင် ဖြစ်ပါတယ်။ အုပ်စုအသေးလေးတွေကို ကျွန်တော် စဉ်းစားမိပါတယ်။ ကျွန်တော်ရဲ့သာသနာ ပြုခြင်းမှာ ဆိုရင် ဒီတစ်နိုင်ငံလုံးကို သွားလာရတဲ့အခါမှာ အနာရောဂါ ငြိမ်းစေခြင်းကို တွေ့ရပါတယ်။ ဘုရားသခင်က အနာရောဂါငြိမ်းစေပါတယ်။ ဘယ်နေရာမှာဘဲဖြစ်ဖြစ် ဘုရားသခင်က ရောဂါသည်များကို ကုသပျောက်ကင်း စေပါတယ်။ တစ်ခါတုန်းကဆိုရင် ရေအိုင်တိုင်နားမှာ ကောင်းကင်တမန် တစ်ပါးရှိခဲ့ပါတယ်။ နောက်ပြီးတော့ ဒီတောထဲမှာ လည်သွား တဲ့အခါမှာလည်း ကြေးဝါမြွေရုပ် ရှိပါတယ်။ အမြဲတမ်းဘဲ အနာရောဂါငြိမ်းစေတဲ့ လက္ခဏာရှိခဲ့ပါတယ်။ ဒါကတော့ ကျွန်တော် ပြောဆိုလိုတဲ့ အကြောင်းအရာ မဟုတ်ပါဘူး။ လူတွေရဲ့ စိတ်ဝင်စားမှုကို ဆွဲဆောင်စေတဲ့အရာကတော့ အနာ ရောဂါငြိမ်းစေခြင်းဘဲ ဖြစ်ပါတယ်။ ဘယ်သူဘဲဖြစ်ဖြစ် အနာရောဂါငြိမ်းစေ ခြင်းကို အလှူငွေတွေ ထည့်ချင်ရင် ထည့်လို့ ရပါတယ်။ သီချင်းဆိုပြိုင်ပွဲတွေကိုလည်း လူတွေအလှူငွေ ထည့်ကြပါတယ်။ ဒါပေမဲ့လည်း ပျောက်ဆုံးတဲ့ဝိညာဉ်နဲ့ ပက်သက် ရင်တော့ သူတို့ ဘာမှ မလုပ်ချင်ပါဘူး။ အဲဒါမှန်ပါသလား။ ပျောက်ဆုံးတဲ့ ဝိညာဉ်ကလေး တစ်ခုအတွက် ဘာမှ အလှူငွေ မထည့်ကြဘူး။ အဲဒါနဲ့ ပက်သက်လို့လည်း ဘာမှလုပ်မပေးချင်ကြဘူး။ အသင်းတော်နဲ့ဘဲ ဆိုင်တယ်။ ဘာကိုမှလည်း ထိခိုက်မှာ မဟုတ် ဘူးလို့ ဆိုကြပါတယ်။

77 ၇၇။ အခုအခါမှာ ကျွန်တော်တို့ ဘာတွေ့ရသလဲဆိုရင် နိဂုံးချုပ်ဘို့အတွက်လည်း အမြန်ဆုံး ကျွန်တော်ကြိုးစားပြီး ပြောပါ့မယ်။ ဘယ်လောက် အပြစ်ကင်းစင်သလဲဆိုတာကို စဉ်းစားပြီး ပြောပါ။ ကျွန်တော်ဟာ နေ့ရက်ကာလတွေကိုကြည့်ပြီး ဒီကမ္ဘာလောကကြီးမှာ ဘုရားသခင် ဘာအမှုပြုခဲ့သလဲဆိုတာကို တွေ့ရပါတယ်။ ဘုရားသခင်ဟာ ကြီးမားလှတဲ့ နိမိတ် လက္ခဏာတွေကို ပြုလုပ်ခဲ့ပါတယ်။

ကျွန်တော်တို့အားလုံး နှစ်သက်ကြပါတယ်။ ဒါပေမဲ့လည်း နောက်ဆုံးမှာတော့ သတင်းစကားကို ရောက်ရှိလာပါတယ်။

ဘာဖြစ်သလဲဆိုတာကို ကြည့်ပါ။ လျှောက်လှမ်းလာတဲ့အခါမှာ ကိုယ့်ဖာသာ ကိုယ် လျှောက်လှမ်းဘို့ မလိုပါဘူး။ လူတွေ သင်နဲ့အတူလျှောက်လှမ်းဘို့ လိုပါတယ်။ ကောင်းကင်ကနေ ကောင်းကင်တမန် အုပ်လိုက် ဆင်းသက်လာတာကို တွေ့ရပြီး ကမ္ဘာလောကကြီးတစ်ခုလုံးကို တုန်လှုပ်ခြောက်ခြားစေပါတယ်။ သတင်းစာ တွေထဲမှာလည်း ပါပါတယ်။ တစ်လပြီးတစ်လ အဲဒီအကြောင်းအရာတွေကို ဖေါ်ပြတာတွေကို တွေ့ရပါတယ်။ အချိန် ရောက်လုနီးပြီ။ နောင်တရကြပါ။ နက်နဲရာတို့ကို ဖေါ်ပြတဲ့ တံဆိပ်(၇)ခုကို ဖွင့်လိုက်ပါတော့။ အဲလိုမျိုးပြောကြပါတယ်။ အဲဒီအချိန်မှာ မြွေမျိုးစေ့နဲ့ပတ်သက်တဲ့ တရားဟောချက် ပေါ်ထွက်လာပါတယ်။ အဲဒီတော့ အမှုတော်ဆောင်တွေက ဘာ လုပ်ကြပါသလဲ။ လူသာက ဒီလိုပြောတယ်လို့ သူတို့ ပြောရမဲ့အစား သူတို့ ဘယ်တော့မှ မတွေ့ခဲ့ဘူးလို့ ပြောကြပါတယ်။ ကျွန်တော်တို့ ယုံကြည်ဘို့အတွက် မည်မျှအခွင့်အရေး ကောင်းပါသလဲ။ ဘုရားသခင်ရဲ့ ရှေ့တော်မှာ နေ့စဉ်နဲ့အမျှလိုက် လျှောက် နိုင်ဘ်ို့အတွက် မည်မျှ အခွင့်အရေး ကောင်းပါသလဲ။

78 ၇၈။ ထိုနေရာမှာ ရပ်နေပြီး ကောင်းကင်မှ လေပွေထွက်လာသည်ကို ကြည့်ကြပါစို့။ တောင်ကြီးတစ်တောင်ကို နှစ်ပိုင်းပြတ်သွားအောင် လုပ်နိုင်ပါသည်။ သစ်ပင်ထိပ်ဖျားများကိုလည်း ဖြတ်ပစ်နိုင်ပါသည်။ ဘုရားသခင်၏နှုတ်ကပတ်တော် ပေါ်ထွက် လာတဲ့အခါမှာ (၃)ကြိမ်တိုင်တိုင် ကမ္ဘာမြေကြီး တုန်လှုပ်သွားပါသည်။ အနောက်ဖက် ကမ်းခြေကို သွားသည်ကို ကြည့်ပါ။ ထိုနေရာကိုသွားပြီးတော့ အလာစကာကမ်းခြေကို ကိုင်လှုပ်လိုက်ပါသည်။ နောက်ပြီးတော့ အနောက်ဖက် ကမ်းခြေကို တစ်ဖန်ပြန်လာပါသည်။ အတအကျအမှန်အကန်ပင် ဖြစ်ပါသည်။ ထိုနေ့ရက်မတိုင်မီက ကျွန်တော်က ကျောက်တုံးတစ်တုံးကို ယူပြီး လေထဲကို ယူပြီးမြှောက်လိုက်ပါတယ်။ ကိုယ်တော်ရှင် မိန့်တော်မူတယ်လို့လည်း ပြောပါတယ်။ အချိန်ကာလ ကျရောက်ပြီ ဖြစ်ပါတယ်။ ကမ္ဘာလောကကြီးပေါ်မှာ တရားစီရင်ခြင်းတွေ ကျရောက်လာတော့မှာ ဖြစ်ပါတယ်။ လျှင်လှုပ်ခြင်းများ နေရာတိုင်းမှာ ဖြစ်မှာပါ။ အနောက်ဖက်ကမ်းခြေ လှုပ်မှာဖြစ်ပါတယ်။ တစ်နေ့ထက်တစ်နေ့ ကိုယ် တော်ရှင် မိန့်တော်မူတဲ့အတိုင်းဘဲ ဖြစ်မှာပါ။ ကျွန်တော်တို့ မည်ကဲ့သို့ နောက်ပြန်လှည့်ပါမည်နည်း¿ ညီအစ်ကိုတို့ကျွန် တော်တို့ရဲ့ ယုံကြည်ခြင်း ကိုယ်တော်ရှင်အပေါ်မှာ အခိုင်အမာထား ကြပါစို့။ သူတို့က မေးပါသည်။ ဤသူသည် မည် သူဖြစ်ပါသနည်း။ မည်သူဖြစ်ကြောင်း ကျွန်တော်တို့ သိပါသည်။ သခင်ယေရှုပင် ဖြစ်ပါသည်။ မနေ့၊ ယနေ့၊ ထာဝရကာလ တည်မြဲနေသော ကိုယ်တော်ရှင်ပင် ဖြစ်ပါသည်။ မီးတိုင်ဖြစ်သည်။ မောရှေ၏ ခေတ်ကာလမှာ ဘာလုပ်သလဲဆိုတာကို ကြည့်ပါ။ မီးတိုင်ဖြစ်ပါသည်။ ယနေ့ခေတ် ၏မီးတိုင်မှာလည်း ကိုယ်တော်ရှင်ပင် ဖြစ်ပါသည်။ အမြဲတမ်းပင် ဖြစ်ပါသည်။ ဘာကြောင့် သခင်ယေရှုက နှုတ်ကပတ်တော်ဖြစ်ကြောင်းကို သူတို့မယုံကြည်ကြပါသလဲ။ သူတို့ အနက်အဓိပ္ပါယ်ဖွင့်ဆိုမှုတွေ မှားနေတယ်။ သူတို့နားလည်မှုတွေ လွဲနေတယ်။ ဧဝကဲ့သို့ဘဲ ဖြစ်ပါတယ်။ ယခုအခါမှာလည်း သူတို့ ထိုကဲ့သို့ဘဲ ပြုလုပ်ကြပါ တယ်။

79 ၇၉။ ဗာလမ်နှင့် သူတို့၏သြဝါဒမှာ သူတို့အတွက် ဖြစ်သွားပါသည်။ သူတို့အ ကြိုက်တွေ့သွားပါသည်။ မောဘတို့၏ စားပွဲသောက်ပွဲမှာ ကိုယ်တော်ရှင် ဘာပြောပါသလဲ။ ယနေ့ခေတ်ကာလ၏ ပုံသဏ္ဍာန် ရုပ်ပုံပေါ်လွင်ပါသည်။ မည်ကဲ့သို့ ရှေးကာလက ဖြစ်ခဲ့သည့်ပုံစံကို ကြည့်ပါ။ ကျွန်တော်လည်း ခင်ဗျားတို့ကို အချိန်ဆွဲထားသလို ဖြစ်ပါ တယ်။ ဒါပေမဲ့လည်း သတိပြုကြပါ။ ခဏလေးတော့ သီးခံကြပါ။ မောဘတို့၏စားပွဲသောက်ပွဲ ဖြစ်ပါသည်။ သူတို့ကို ဘယ်လိုမှ တစ်လမ်းထဲနဲ့ ခေါ်ထုတ်လို့ မရပါဘူး။ ဗာလမ်ကတော့ ခေါ်ထုတ်နိုင်ခဲ့ပါတယ်။ သူတို့အားလုံးကို ဖွဲ့စည်းခေါ်ဆောင်လိုက်တဲ့အခါမှာ သူတို့ ကိုယ်သူတို့ ကျိန်ဆဲလို့ မရပါဘူး။ ပိုပြီးတော့ကျိန်ဆဲလေ ဘုရားသခင်က သူတို့ကိုပိုပြီးတော့ ကောင်းချီးပေးလေ ဖြစ်ပါတယ်။

80 ၈၀။ ပင်တေကုတ္တေများကို ဘုရားသခင်ဘယ်သို့ပြုလုပ်သည်ဆိုသည်မှာထိုပုံစံပင် ဖြစ်ပါတယ်။ လွန်ခဲ့တဲ့ နှစ်အနည်း ငယ်ခန့်က သင်တို့အားလုံး စတင်ခဲ့စဉ်က သင်ဘယ်ကိုမှ မသွားနိုင်ပါဘူး။ သင့်အတွက်လည်း ဘာမှ မဟုတ်ပါဘူး။ သင်ဟာ လောင်ကျွမ်းခြင်း ခံသွားရပါတယ်။ သင်ဟာ တစ်ဖက်စွန်းရောက်နေတဲ့ အုပ်စုထဲမှာ ပါပါတယ်။ သူတို့ဟာ သင့်ကို ကျိန်ဆဲဘို့ အချိန်တိုင်းမှာ သင်က ပြန်လာပါတယ်။ ဘုရားသခင်က သူ့ရဲ့သတင်းစကားကို ဖေါ်ပြနေခြင်းဘဲ ဖြစ်ပါတယ်။ ဟိုးရှေး ခေတ်က အစုအဝေးဟောင်းကြီးကနေပြီးတော့ ဟိုးအစအဦးပထမ အထွေထွေညီလာခံကိုစပြီး ကြည့်ကြပါစို့။ နောက်ပြီး တော့ ဘုရားသခင်က ဘာကိုယူသွင်းလာသလဲဆိုတော့ သခင်ယေရှုနာမဥ္ဇ ဗတ္တိဇံခံခြင်းကိုဘဲ သူတို့လက်ခံလာကြပါတယ်။ တစ်ခုကိုခုန်လိုက်တစ်ခု ကနေပြောင်းပြီးတော့ လုပ်ပါတယ်။ ဒီမှာဖွဲ့စည်းလိုက် ဟိုမှာဖွဲ့စည်းလိုက်နဲ့ ဖြစ်ပါတယ်။ ဘုရား သခင်က ဆက်လက်ပြီး ကောင်းချီးပေးနေဆဲပါဘဲ။

သူသည် သင့်အား မကျိန်ဆဲနိုင်ပါ။ ဒါကြောင့် သူဘာလုပ်သလဲ? သင့်ကို ဖွဲ့စည်းတော့မည် ဖြစ်ပါသည်။ ဘယ်လိုနည်းနဲ့ဘဲဖြစ်ဖြစ် စည်းရုံးတော့မည် ဖြစ်ပါသည်။ ငါတို့အားလုံးဟာ ဘုရားသခင် တစ်ပါးတည်းကိုဘဲ ယုံကြည်တယ်လို့ သူကဆိုပါတယ်။ ဗာလမ်လုပ်ခဲ့သလိုဘဲ ဖြစ်ပါတယ်။ ယုဒကလည်း ကျွန် တော်တို့ကို သတိကြိုတင်မပေးထားပေဘူးလား။ သူတို့ မှားခဲ့ကြပါတယ်။ ဗာလမ်ရဲ့သြဝါဒမှာ မှားခဲ့ကြပြီးတော့ ကိုရာက အနိုင်ပြော တဲ့အခါမှာလည်း သူတို့ ပျောက်ဆုံးကြရပါတယ်။ ယုဒလည်း မဟုတ်ပေဘူးလား။ သခင်ယေရှုရဲ့ညီ ဖြစ်ပါတယ်။ သမ္မာကျမ်းစာထဲမှာ ကျွန်တော်တို့ ကို သတိပေးခဲ့ပါတယ်။ သူတို့ဟာ ကာဣနဘဲ ဖြစ်ပါတယ်။ အစကတည်းကိုက သူတို့ ဟာ မျိုးမစစ်ပါဘူး။ ဘုရားကျောင်းမှန်မှန် တက်ပါတယ်။ ဘုရားကျောင်းတွေကို တည်ဆောက်ပါတယ်။ ယဇ်ပလ္လင်တွေကို တည်ဆောက်ပြီး ယဇ်ပူဇော်ပါတယ်။ ကာဣနမှားသလို အမှားမျိုးသူတို့ လုပ်ခဲ့ပါတယ်။ ဗာလမ်ရဲ့နည်းလမ်းအတိုင်း လုပ်ခဲ့ပါတယ်။ နောက်ဆုံးကိုရာရဲ့ အနိုင်ပြောဆိုခြင်းထဲမှာဘဲ ပျောက်ဆုံးခဲ့ရပါတယ်။ ယုဒကတော့ ဒီမနက်ဘဲ ကျွန်တော်တို့ ပြုလုပ်သလိုဘဲ အားလုံးတစ်ခုလုံးအပေါ်မှာ မူတည်နေပါတယ်။ ကျွန်တော်တို့ အခုဒီမှာလုပ်နေတဲ့ အရာသင်တို့ရှေ့မှာ လုပ်နေတဲ့အရာပေါ်မှာ ဘဲ မူတည်နေပါတယ်။ အရာခပ်သိမ်းဟာ ဒီမှာဘဲ ရှိနေပါတယ်။

81 ၈၁။ ခိုရာက ပြောဆိုခြင်းအားဖြင့် သူတို့အားလုံး သေကြေပျက်စီးကြရပါသည်။ ထိုအကြောင်းကို စဉ်းစားပါ။ မည်မျှ ကြောက်မက်ဘွယ်ကောင်းပါသနည်း။ ခိုရာက ဘာလဲဆိုတာကို စဉ်းစားကြည့်ပါ။ သူကပြောပါသည်။ ငါတို့အားလုံး ပွဲတော်သို့ သွားကြမည်။

ငါတို့အားလုံး တစ်လုံးတစ်ဝတည်း ဖြစ်ကြမည်။ မောဘတို့ကလည်း ဘုရားသခင်ကို ယုံကြည်ကြ ပါသည်။ မောဘတို့မှာ လောတသမီး၏သားသမီးများ ဖြစ်ကြပါသည်။ ကျွန်တော်တို့အားလုံး တစ်ဆူတည်းသောဘုရားကို ယုံကြည်ကြပါသည်။ အခြေခံအား ဖြင့် သူတို့ပြောဆိုခြင်းမှာ လုံးဝမှန်ကန်ပါသည်။ ဗာလမ်ကိုလည်း ကြည့်ပါ။ အခြေခံကျကျ ယုံကြည်သူ ဖြစ်ပါသည်။ ဘက်ပထစ်စ်ကောင်းတစ်ယောက်၊ သို့မဟုတ် ပရက်စ်ဘီ တေးရီးယန်းကောင်းတစ်ယောက်လို့ ယနေ့ခေတ်စကားနှင့် ပြောရပါမည်။ သူတက်လာသောအခါ ဣသရေလကိုတွေ့ရပါသည်။ ဂိုဏ်းဂဏလုံးဝမရှိဘဲ သန့်သန့် လေးဖြစ်ပါသည်။ သူတို့သည် နိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။ ဣသရေလမှာတော့ နိုင်ငံတစ်နိုင်ငံ မဟုတ်ပါ။ ထိုအချိန်က လူမျိုးတော်ဖြစ်ပါသည်။ သူတို့က ဘုရားသခင်နည်းလမ်းအတိုင်း မသွားချင်ကြပါ။ အခြားသောနိုင်ငံများကဲ့သို့ ဖြစ်လိုပါသည်။ သူတို့အားလုံး ကျဆုံးရပါသည်။ ဘုရားသခင်နှင့်ဝေးကွာနိုင်သမျှ ဝေးကွာဘို့ရန် သူတို့အလိုရှိပါသည်။

82 ၈၂။ ဗာလမ်က ထွက်လာပြီးတော့ အောက်ငုံ့ကြည့်လိုက်တယ်။ နောက်ပြီးတော့ ဘာပြောလဲဆိုတော့ သူတို့ထဲက အမှုတော်ဆောင် တစ်ယောက်ကို ကျွန်တော်သိပါတယ်။ တစ်ခြားလူတစ်ယောက်ရဲ့ မိန်းမကို လက်ထပ်ထားတယ်။ ဒီအရာ အားလုံးဟာ တစ်ကယ်ဘဲ ဟုတ်တယ်။ တစ်ကယ်ဘဲ အများအပြား ဖြစ်နေပါတယ်။ ရှင်ဘုရင်ရဲ့စခန်းထဲမှာ အော်သံကိုသူ မကြားပါဘူး။ ကျောက်တုံးကြီးကိုလည်း မောရှေခွဲထားတာကို သူမတွေ့ပါဘူး။ ကြေးဝါမြွေရုပ်ကိုလည်း ကိုယ်စားပြုအ သေခံခြင်းအနေနဲ့ တောင်ဝှေးပေါ်မှာ ချိတ်ဆွဲထားတာကိုလည်း သူမတွေ့ခဲ့ပါဘူး။ ဘယ်အရာက အဲဒီအထဲမှာ ချိတ် ဆွဲထားတယ်။ အဲဒီအဖွဲ့အစည်းထဲမှာ ချိတ်ဆွဲထားတယ်ဆိုတာ သူမသိပါဘူး။ သူဟာဘုရားသခင်ရဲ့ပဋိညာဉ်နဲ့ ချိတ် ဆွဲခြင်းကို ခံရပါတယ်။ သူအဲလိုဘဲ လိုက်လျှောက်ခြင်း ဖြစ်ပါတယ်။ အဲဒီတော့ ဗာလမ်က အခြေခံကျကျ ဘာပြောလဲ ဆိုတော့ ငါ့ကိုယဇ်ပလ္လင် (၇)ခုတည်ဆောက်ပေးပါ။ အဲဒါ ယေဟောဝါဘုရားသခင် အလိုရှိတဲ့အရာဘဲ။ ယေဟောဝါဘုရား သခင်က နွားဖက်စလုံးအတွက် အဲဒါကိုဘဲ လိုချင်ပါတယ်။ ယဇ်ပလ္လင်တွေ တည်ဆောက်ပြီးရင် အဲဒီအပေါ်ကို သိုးထီး (၇)ကောင် တင်လိုက်ပါ။ သူက အဲဒီလို ပြောလိုက်တဲ့အခါမှာ သူတို့ဟာ သူတို့စခန်းထဲမှာ ပြုလုပ်ပါတယ်။ မေရှိယဟာ တစ်နေ့ကျရင် လာတော့မှာဖြစ်တယ်။ ဒါကြောင့်မို့ သိုးထီး(၇)ကောင် ယဇ်ပူဇော်ဘို့ လိုတယ်လို့ သူတို့က ဆိုပါတယ်။

83 ၈၃။ အခြေခံကျကျ တွေးမယ်ဆိုရင် သူတို့နှစ်ဖက်စလုံး မှန်နေပါတယ်။ ဒါပေမဲ့ တစ်နေ့သောအခါမှာ သူပြောသလိုဘဲ သူ့ကို လုပ်လို့မရဘူးဆိုတာ သူတို့သိလာရပါတယ်။ ကျွန်တော်တို့အချင်းချင်း ကျွန်တော်တို့ဖာသာ အဖွဲ့အစည်းဖြစ် တယ်ဆိုရင် သူတို့ အဲဒါဟာ သူတို့အမှားပြုလုပ်ခြင်းဘဲ ဖြစ်ပါတယ်။ ပင်တေကုတ္တေအဖွဲ့ အမှားပြုလုပ်မိတာဟာ အဲဒီအ ချက်ဘဲ ဖြစ်ပါတယ်။ အဲဒီလိုပြန်လည်ဖွဲ့စည်းပြီးတော့ အသင်းတော်တွေကို ဖွဲ့စည်းလိုက်တဲ့အခါမှာ ကျွန်တော် ဟာ ခင်ဗျားတို့ရဲ့ရန်သူ မဟုတ်ပါဘူး။ ခင်ဗျားတို့ရဲ့ ညီအစ်ကိုဘဲ ဖြစ်ပါတယ်။ ကျန်တဲ့နေ့ ရက်တွေမှာဆိုရင် အဲဒီအရာ သမ္မာ တရားဖြစ်တယ်ဆိုဘဲ ဆက်လက်ပြီး ရှာဖွေရတော့မှာ ဖြစ်ပါတယ်။ အချိန်အနည်းငယ် ယူပါရစေ။ အချို့သောသူတို့ဟာ နေဘက်ကို မျက်နှာလှည့်ထားကြပါတယ်။ အဲဒါမှန်တယ်ဆိုတာ သင်တွေ့ရပါမယ်။ ဗာလမ်ရဲ့ ဩဝါဒဟာ သူတို့ကို ထိခိုက်လာတဲ့အခါ သူတို့လိုချင်တဲ့အရာ ကတော့ အဲဒါဘဲ ဖြစ်ပါတယ်။ ကျွန်တော်တို့အားလုံးဟာ တစ်လုံးတစ်ဝတည်း ဖြစ်ပါ တယ်။ အဲဒါနဲ့ဘဲ သူတို့ဆက်ပြီး လှုပ်ရှားသွားပါတယ်။ သူတို့ရဲ့ ပရောဖက်တွေအားလုံးနဲ့ သူတို့တွေထဲကအားလုံးဟာ ဆက်ပြီးတော့ အတူတကွ လက်တွဲသွားကြပါတယ်။ ပွဲတော် ကိုရောက်ပါတယ်။ အလားတူဘဲ ပြောဆိုကြပါတယ်။ ကျွန်တော်တို့အားလုံး အဲဒါတစ်ခုကိုဘဲ ယုံကြည်ကြပါတယ်။ ဘုရားသခင် ကျွန်တော်တို့အားလုံး ယုံကြည်ပါရစေ။ သူတို့ ဘာကို မျှော်ကြည့်နေမလဲ ဆိုတာကိုဘဲ ကြည့်ကြပါစို့။

84 ၈၄။ မက်သဒစ်တွေနဲ့ နှစ်ခြင်းတွေအားလုံး အတူတကွပူးတွဲပြီးတော့ မရပ်တည်နိုင်တာကလည်း သူတို့ရဲ့ အဖွဲ့အစည်း ကြောင့် ဖြစ်ပါတယ်။ ဒါပေမဲ့လည်းသူ တို့ဟာ တစ်ကယ့်အဖွဲ့အစည်း ကြီးကြီးမားမား ရှိလာမှာပါ။ အဲဒီအခါမှာ သူတို့အတူတ ကွပေါင်းစည်းလို့ ရပါမယ်။ ပင်တေကုတ္တေတွေကတော့ လုံးဝလက်ခံမှာ မဟုတ်ဘူးလို့ သင်တို့ပြောပါမယ်။ မစ်ဇိုရီပြည် နယ်မှာ ဟိုတစ်နှစ်က သူတို့ဘာလုပ်ခဲ့ပါသလဲ။ သင်တို့ရဲ့စာအုပ်တွေကို သင်တို့ဖတ်ကြည့်ကြပါ။ သင်မဟုတ်ပါဘူး။ သင်တို့ပင်တေကုတ္တေတွေ မဟုတ်ပါဘူး။ သင်တို့လူတွေဘဲ ဖြစ်ပါတယ်။ သင်တို့တော့ မဟုတ်ပါဘူး။ သင်တို့လှုပ်ရှားစေတဲ့ အစိုးရအဖွဲ့အစည်းဘဲ ဖြစ်ပါတယ်။ အဲဒါကတော့ ဦးခေါင်းကနေပြီးတော့ လှည့်ပတ်နေခြင်းဘဲ ဖြစ်ပါတယ်။ အဲဒါနဲ့ သင်အတူသွားမှာလား။ အဲဒီအဖွဲ့အစည်းကို ဝေးဝေးကရှောင်ပါ။ အဲဒါဟာဆိုရင် သားရဲရဲ့တံဆိပ်ခတ်နှိပ်ထားပါတယ်။ အ တတ်နိုင်ဆုံး အဲဒီအဖွဲ့အစည်းကနေ လွတ်မြောက်နိုင်အောင် အမြန်ဆုံးကြိုးစားပါ။ အဲဒီအဖွဲ့အစည်းကို လှုပ်ရှားစေတာက အစိုးရပိုင်းဆိုင်ရာ ခေါင်းဆောင်မှုဘဲ ဖြစ်ပါတယ်။

85 ၈၅။ ကျွန်တော်တို့ဟာ ဂျာမဏီနဲ့စစ်ဖြစ်ဖို့ နောက်တစ်ခြားသူတွေနဲ့ စစ်ဖြစ်ဘို့ ကျွန်တော်တို့ ဦးတည်ပြီးသွားတာ မဟုတ် ပါဘူး။ နိုင်ငံရေးခေါင်းဆောင်တွေအားလုံး စုဝေးပြီးတော့ သူတို့ကနေပြီး လက်နက်အသစ်တွေ တည်ထွင်တယ်။ သူတို့ကဘဲ စကြတာပါ။ ကျွန်တော်ကတော့ ငွေကိုမလိုချင်ပါဘူး။ ကျွန်တော့်ကလေးအားဖြင့် သွေးနဲ့စွန်းတဲ့ငွေတွေ ကျွန်တော် ပြန်မ လိုချင်ပါဘူး။ ဒါကြောင့်မို့လို့ ကျွန်တော် ဒီအဖွဲ့အစည်းထဲကနေ ထွက်ချင်ပါတယ်။ မထွက်ရဘူးဆိုရင်လည်း ကျွန်တော့် အသက်သေဆုံးတာမှ ပိုကောင်းမှာပါ။ ဘာကြောင့်လဲဆိုတော့ နိုင်ငံရေးနဲ့ဆိုင်လို့ဘဲ ဖြစ်ပါတယ်။ ကမ္ဘာလော ကကြီး တစ်ခုလုံးကို စာတန်က ထိန်းချုပ်ထားပါတယ်။ သခင်ပြောတဲ့အတိုင်းဘဲ ဖြစ်ပါတယ်။ မိလေနိကာလအထိ အဲဒါကတော့ မှားမှာမဟုတ်ပါဘူး။ သခင်ယေရှု ကြွလာတဲ့အခါမှသာ သခင်ယေရှုက အုပ်ချုပ်မှုအာဏာ အားလုံးကို ချုပ်သိမ်းလိုက်မှာ ဖြစ်ပါတယ်။ အခုအခါမှာတော့ ကျွန်တော်တို့မှာ အခက်အခဲတွေ အမျိုးမျိုးတွေ့ရပါတယ်။ ကျွန်တော် မြန်မြန်လေး ဆက်ပြီးပြောပါမယ်။

86 ၈၆။ သူတို့လိုချင်တဲ့ အရာကဘာလဲဆိုတော့ မောဘတွေရဲ့ပွဲတော်မှာ စာတန်အ နိုင်ရရှိတာကိုဘဲ သူတို့လိုချင်ပါတယ်။ အခြားသောသူတစ်ဦး လာနေတာကိုလည်း သူတို့သိပါတယ်။ အဲဒီလူလာပြီးတော့ သူတို့ကို အဲလိုနည်းနဲ့ လာလုပ်မယ်ဆို တာကိုလည်း သိပါတယ်။ ချက်ချင်းဘဲ ဖြစ်ပါတယ်။ သူတို့ဘာလုပ်လဲဆိုတာကို စဉ်းစားကြည့်ပါ။ အဲဒီအတိုင်းဘဲ ဖြစ်ပါတယ်။ အင်မတန်ဘဲ ကြီးမားရှည်လျားပြီး နှစ်နှစ်၊ သုံးနှစ်၊ လေးနှစ်လောက် အချိန်ဆွဲရမဲ့အရာကို မလိုအပ်ပါဘူး။ မိစ္ဆာပရောဖက်ဘဲ ဖြစ်ပါတယ်။

ဘုရားသခင်ရဲ့နှုတ်ကပတ်တော်ကို ပယ်ရှားတဲ့သူဘဲ ဖြစ်ပါတယ်။ တစ်နိုင်ငံလုံးကို ဘုရားသခင် စေလွှတ် လိုက်တဲ့ သတိပေးချက်တွေအားလုံးကို သူတို့ကို ပြောပြပါတယ်။ ထွက်ပါ၊ ထွက်ပါ၊ ထွက်ပါ၊ ဒါပေမဲ့လည်း သူတို့က မထွက် ချင်ပါဘူး။ သူတို့ ဆက်လက်ပြီးတော့ အဲဒီအဖွဲ့အစည်းထဲမှာဘဲ နေကြပါတယ်။ သူတို့က ဘုရားသခင်ရဲ့နှုတ်ကပတ်တော်ကို ဂရုမစိုက်ကြပါဘူး။ ဘုရားသခင် ရဲ့နိမိတ်လက္ခဏာတွေ ကျွန်တော်တို့ ယခုရောက်ရှိနေတဲ့ ခေတ်ကာလက အကြောင်းအ ရာတွေ ဘာကိုမှ သူတို့ ဂရုမစိုက်ကြပါဘူး။ သူတို့ဆက်လက်ပြီးတော့ သူတို့လုပ်ချင်နေ တာကိုဘဲ သူတို့ လုပ်နေကြပါတယ်။ ဘယ်လိုဖြစ်ဖြစ် ငါတို့လုပ်ချင်တာ ငါတို့ဆက်လုပ် မယ်ဆိုပြီးတော့ သူတို့ပြောကြပါမယ်။ လုပ်ကိုလုပ်ရမယ်။ မလုပ်လို့ မဖြစ်ဘူး။ ကျွန် တော်တို့အားလုံးဟာ တစ်လုံးတစ်ဝတည်းဘဲ ဖြစ်တယ်ဆိုပြီးတော့ သူတို့ဆက်ပြီးတော့ ပြောနေကြပါတယ်။ နတ်ဆိုးရဲ့ မကောင်းတဲ့အရာတွေဘဲ ဖြစ်ပါတယ်။ နိစိန်ပွဲတော် ကြီးမှာလည်း ဒီနိစိန်မြို့၊ ရောမနိုင်ငံမှာရှိတဲ့ နိစိန်မြို့မှာလည်း သူတို့ ဒီတိုင်းဘဲလုပ်ခဲ့ကြ ပါတယ်။ အဲဒီကနေပြီးတော့ သူတို့ အဖွဲ့အစည်းတစ်ခု ဖွဲ့စည်းတယ်။ နောက်ပြီးတော့ ဘာဖြစ်လဲဆိုတော့ စာတန်ကနိုင်စင်းပွဲတော်ကြီး ကျင်းပနိုင်ခဲ့ပါတယ်။ အင်မတန် ကြီးမားတဲ့ နှုတ်ကပတ်တော်ကို ကျွန်တော် ပြောလိုပါတယ်။ ဒီတိတ်ခွေကို နားထောင်ပြီး ဒီအကြောင်းအရာကို နားထောင်ပြီးတော့ အငြင်းအခုန် လုပ်ချင်ပါသလား။ သင်ကိုယ်တိုင် သင့်ကိုယ်သင် ငြင်းခုန်ကြည့်ပါ။ သမိုင်းကြောင်း၊ သမ္မာကျမ်းစာ စသည်တို့ကို သေချာလေ့လာပြီးမှ ငြင်းခုန်ပါ။ ကျွန်တော့်ကို လာပြီးတော့ အငြင်းအခုန် မလုပ်ပါနဲ့။

87 ၈၇။ သေချာနားထောင်ပါ။ ဘုရားသခင်က သတင်းစကားပို့ဆောင်သူကို စေလွှတ်တဲ့အခါတိုင်း သတင်းစကားကို ရရှိပါတယ်။ ထိုအသင်းတော် အဲဒီလူအုပ်စုဟာ ဂိုဏ်းဂဏဆိုင်ရာ ပွဲတော်ဖြစ်လာတဲ့အခါမှာ သူတို့ဘာလုပ်ပါသလဲ။ သင်တို့ ရဲ့အဖွဲ့အစည်းတွေက ဘယ်မှာလုပ်ပါသလဲ။ ဘယ်နေရာမှာ တစ်လုံးတစ်ဝတည်းဖြစ်တယ်လို့ ဆိုထားပါသလဲ။ အဲဒါကတော့ သင်တို့လုပ်ခဲ့တဲ့အရာဘဲ ဖြစ်ပါတယ်။ သင့်ရဲ့ဂိုဏ်းဂဏဆိုင်ရာပွဲတော်မှာ သင့်ကိုယ်သင် ဘုရားသခင် ကျိန်ဆိုထားတဲ့အ ရာကို လုံးဝငြင်းပယ်လိုက် ဖယ်ပစ်လိုက်ခြင်းဘဲ ဖြစ်ပါတယ်။ အသင်းတော်က တစ်ကယ်ကြီးမားတဲ့ နိုးထမှုကြီး ရရှိတဲ့ အချိန်အခါတိုင်းမှာ လူသာရဲ့ခေတ်ကာလမှာ ဘာဖြစ်လာပါသလဲ။ မက်သဒစ်တွေ ဒီခေတ်ကာလ တစ်လျှောက်လုံးကို ကြည့် မယ်ဆိုရင် ဇွင်းနီ၊ ဖင်နီ၊ ဖင်လီသူတို့အားလုံးဟာ နိုးထမှုရရှိတဲ့အခါမှာ အဲဒါနဲ့ပတ်သက်ပြီးတော့ သူတို့ဘာလုပ် ကြပါသလဲ။ ဂိုဏ်းဂဏဆိုင်ရာထဲကို ပစ်ထည့်လိုက်ပြီးတော့ တွားသွားပါတယ်။ တံဆိပ်ကိုလည်း ခတ်နှိပ်လိုက်ပါတယ်။ အဲဒီအခါမှာ သင့် ကို လူစုတစ်စုက ထိန်းချုပ်နေတယ် ဆိုတာ သင်ခံနေရပါတယ်။ သန့်ရှင်းသောဝိညာဉ်တော် ဘယ်လိုမှ ဆက်လက်ပြီး မလှုပ်ရှားနိုင်တော့ပါဘူး။ သမ္မာကျမ်းစာ သွန်သင်ပေးတဲ့အတိုင်းဘဲ သင်ကစတင်ပြီး ဟောပြောပါတယ်။ ဂိုဏ်းဂဏဆိုင်ရာ တွေနဲ့ ပတ်သက်ပြီးတော့ အဲဒီအရာတွေကို မယုံကြည်ပါဘူး။ သင့်ကို ဘေးထုတ်ထားလိုက်ပါတယ်။ တစ်ခါပြန်ပြီးတော့ လုပ်ကြည့်ပါ။ မှန်မမှန်ကြည့်ပါ။ အဲဒါက သမ္မာတရားဘဲ ဖြစ်ပါတယ်။ ဂိုဏ်းဂဏဆိုင်ရာ ပွဲတော်တွေမှာ အချိန်တိုင်းဘဲ သူတို့ ကို ဆင့်ခေါ်ပါတယ်။ ဗာလမ်တို့ရဲ့ ပွဲတော်ဖြစ်ပါတယ်။ အဲဒီအချိန်မှာ ပြဿနာဖြစ်လာပါတယ်။ လူသာ၊ ဝက်စလီ၊ ပင်တီကော့စ်နဲ့ သူတို့အားလုံး ဟာ သားကောင်တွေဘဲ ဖြစ်ပါတယ်။

88 ၈၈။ အဲဒီအခါမှာ မောရှေရောက်လာပါတယ်။ ဟာလေလုယာ။ မည်သူဟာကျွန်ုပ်အတွက်နှင့် ဘုရားသခင်အတွက် ဖြစ်ပါသနည်း။ အာမင်။ လေဝိတွေက သူတို့ရဲ့ ဓါးတွေကို ထုတ်တယ်။ စခန်းတွေကို သူတို့သွားပါတယ်။ သူတို့နဲ့ ဆက်နွယ် နေတဲ့သူ မှန်သမျှအားလုံးကို သတ်ပစ်လိုက်ပါတယ်။ အာမင်။ လူတိုင်းဘဲ ဖြစ်ပါတယ်။ လူတိုင်းအားလုံးထဲမှာ မောဘအ မျိုးသမီးပါပါတယ်။ သူတို့အားလုံးကို သတ်လိုက်ပါတယ်။ အချိန်ကာလရောက်လာပါတယ်။ အဲဒီလူဘယ်မှာလဲ။ အာရုန်ရဲ့ သားတွေ ဘယ်မှာလဲ။ ယဇ်ပရောဟိတ်တွေ ဘယ်မှာလဲ။ သူတို့ဟာဆိုရင် ဘုရားသခင်ရဲ့ နှုတ်ကပတ်တော်ကို ဆွဲထုတ်ပါ တယ်။ နှုတ်ကပတ်တော်တည်းဟူသော အသွားနှစ်ဖက်ရှိတဲ့ဓါးကို ဆွဲထုတ်ပါတယ်။ မည်သူဟာ ကျွန်ုပ်နဲ့ဘုရားသခင် ဘက်မှာ ရပ်တည်ပါသလဲ။ သူဘယ် ရောက်နေပါသလဲ။ ဖိတ်ခေါ်နိုင်ပါတယ်။ ဘယ်သူမှ ပြန်မဖြေဘူး။ ဖိတ်ခေါ်ပေမဲ့လည်း ဘယ်သူကမှ ပြန်မဖြေပါဘူး။ ကျွန်တော် ဘာကိုဆိုလိုသလဲ၊ ကြည့်ပါ။ ကျွန်တော်တို့မရရှိပါဘူး။ တစ်စုံတစ်ခု မှားယွင်းသွား ပါတယ်။ မောရှေ ရပ်လိုက်ပြီးတော့ မတ်တပ်ထရပ်ပြီးတော့ ဒီအရာတွေကို ကြားပြောပါတယ်။

89 ၈၉။ သူတို့၏အပြစ်များကို သတိပြုပါ။ သူတို့ကိုယ်သူတို့ ဂိုဏ်းဂဏပြုလုပ်ပြီးတော့ မောဘတို့နဲ့ သူတို့ပူးပေါင်းတယ်။ သူတို့ အားလုံး အတူတကွ တစ်ဖွဲ့ထဲဖြစ်အောင် လုပ်တယ်။ ထိုအပြစ်ကြောင့် ဘုရားသခင်က သူတို့ကို ဘယ်တော့မှ ခွင့်မလွှတ်ပါ။ ကျွန်တော်အခု ဆက်လက်ပြီးတော့ တစ်မိနစ်ခန့် အချိန်ယူပြီး ပြောလိုပါတယ်။ နောက် ကျသွားပြီ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း တစ်မိနစ်ခန့်တော့ စောင့်ပါ။ သူတို့ရဲ့အပြစ်တွေကို ဘယ်တော့မှ ခွင့်မလွှတ်ပါဘူး။ သူတို့အထဲက တစ်ယောက်မှ ဂတိ ထားတော်မူရာပြည်ကို မရောက်ပါဘူး။ သခင်ယေရှုပြောတဲ့အတိုင်းဘဲ ကျေးဇူးပြု၍ ကျွန်တော့်ကို တစ်မိနစ်ခန့် ခွင့်ပြုပါ။ (ယော ၆)မှာ သခင်ယေရှုက ဖေါ်ပြထားပါတယ်။ ငါတို့ဘိုးဘေးတွေဟာ တောထဲမှာ မန္နမုန့်ကို စားခဲ့ပါတယ်။ သူတို့ဟာ ပင်တေကုတ္တေများ ဖြစ်တယ်။ သူတို့ မန္နမုန့်ကို စားခဲ့တယ်။ သူတို့ တစ်ကယ်စစ်မှန်တဲ့အရာကို ရရှိခဲ့ပါတယ်။

သခင်ယေရှု မိန့်တော်မူတာကတော့ သူတို့ဟာ တစ်ယောက်စီဟာ သေဆုံးရပြီ ဖြစ်ပါတယ်။ သူတို့ဟာ ပျောက် ဆုံးပြီးတော့ အသက်တာဆုံးရှုံးရပါတယ်။ သူတို့ထာဝရပျက်စီးရတဲ့အခွင့်ကို ရောက်သွားပါတယ်။ သူတို့အပြစ်တွေကို ဘယ် တော့မှ ခွင့်မလွှတ်ပါဘူး။ သူတို့ ဘာလုပ်ပါသလဲ။ ဘုရားနဲ့သူတို့ ပဋိညာဉ်ကို ချိုးဖောက်ပြီး ဗာလမ်နဲ့အဖွဲ့ ဖွဲ့ကြပါတယ်။ ပရောဖက် အငယ်ကဆိုရင် အငှားလိုက်သောပရောဖက် ဖြစ်၍ ဘုရားသခင်၏ သတိပေးစကားကို နာခံမည် မဟုတ်ပါ။ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို လက်ခံမည် မဟုတ်ပါ။ ဘုရားသခင်နှင့်ပတ်သက်၍ ဘာကိုမှ ဂရုမစိုက် ပါ။ သို့သော် လည်း သူက သူတို့အားလုံးကို ရနိုင်ဘို့ရန်အတွက် ဆန္ဒရှိပါသည်။ မှားယွင်းမှုကို သင်တွေ့ပါသလား။ ကျွန်တော် အချိန် ကြာမြင့်စွာ ထိုနေရာမှာ ရပ်တည်နိုင်ပါ သည်။ သင်သဘောပေါက်လိမ့်မည်ဟု ကျွန်တော် ထင်ပါသည်။ သူတို့၏အပြစ်များကို ဘယ်တော့မှ ခွင့်မလွှတ်ပါ။ ထိုကောင်းချီးများအောက်မှာ သူတို့တစ်ယောက်ကိုမျှ အသက်ရှင်ခွင့် မပေးပါ။ မန္နမုန့်ကိုလည်း စားခွင့်မပေးပါ။

90 ၉၀။ တစ်ကယ်စစ်မှန်သော သတင်းစကားမှန် ရောက်ရှိလာသောအခါ သူတို့က အဖွဲ့အစည်း ဖွဲ့စည်းလိုက်ပါသည်။ မောဘတို့နှင့်

ကျွန်တော်တို့ အတူတကွ စုဝေးကြမည်။ အလွန်ကြီးမားသော အဖွဲ့အစည်း ဖြစ်ပါသည်။ အလွန်ကြီးမားသော နိုင်ငံလည်း ဖြစ်ပါသည်။ ကျွန်တော်တို့မှာ အလွန်ကြီးမားသော နိုင်ငံတစ်နိုင်ငံ မဟုတ်ပါ။ တစ်ဦး နှင့်တစ်ဦး ထိမ်းမြား လက်ထပ်၍ ထိုအခါရောက်ရင် ကျွန်တော်တို့ ဘာမှဖြစ်တော့မည် မဟုတ်ပါ။ သူတို့နှင့်အတူ ရှိမည်ဖြစ်ပါသည်။ သို့သော် လည်း အပြစ်လွတ်မည် မဟုတ်ပါ။ ဘယ်သောအခါမှ အပြစ်လွတ်ခြင်း ခံရမည် မဟုတ်ပါ။ သခင်ယေရှု မိန့်တော်မူသည်မှာ သူတို့အားလုံးတစ်ယောက်စီ သေဆုံးပြီ ဖြစ်ပါသည်။ ထိုစကားလုံးကို ဘာသာပြန်ပါ။ ဟေဗြဲလိုဘဲဖြစ်ဖြစ်၊ ဂရိလိုဘဲဖြစ်ဖြစ်၊ အင်္ဂလိပ်လိုဘဲဖြစ်ဖြစ် ဘာသာပြန်ပါ။ အဓိပ္ပါယ်မှာတော့ ထာဝရကွဲကွာခြင်း၊ ထာဝရ ပျောက်ဆုံးခြင်းပင် ဖြစ်ပါသည်။ သူတို့ သည် အံ့ဘွယ် နိမိတ်လက္ခဏာများကို တွေ့ပြီးနှုတ်ကပတ်တော်ကို လည်း ဘိသိတ်ပေးထားသည်ကို သူတို့တွေ့သည်။ ကောင်းကင်မှကျလာသော မန္နမုန့်ကိုလည်း သူတို့စားရသည်။ သူတို့ကောင်းချီးမင်္ဂလာကိုလည်း ခံစားရပါသည်။ သူတို့တွေ့ရ သည့် အရာမှာလည်း ကျောက်ဆောင်မှ ရေထွက်သည်ကို တွေ့ရပါသည်။ သူတို့ ထိုရေကို သောက်ခွင့်ရပါသည်။ သူတို့ သည် ထိုအရာနှင့်ပုဂ္ဂိုလ်ရေးရာအရ ပတ်သက်လျှက် ရှိပါသည်။ သို့သော်လည်း နှုတ်ကပတ်တော်ကို ချိုးဖောက်ရတော့မည့် အခါမှာ သင်ထိုအရာကို ဘယ်တော့မှ မမေ့ပါနှင့်။ သခင်ယေရှုမိန့်တော်မူသည်မှာ ငါနှင့်ငါ့ခမည်းတော် တစ်လုံးတစ်ဝ တည်းဖြစ်သည်ဟု မိန့်တော်မူခြင်း ဖြစ်သည်။ သုံးပါးဖြစ်သည်ဟု ဆိုထားခြင်း မဟုတ်ပါ။ ကျမ်းချက်အားဖြင့် ကြည့်မည်ဆိုရင် အခြေခံကျပါသည်။

91 ၉၁။ လူတစ်ယောက် ကျွန်တော့်ထံသို့ တစ်ညက ရောက်လာပါသည်။ ကျွန်တော်ဘယ်နေရာမှာ မှားသလဲဆို တာကိုလည်း ကျွန်တော့်ကို ပြပါသည်။ တြိနိတီအကြောင်းကိုလည်း စကားပြောကြပါသည်။ တြိနိတီကိုယုံတဲ့ မိတ်ဆွေ ပေါင်းများစွာ၊ ထောင်ပေါင်းများစွာ ကျွန်တော့်မှာ ရှိပါတယ်။ သူတို့အားလုံးဟာလည်း ဗာဗုလုန်ထဲမှာဘဲ ရှိနေပါတယ်။ ဗာဗုလုန်ထဲမှာ တစ်ပါးတစ်ဆူကို ယုံကြည်တဲ့ မိတ်ဆွေများစွာလည်း ရှိပါတယ်။ အဲဒါဆိုရင် ဘာဖြစ်မလဲ လို့မေးတဲ့အခါမှာ သူက ဘာဖြေသလဲဆိုတော့ အဲဒါကတော့ ဝေါဟာရပါဘဲ ဘရာသာဘရမ်ဟမ်၊ ခင်ဗျားလည်း တြိနိတီကို ယုံကြည်တယ် မဟုတ်လား။

ကျွန်တော်ကလည်း ပြန်ဖြေလိုက်ပါတယ်။ ခင်ဗျားရဲ့စကားကိုဘဲ ကျွန်တော်က ပြန်ယူပြီးဖြေပါမယ်။ ဝေါဟာရဘဲ ဖြစ်ပါတယ်။ ခင်ဗျားအဲဒါကို ဘယ်လိုယုံကြည်သလဲ။ ကျွန်တော်ကတော့ ဘုရားသခင် တစ်ဆူတည်းကိုသာ ယုံကြည်ပါ တယ်လို့ ဖြေပါတယ်။ ကျွန်တော်ကလည်း ကောင်းပါတယ်လို့ ပြောလိုက်ပါတယ်။ သူက ဘာပြောလဲဆို တော့ ဘုရားသခင် တစ်ပါးတည်းရှိတယ်ဆိုတာ ကျွန်တော် ယုံကြည်ပါတယ်။ ပုဂ္ဂိုလ်(၃)ပါးရှိတယ်။ ကျွန်တော်က ဘာပြောလဲဆိုတော့ ခင်ဗျားဟာ Biola ရဲ့ကျောင်းသား တစ်ယောက်များလားလို့ မေးလိုက်တဲ့အခါမှာ သူက ဟုတ်ပါတယ်လို့ ပြန်ဖြေပါတယ်။ ကျွန်တော်ကလည်း ပြောလိုက်တယ်။ အဲဒါနဲ့ဘဲ တူပုံပေါ်ပါတယ်။ သင့်ရဲ့ ပညာရေးအတွက် အဲဒါကတော့ သိပ်မကောင်း ပါဘူး။ ပုဂ္ဂိုလ်(၃)ပါးနဲ့ ဘုရားတစ်ဆူ တည်းဘဲ ဖြစ်ပါတယ်။ ကျွန်တော်ပြောလိုတာကတော့ ဝက်စတာ (Webster)နဲ့ပတ် သက်ရင် ပုဂ္ဂိုလ်ရေးရာတွေ ရှိဘို့လိုပါတယ်။ လူပုဂ္ဂိုလ်တစ်ယောက် ဖြစ်မလာခင်ကဘဲ ဖြစ်ပါတယ်။ သင်က ဘုရား(၃)ပါးကို ယုံကြည်တာလား။ သင်ဟာလူတစ်ယောက်ဖြစ် လာဘို့အတွက် ပုဂ္ဂိုလ်ရေးရာတွေရှိမှသာ လူတစ်ယောက် ဖြစ်လာနိုင်ပါ တယ်။ လူတစ်ယောက် ဖြစ်လာဘို့အတွက်လည်း ပုဂ္ဂိုလ်ရေးရာတွေ လိုအပ်လို့ဘဲ ဖြစ်ပါတယ်။ အဲဒီတော့ သူတို့က ပြောပါတယ်။ မစ္စတာဘရမ်ဟမ် ခင်ဗျားသိထားရမှာကတော့ သီဩဲလော်ဂျီ ပညာရှင်တွေက ရှင်းမပြတတ်ဘူးဆိုတာ ကိုဘဲ ပြောပါတယ်။ ကျွန်တော်ကလည်း ပြန်ပြောလိုက်ပါတယ်။ ဟုတ်ပါတယ်။ မှန်ပါတယ်။ နှုတ်ကပတ်တော်ဆိုတာ သီဩဲလော်ဂျီ ပညာရှင်တစ်ယောက်ဆီကို ရောက်လာတာ မဟုတ်ပါဘူး။ ကျွန်တော်ပြောလိုတာက သမ္မာကျမ်းစာအားလုံး ဗျာဒိတ်တော်ပေါ်မှာ မူတည်ပါတယ်။ ငါ့ရဲ့အသင်းတော်ကို ဤကျောက်ပေါ်မှာ ငါတည်ဆောက်မယ်လို့ ဆိုပါတယ်။ ငရဲတံခါး တွေက အဲဒီကျောက်ကို တားဆီးနိုင်တော့မှာ မဟုတ်ဘူးလို့ ဆိုပါတယ်။ အာမင်။ အဲဒီအရာတွေနဲ့ပတ်သက်လို့ ပြောတဲ့အခါ မှာဆိုရင် ..

92 ၉၂။ ကျွန်တော်လည်း မြန်မြန်ပြောချင်တဲ့အတွက် မြန်မြန်လည်း အမြန်ဆုံးနိဂုံး ချုပ်ချင်တဲ့အတွက် ကျွန်တော် ဒီကျမ်းချက် တွေကို ကျော်သွားရမှာ ဖြစ်ပါတယ်။ သူတို့ကို ခွင့်လွှတ်နိုင်တော့မှာ မဟုတ်ပါဘူး။ သူတို့လုပ်ခဲ့တဲ့ ကိစ္စအတွက် သူတို့ကို ခွင့်မလွှတ်ပါဘူး။ သူတို့ဘာလုပ်သလဲ။ သူတို့ဟာ ကောင်းချီးတွေကို ခံစားရပါတယ်။ အဲဒါကိုတော့ မမေ့ပါနဲ့။ ကျွန်တော် တစ်ခါထပ်ပြီး ပြောပါမယ်။ သူတို့ဟာ ခွင့်လွှတ်ခြင်းကို မခံရပါဘူး။ ဒီတိတ်ခွေဟာ ကမ္ဘာတစ်ဝှမ်းလုံးကို ရောက် သွားမဲ့တိတ်ခွေ ဖြစ်ပါတယ်။ အာဖရိက၊ အန္ဒိယ၊ ကမ္ဘာအရပ်ရပ်မှာ ဒီတိတ်ခွေကို ဖွင့်ကြမှာ ဖြစ်ပါတယ်။ ဘာသာစကားအ မျိုးမျိုး ဘာသာပြန်ပြီးသားလည်း ဖြစ်မှာဖြစ်ပါတယ်။ နေရာတိုင်း၊ ဌာနတိုင်းရောက်မဲ့ တိတ်ခွေဘဲ ဖြစ်ပါတယ်။ အပြစ်က ဘယ်တော့မှ ခွင့်လွှတ်ခြင်းမခံရပါဘူး။ သင်ကလည်း ပြောမှာပေါ့၊ ဘုရားသခင် ကောင်းချီးပေးပါစေ။ ကျွန်တော် ဒါလုပ် တယ်။ ကျွန်တော်ဟာ ကောင်းကင်ကနေ မန္နကျလာတာကိုတောင် စားရတယ် စသည်ဖြင့် ဆင်ခြေပေးမှာပါ။ သူတို့လည်း ထိုနည်းငှင်းဘဲ ပြုလုပ်ခဲ့ပါတယ်။ သခင်ယေရှု မိန့်တော်မူသည် မှာကတော့ သူတို့အားလုံးဟာ သေဆုံးကြရပြီ ဖြစ်ပါတယ်။ တစ်ကယ့် သတင်းစကား အတိအကျ ရောက်လာတဲ့အခါမှာ ပဋိညာဉ်တရားတော်ကို သူတို့အနေနဲ့ မချိုးဖေါက် သင့်ပါဘူး။ အခြားသောနိုင်ငံ တစ်နိုင်ငံနဲ့ ပြုလုပ်ထားတဲ့ ပဋိညာဉ်တရားကို မချိုး ဖောက်သင့်ပါဘူး။ ဘုရားသခင်ကတော့ လူတွေကို အပိုင်းပိုင်းကွဲပြားစေတဲ့သူ ဖြစ် တယ်။ လူတွေကို ကွဲပြားစေတယ်။ တစ်ခြားသော ယုံကြည်ခြင်းခံယူချက် ရှိတဲ့သူတွေကို လက်ထပ်လို့လည်း ဘာမှမဖြစ်ပါဘူး။ တစ်ကယ်စစ်မှန်တဲ့အသင်းတော် ခရစ်တော်သတို့သမီးဟာ ခရစ်တော်နဲ့ ဆက်ထားပါ တယ်။ ခရစ်တော်ဟာလည်း နှုတ်ကပတ်တော်နဲ့ ဆက်ထားပါတယ်။ အဲဒါကြောင့်မို့ အဖွဲ့အစည်းတွေနဲ့လည်း မပတ်သက် ပါဘူး။ ဂိုဏ်းဂဏတွေနဲ့လည်း မဆိုင်ပါဘူး။ ခရစ်တော်နဲ့ဘဲအတူရှိပါ။ နှုတ်ကပတ်တော်နဲ့ဘဲ အတူရှိပါ။ ဘယ်ခေတ်ကာလက မဆို ရှိခဲ့သလိုဘဲရှိပါ။ အဲလိုပြုလုပ်လုပ်ခြင်းဟာ ဘုရားသခင်ထံမှ ထာဝရကွဲကွာခြင်းဘဲ ဖြစ်ပါတယ်။ လူတိုင်းနား လည်မယ်လို့ ကျွန်တော် ယုံကြည်မျှော်လင့်ပါတယ်။

93 ၉၃။ ကျွန်တော်တို့ ဖတ်ရသောကျမ်းချက်အရ ပသခါပွဲ အချိန်နီးပြီ ဖြစ်ပါသည်။ အလွန်အရေးကြီးသောအချိန် ဖြစ်ပါ သည်။ ဗိမာန်တော်ဂိတ်တံခါးနားမှာ လူတွေအိပ်နေကြပါသည်။ ပသခါပွဲနေ့တိုင်း သူတို့ထိုကဲ့သို့ပင် ဖြစ်ပါသည်။ သူတို့ အပြင်ဖက်မြေကြီးပေါ်မှာ လဲလျောင်းလျှက်နေပါသည်။ တဲခိုခန်းများမှာလည်း လူများနှင့်ပြည့်နေပါသည်။ ပသခါပွဲ ဖြစ်ပါ သည်။ ထိုနေရာမှာ လူတိုင်းမျှော်လင့်ခြင်း ကြီးမားစွာနှင့်စောင့်နေပါသည်။ နေရာတိုင်းမှာလည်း လူတွေ ပြည့်နေပါသည်။ ကျွန်တော် ငါးမိနစ်အတွင်း ပြီးအောင်လုပ်ပါမယ်။ ဘုရားအလိုတော်နဲ့ညီရင် (၁၀)မိနစ်ပေါ့။လူတိုင်းအားလုံးဟာသတိနဲ့ နေကြပါတယ်။

လူတန်းစား သုံးမျိုးသုံးစား ရှိပါသည်။ အလွန်ကြီးမားစွာ မျှော်လင့်နိုင်သော မျှော်လင့်ချက်ပင် ဖြစ်ပါသည်။ ဒီထူးဆန်း သောသူကို သူတို့သိကြပါသည်။ ထိုသူသည် ပွဲတော်ကို လာမည်ဖြစ်ပါသည်။ အချို့သောသူတို့က ကိုယ်တော်ကို ချစ်ကြပါ သည်၊ ယုံကြည်ကြပါသည်။ အချို့သောသူတို့က မုန်းတီးကြပါသည်။ အများစုက မုန်းတီးနေကြ ပါသည်။ တစ်ဦးက ကိုယ်တော်ကို ချစ်သည်။ အခြားတစ်ဦးက ကိုယ်တော်ကိုချစ်သည်။ ဒါကြောင့်မို့လို့ အလယ်မှာ ရပ်နေသောသူက ဘာလုပ်ရမှန်း မသိတော့ပါ။ သူတို့မသိနိုင်တော့ပါ။ ဒါကြောင့်မို့လို့ မျှော်လင့်ခြင်းတွေနဲ့ ပြည့်ဝနေပါသည်။ တစ် ယောက်သောသူက ဘာပြောသလဲဆိုတော့ ကိုယ်တော်ရှင် အဲဒီမှာရပ်နေရင် ကိုယ်တော်ကို ကျွန်တော် တို့ ခေါ်ကြမယ်။ သူ့ကို ကျွန်တော်တို့ နှုတ်ကပတ်တော်နဲ့ပတ်သက်လို့ စစ်ဆေးမယ်။ ယဇ်ပရောဟိတ်အကြီးတွေရှေ့မှာ ငါတို့ သူ့ကို မတ်တပ်ရပ်ခိုင်းမယ်။ ကယာဖကိုဆန့် ကျင်ပြီးတော့ သူဘယ်လောက်ဘဲ ပညာရှိမယ်ဆိုတာကို ငါတို့ ကြည့်ကြမယ်။ သူကတော့ တစ်ကယ်တမ်းဆို သက်သေပြပြီးသားဘဲ ဖြစ်ပါတယ်။

94 ၉၄။ ကျွန်တော်တို့ ဤအရာကို လုပ်ပါမယ်။ ခေါင်းဆောင်ကြီးအချို့ကကိုယ်တော်ကို ဖမ်းဆီးမယ်။ ကိုယ်တော်ကို သူတို့အားလုံးဖျက်ဆီးပစ်မှာ ဖြစ်ပါတယ်။ ကိုယ်တော်ရှင် ဘယ်သူဘယ်ဝါဖြစ်တယ်ဆိုတာကို သိစေမှာ ဖြစ်ပါတယ်။ ယဇ် ပရောဟိတ်တွေနဲ့ ပတ်သက်လို့ သူ့ကိုဆုံးမပစ်မှာ ဖြစ်ပါတယ်။ သူတို့က သိနေနှင့်ပြီ ဖြစ်ပါတယ်။ သူတို့က လူတော်တွေ ဖြစ်ပါတယ်။ သူတို့ ဘာလုပ်မလဲဆိုတာကို သူတို့ သိနေပါတယ်။ အချို့သောသူများကလည်း ကိုယ်တော်ရှင်နဲ့ပတ်သက်ပြီး ဘယ်လိုလုပ်မလဲ ဆိုတာကို သိလိုကြပါတယ်။ အချို့တို့ကလည်း ကိုယ်တော်ရှင် ကြွလာမှာကို ကျွန်တော်တို့ စောင့်ကြည့်နေ ကြပါတယ်။ ဘုရားသခင် သူတို့နဲ့အတူ ရှိပါတယ်။ ကိုယ်တော်ရှင်ဟာ နှုတ်ကပတ်တော် ဖြစ်ပါတယ်။ ကိုယ်တော်ကို တွေ့မြင် လိုပါတယ်လို့ ဆိုပါတယ်။ သူတို့အားလုံးအကွဲအပြဲ အကွဲကွဲ အပြားပြား ဖြစ်နေပါတယ်။ ကိုယ်တော်ရှင်ကို သိတဲ့သူတွေ ယုံကြည်တဲ့သူတွေ ကိုယ်တော်ရှင်ကို သိပြီးတော့ စောင့်မျှော်ပြီးတော့ ဘယ်တံခါးဝကနေပြီး ဝင်လာသလဲဆိုတာကို ကြည့် ချင်တဲ့သူတွေ ဘယ်လမ်းကလာမလဲဆိုတာကို သိချင်တဲ့သူတွေ ကြီးမားတဲ့ မျှော်လင့်ခြင်းတွေနဲ့ ရှိနေကြပါတယ်။ ဒါပေမဲ့ လည်း ကိုယ်တော်ရှင်ကို တွေ့မြင်တဲ့ သူတွေကတော့ မများပါဘူး။ လူတော်တော်များများက ကိုယ်တော်ကို မတွေ့ရပါဘူး။ ဒီနေ့ရက်ကာလမှာ၊ ဒီခေတ်ကာလမှာလည်း ဒီလိုပါဘဲ။

95 ၉၅။ လူအချို့တို့က ပြောပါတယ်။ ကိုယ်တော်ရှင်ဟာ လူကောင်းတစ်ယောက်ပါ ဘဲ။ ကိုယ်တော်နဲ့ပတ်သက်လို့ ဘာမှ ပြောစရာမရှိလောက်အောင်ကို ဖြစ်ပါတယ်။ နပိုလီယန်တို့၊ ဝါရှင်တန်တို့လိုဘဲ သူက လူကောင်းတစ်ယောက်ပါ။ ဒါပေမဲ့ လည်း ဆရာတစ်ယောက်တော့ မဟုတ်ပါဘူး။ တစ်ချို့သောသူတို့ကလည်း သူက လူကောင်းတစ်ယောက်ပါ။ အားလုံးကို ရောထွေးလိုက်ပါ။ သူဟာ လူကောင်းတစ်ယောက်ပါဘဲ။ ကိုယ်တော်ကို ဘယ်သူကမှ အဆိုးပြောလို့ မရပါဘူး။ အဲလိုလည်း ပြောကြပါတယ်။ အချို့သောသူတို့က ဘာပြောသလဲဆိုတော့ သူကတော့ နတ်ဆိုးပါဘဲ။ သင့်ကို ကျွန်တော် ပြောနိုင်ပါ တယ်။ စိတ်နှလုံးတွေကို သိဘို့အတွက် ပြောလို့ရပါတယ်။ မိစ္ဆာပရောဖက်ပြုခြင်းဘဲ ဖြစ်ပါတယ်။ အဲဒါဆိုရင် ကျွန်တော်တို့ရဲ့ ယုံကြည်ခြင်းနဲ့ ဆန့်ကျင်နေပါတယ်။ အဲလိုဟာမျိုးတွေကို မယုံပါနဲ့လို့လည်း ပြောကြပါတယ်။ အခြားတစ်ဦးက ပြောပါတယ်။ ဘုရားဘုန်းတော် ထင်ရှားပါစေ။ ဘုရားနဲ့ ပတ်သက်ပါတယ်။ ကိုယ်တော်ကို ကျွန်ုပ်သိပါတယ်။ အဲလိုပြောပြီးတော့ သူတို့အား လုံးဟာ ကိုယ်တော်ရှင်ကို စောင့်စားနေကြပါတယ်။ ယနေ့ ကျွန်တော်တို့ ရပ်တည်နေတဲ့ နည်းလမ်းအတိုင်းဘဲ ဖြစ်ပါတယ်။ နှုတ်ကပတ်တော်ဟာဆိုရင် ဒီခေတ်ဒီကာလမှာဘိ သိတ်ခံရသကဲ့သို့ဘဲ ဖြစ်ပါတယ်။ လောဒိကိအသင်းတော် ခေတ်ကာလ ဘဲ ဖြစ်ပါတယ်။

96 ၉၆။ ယခု ကျွန်တော်တို့ နိဂုံးချုပ်ပြောပါတော့မယ်။ ကိုယ်တော်ရှင်ကို စောင့် မျှော်နေတဲ့ လူတန်းစား သုံးရပ်ရှိပါသည်။ ဒီခေတ်၊ ဒီကာလမှာလည်း ဒီတိုင်းဘဲ ဖြစ်ပါတယ်။ လူတန်းစား သုံးရပ်ရှိပါတယ်။ ယုံကြည်သူတွေဟာ အော်ဟစ် နေကြပါတယ်။ ကိုယ်တော်ရှင် သာသနာပြုခြင်းဟာ အချို့သောသူတွေက နှစ်သက်ကြတယ်။ အချို့သောသူတွေက မုန်းကြ တယ်။ အချို့သောသူတွေက တွေဝေမိန်းမောနေကြပါတယ်။ ကိုယ်တော်ရှင်ရဲ့ သာသနာပြုခြင်းဘဲ ဖြစ်ပါတယ်။ ဆက် လက်ပြီးတော့ ကိုယ်တော်ရှင်ရဲ့သာသနာပြုခြင်းနဲ့ ပတ်သက်ပြီး ကျွန်တော်ပြောကြားလိုပါတယ်။ ယခုအခါမှာ နှုတ်က ပတ်တော်ဖြစ်ကြောင်း ကျွန်တော်တို့ သိပါတယ်။ သို့သော်လည်း ကိုယ်တော်ရှင်ရဲ့ သာသနာဟာဆိုရင် အချို့သော သူတွေက ကိုယ်တော်ကို ချစ်ခင်ဘို့ ဖြစ်လာပါတယ်။ သူတို့ ထိုကဲ့သို့ ဖြစ်လာစေရန် ကြိုတင်ခွဲခန့်မှတ်သားထားခြင်း ခံရပါတယ်။ သူတို့ယုံကြည်ကြပါတယ်။ သူတို့တွေ့မြင်ကြပါတယ်။ နာသနေလဟာ သူရောက်လာတဲ့ အခါမှာ ကိုယ်တော် ရှင်ကို သူနှစ်သက်တယ်ဆိုတာကို သူပြောပါတယ်။ ရဗ္ဗိကိုယ်တော်ရှင်ဟာ ဘုရားသားတော် ဖြစ်ပါတယ်။ ဣသရေ လရဲ့ဘုရင် ဖြစ်ပါတယ်။ ဘာမှ ကျွန်တော် ထပ်ပြီးတော့ မေးခွန်းမေးစရာ မရှိတော့ဘူးလို့ ဆိုပါတယ်။ ရှိမုန်ကလည်း ရပ်နေပါတယ်။ ပြီးတော့ ဘာပြောသလဲဆိုတော့ အန္ဒြေိ- ငါကတော့ ဟိုနားကို သွားမယ်။ အဲဒီမှာကတော့ ငါကြား ထားတဲ့အရာတွေ အမျိုးမျိုးဘဲ ရှိတယ်လို့ ပြောပါတယ်။ ဒါပေမဲ့လည်း အန္ဒြေိ- မင်းလည်းလိုက်လာသင့်တယ်။ငါနဲ့အတူ မင်းလိုက် လာခဲ့ပါလို့ ပြောပါတယ်။ အဲဒီအချိန်မှာ သူတို့ထိုင်နေကြတဲ့အခါမှာ သခင်ယေရှုကသူတို့ကို တွေ့မြင် သွားပါတယ်။ မင်းနံမည်က ရှိမုန်ဖြစ်တယ်။ ယောနရဲ့သားဖြစ်တယ်လို့ ပြောပါတယ်။ အဲဒီတော့ဘာမေးခွန်းမှ မေးစရာ မရှိတော့ပါဘူး။ အားလုံးဟာ အဲဒီကို လိုက်သွားကြပါတယ်။ အားလုံးဟာ သူ့ကို ယုံကြည်ကြပါတယ်။ တွေ့မြင်ကြပါတယ်။ မေရှိယဟာ ကိုယ်တော်ရှင်ဘဲ ဖြစ်တယ်ဆိုတာကို သူတို့သိကြပါတယ်။ ကိုယ်တော်ရှင် ကြွလာတဲ့ အခါမှာ သေသေချာချာကို တွေ့မြင်ကြပါတယ်။

97 ၉၇။ ကိုယ်တော်ရှင်ဟာ ပရောဖက် ဖြစ်ပါတယ်။ မောရှေပြောတဲ့အတိုင်းဘဲ သူဟာ ပရောဖက်ဖြစ်ရမယ်ဆိုတဲ့အတိုင်းဘဲ ဖြစ်ရပါမယ်။ နှစ်ပေါင်း(၄၀၀) ပရောဖက်မရှိဘဲနဲ့ ဖြစ်ခဲ့ရပါတယ်။ ပရောဖက်တစ်ပါး ကြွလာပြီးတော့ လမ်းမှန်ကို ဖြောင့်ဖြူးပေး ရမှာ ဖြစ်ပါတယ်။ ခေတ်ကာလတိုင်းမှာ ဖြစ်ပါတယ်။ အဲဒီတော့ ကိုယ်တော်ရှင်ဟာ အဲဒီအချိန်မှာ ရောက်ရှိပြီး သူတို့အလယ်မှာ ရပ်လျှက်ရှိပါတယ်။ ဘာမှ မေးခွန်းမေးစရာ မရှိတော့ပါဘူး။ သူတို့လက်ထဲမှာ သံလွင်ခက်ကလေးတွေ ကိုင်ပြီး သူတို့ စောင့်နေကြပါတယ်။ မကြာခင်မှာဘဲ ကိုယ်တော်ရှင် ရောက်လာပါမယ်။ သူတို့အားလုံး စောင့်နေကြပါတယ်။ မြို့တစ်မြို့လုံးလည်း စိတ်လှုပ်ရှားနေကြပါတယ်။ သူတို့ဘာပြောသလဲဆိုတော့ ဟိုမှာတော့ တစ်ဖက်စွန်းရောက်နေတဲ့ လူ အုပ်စုတွေ အဲဒီဂိတ်ဝမှာ စုပြီးစောင့် နေကြတယ်လို့ ပြောပါတယ်။ နောက်တစ်ယောက်က ဘာပြောမလဲဆိုတော့ သူဘာ လုပ်မလဲဆိုတာကို ငါကြည့်ချင်တယ်။ သူဒီပေါ်တက်လာတဲ့အခါမှာ ငါသိချင်တယ်။

သူဟာဆိုရင် တစ်ကယ်ဘဲ ယုံကြည် ဘွယ်ကောင်းတဲ့ ပုဂ္ဂိုလ်တစ်ယောက် ဖြစ်ပါတယ်။ တစ်ချို့ကလည်း သူဟာမျက်လှည့်ဆရာတစ်ယောက်လို့ဘဲ ထင်မြင်ယူ ဆကြပါတယ်။ ဒီနေ့ ဒီခေတ်ဒီကာလမှာ ပြောနေသကဲ့သို့ စိတ်ပိုင်းဆိုင်ရာ တယ်လီပသီမျိုး ဖြစ်ပါလိမ့်မယ်။ စသည်ဖြင့် သူတို့အမျိုးမျိုး ရှင်းပြပြီး အကြောင်းပြကြပါတယ်။ နောက်တစ်ယောက်ကတော့ ဘာပြောသလဲဆိုတော့ အဲဒီမှာ နတ်ဆိုးရှိပါ တယ်။ မြို့ရဲ့ဒီဖက်မှာ နေပါ။ သူနဲ့ ဘာမှမပတ်သက်ပါနဲ့။ အဲဒီစည်းဝေးထဲမှာလည်း မပါဝင်ပါနဲ့။ အဲဒီကို မသွားပါနဲ့။ ငါတို့နဲ့ ဘာမှ မပတ်သက်ပါဘူးလို့ ပြောတဲ့သူ ရှိပါတယ်။ လူတန်းစား သုံးရပ်ဖြစ်နေပါတယ်။

98 ၉၈။ ကိုယ်တော်ရှင် ကြွလာတဲ့အခါမှာ မြို့ထဲကို မြည်းကလေးစီးပြီး ဝင်လာပါသည်။ နှုတ်ကပတ်တော် ပြောသည့်အတိုင်းပင် ဖြစ်ပါသည်။ မြည်းကလေးစီးလာပြီး မြို့ထဲကို ဝင်လာပါသည်။ ယုံကြည်ချက်များကို မကြည့်သောသူအား ဗိမာန်တော်ကို မကြည့်သောသူများ၊ အခြားသောအရာများကို မကြည့်သောသူများ၊ ယဇ်ပရောဟိတ် များကို မကြည့်သောသူများ ဘာပြောပါမည်နည်း¿ ကိုယ်တော်ရှင်ကို ယုံကြည်သောသူများသည် ရပ်၍ သံလွင်ခက်များကို လက်ထဲမှာ ကိုင်ထားပါသည်။ ဇေ့ရမ်းရန်အတွက် စောင့်ဆိုင်းနေကြပါသည်။ သူတို့ ပြောသံကို မကြားရပါ။ ဘယ်သူလာနေတာလဲလို့ သူတို့ မပြောကြပါ။ ဘယ်သူလာသလဲဆိုတာ သူတို့ သိနှင့်နေကြပြီး ဖြစ်ပါသည်။ နှုတ်ကပတ်တော် ဘာပြောထားသည်ကို သူတို့သိပါသည်။ နောက် လူတန်းစားတစ်ရပ်ကတော့ မြို့ထဲမှာ တွေ့ရပါသည်။ အဲဒီ အသံဗလံတွေကို သူတို့ကြားရပါတယ်။ ဘုရင် မင်းမြတ်အပေါ်မှာ ဟောရှဏ္ဏဖြစ်စေသတည်း။ ဘုရား သခင်၏နာမတော်၌ကြွလာ သောသူသည် ဟောရှဏ္ဏဖြစ်စေသတည်း။ ဟောရှဏ္ဏ၊ ဟောရှဏ္ဏပြောနေသည်ကို သူတို့ကြားရပါသည်။ ဤအော်ဟစ်သံများကိုလည်း ကြားနေရပါသည်။

ယဇ်ပရော ဟိတ်များက ပြေးထွက်လာပြီး ဒီဘာသာရေးနှင့်ပတ်သက်ပြီး အော်ဟစ်ပြောဆိုမှုတွေဟာ ဘာလဲဆိုတာကို ကြည့်ပါသည်။ လူတွေကလည်း ဘာပြောလဲဆိုတော့ အဲဒီလူတွေက ဘာတွေလဲ။ သူတို့အဲဒီမှာ ရောက်နေတာလည်း ဘာအတွက်လည်း မိတ်ဆွေတို့။ ဘာသာရေးပွဲတော်လား။ ဒီပွဲတော်ကိုဘိသိတ်ပေးဘို့ အတွက် ဘုရားသခင် ဖြစ်ပါတယ်။ ကိုယ်တော်ရှင် ကိုယ်တိုင်ကြွလာပြီး အဲဒီမှာ ရှိမယ်ဆိုတာကို ကြိုတင်ဟောပြောထားပြီး ဖြစ်ပါတယ်။ သူတို့ကလည်း အော်ဟစ်ပြီးတော့ မေးမြန်းနေကြပါတယ်။ အဲဒီလူဟာ ဘယ်သူလဲ။

99 ၉၉။ အဲဒါ ပြောင်းလဲမှု မဖြစ်ပါဘူး။ လူတွေဟာဆိုရင် သူတို့ဖြစ်ရမဲ့ ပုံစံအတိုင်း ဒီဇိုင်းရှိပြီးသားပါ။ (ဟေဗြဲ ၁၃း၈) မှာဆိုထားတဲ့အတိုင်းဘဲမနေ့၊ ယနေ့၊ ထာဝရ ကာလ ကိုယ်တော်ရှင်ဟာ အတူတူဘဲ ဖြစ်ပါတယ်။ အခု ကျွန်တော် နိဂုံးချုပ်အနေနဲ့ ဒါကိုဘဲ ပြောချင်ပါတယ်။ သူတို့က မေးပါတယ်။ ဘယ်သူလဲ ၁၉၆၄-ခုနှစ်တွင် မေးခွန်းကတော့ အဲဒီဉစ္စာ ဘယ်သူလဲလို့ သင်ပြောချင်သလဲ။ ဒါတွေအားလုံးဟာဘာ အကြောင်းလဲ။ သမ္မာကျမ်းစာကို သင်ရှာဖွေဘ်ို့ ရပ် တန့်လိုက်ပြီးလား။ သူဟာဘယ် သူလဲလို့ သင်ထင်သလဲ။ စိတ်ပိုင်းဆိုင်ရာ တယ်လီပသီများလား။ ဟိုးတောထဲမှာ နေပြီး တစ်နေရာကနေပြီး တောရိုင်းနဲ့ပတ်သက်တဲ့ ဟာတွေများလားလို့ မေးကြပါတယ်။ ယောဟန်က တောထဲက တောရိုင်းဖြစ် ပေမဲ့လည်း လူတွေကို ရေနှစ်ခြင်း ပေးပါတယ်။ ဟေရှာယပြောတဲ့အတိုင်းဘဲ သူဟာ အဲဒီမှာ ကြိုတင်ရောက်ရှိနေမဲ့ရှေ့ တော်ပြေးဖြစ်မယ်။ မာလခိပြောတဲ့အတိုင်းဘဲ သူလည်းအဲဒီမှာဘဲ ရှိနေမှာ ဖြစ်ပါတယ်။ တစ်ခြားသော ပရောဖက် တွေကလည်း ဘာပြောလဲဆိုတော့ ဒီပရောဖက် ပေါ်ထွက်လာပြီး ရှေ့ပြေးအနေနဲ့ ကိုယ်တော်ရှင် လာမဲ့လမ်းကို ပြင်ဆင်သောသူ ဖြစ်မယ်။ တစ်ကယ်လည်း ဖြစ်ခဲ့ပါတယ်။ သူတို့က ပြောကြပါတယ်။ သူဟာ တောတွင်းသား တစ်ယောက်ပါ။ သူ့နားမကပ်ကြနဲ့။ သူ့ကို ဝေးဝေးရှောင်ကြပါ။ သူနဲ့ဘာမှ ပတ်သက်စရာအကြောင်းမရှိပါ ဘူးလို့ ပြောကြပါတယ်။ အဲဒီအခါမှာ မေရှိယ ကြွလာပါတယ်။ သမ္မာကျမ်းစာပြော ထားတဲ့အတိုင်းဘဲ အတိအကျဖြစ်ပါတယ်။ သူဟာဆိုရင် မြည်းကလေးကိုစီးပြီး မြို့ထဲကို ဝင်လာမှာ ဖြစ်ပါတယ်။ နှိမ့်ချပြီး၊ သိမ်မွေ့နူးညံ့ခြင်းအဖြစ်နဲ့ ဒီမြည်းကလေးကို စီးပြီးမြို့တော်ထဲကို ဝင်လာခြင်းဘဲ ဖြစ်ပါတယ်။ သမ္မာကျမ်းချက်တွေ ပြည့်စုံစေဘို့အတွက် ဖြစ်ပါတယ်။ ဘာသာ ရေးပွဲတော်မှာ လူတွေက ဗာလမ်ကဲ့သို့ဘဲ ပြောနေကြပါတယ်။ဘာသာရေးပွဲတော်ဖြစ်တဲ့အတွက် အဲဒီလူဘယ်သူလဲ ဆိုတာ မေးမြန်းကြပါတယ်။ ယနေ့သမ္မာကျမ်းစာ ဂတိထားတော်မူတဲ့အချိန် ရောက်နေပါတယ်မိတ်ဆွေတို့၊ ကျွန်တော်တို့ အလယ်မှာ နာရီပိုင်းတစ်နာရီပြီးတစ်နေရာ ပြည့်စုံလျှက် ရှိပါတယ်။ သူဘယ်သူလဲလို့ သင်တို့ထင်ပါသလဲ။ နှုတ်ကပတ်တော်အကြောင်း ကျွန်တော်တို့ လေ့လာကြပါစို့။ ယခုအခါမှာလည်း ကျွန်တော်တို့ ခေါင်းငုံ့ဆုတောင်းကြပါစို့။

100 ၁၀၀။ ကောင်းကင်ဘုံရှင် အဖဘုရားသခင်၊ကျွန်တော်တို့ အလေးအနက် စဉ်းစား ပါတယ်။ နက်နက်နဲနဲ စဉ်းစားပါတယ်။ ကိုယ်တော်ရှင်အမှု ပြုရမည်ဖြစ်ပါတယ်။ ကိုယ်တော်ရှင် လက်တော်ထဲမှာရှိပါတယ်။ ကိုယ်တော်ရှင်ကို ကျွန်တော်တို့ တွေ့မြင်ကြ ပါတယ်။ ကိုယ်တော်ဟာ ကြီးမြတ်တော်မူတဲ့ဘုရင် တစ်ပါးဖြစ်ပါတယ်။ ကိုယ်တော် နှုတ်ကပတ်တော်နဲ့ဆိုင်ပြီး ဂတိတော်တွေ ပေးထားတယ်ဆိုတာကို ကျွန်တော်တို့ တွေ့မြင် ရပါတယ်။ ကျွန်တော်တို့ နှစ်ပေါင်းမြောက်များစွာ စောင့်မျှော်ခဲ့ပြီး ဖြစ်ပါတယ်။ အခု ကြီးမြတ်တဲ့အချိန်ကို ရောက်လာပါပြီ။ ကျွန်တော်တို့ ယနေ့အသက်ရှင်နေတဲ့ အချိန်ကာ လဘဲ ဖြစ်ပါတယ်။ ကိုယ်တော်ရဲ့ ဘိသိတ်ခံနေထားတဲ့ နှုတ်ကပတ်တော်အတိုင်း ကိုယ် တော်ရှင်ရဲ့လူတွေအထဲမှာ နှုတ်ကပတ်တော် ရှိနေတယ်ဆိုတာ တွေ့ရပါတယ်။ နှုတ်ကပတ်တော်ကို ပြသပါတယ်။ ကိုယ်တော်ရှင် မိန့်တော်မူခဲ့တဲ့ အတိုင်းဘဲ ဖြစ်ပါတယ်။ စာတန်ရဲ့အုပ်စုတွေကိုလည်း ဘိသိတ်ပေးခြင်း ခံနေရတာကို တွေ့ရပါတယ်။ တစ်နိုင်ငံလုံးမှာ တွေ့နေရတဲ့ ပုံစံဘဲ ဖြစ်ပါတယ်။ နှုတ်ကပတ်တော် အသွားအပြန် တစ်နိုင်ငံလုံး မှာ အရှေ့၊ အနောက်၊ တောင်၊ မြောက် တွေ့နေရပါတယ်။ နောက်ပြီးတော့ ကျောက်တစ် တုံးပေါ်မှာတစ်တုံးဆင့်နေတာတောင် မတွေ့ရပါဘူးလို့ ဆိုပါတယ်။ ကိုယ်တော်ရှင်ဟာ ဘိသိတ်ခံထားရတဲ့ အသက်တာရှင် ဖြစ်ပါတယ်။ ကျွန်တော့်မှာလည်း ကိုယ်တော်နဲ့ ပတ်သက်လို့ သိခွင့်မရှိပါဘူး။ ကိုယ်တော်ရှင်ရဲ့ အမှုတော်မြတ်အတွက်ဘဲ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း ကျွန်တော့်ရဲ့အမှုဆောင် ချက်ကတော့ ကျောက်တုံးတစ်တုံးစီ၊ တစ်တုံးစီကို ရွှေ့ပစ်လိုက်ဘို့ဘဲ ဖြစ်ပါတယ်။ ဘုရားရှင်ကူညီတော်မူပါ။ ကျွန်တော်တို့ရဲ့ လူတွေကိုလည်း ကူညီတော်မူပါ။ ကျောက်တုံးတွေကို ရွှေ့စေပါ။ ဒါဟာ အဲဒီအချိန်မှာ ကိုယ်တော် ရှင် ဘိသိတ်မပေးတဲ့အရာတွေ ဘာတစ်ခုမှ မရှိတော့ဘဲ အားလုံးဟာ နှုတ်ကပတ်တော်ကို ကြားနာနိုင်မှာ ဖြစ်ပါတယ်။ ကိုယ်တော်ရှင် ကြွလာတော်မူတာကို ကျွန်တော်တို့ ကြည့်လိုပါတယ်။ ကျွန်တော်တို့ ခေတ်ကာလမှာကို ဖြစ်စေလိုပါတယ်။ ကျွန်တော်တို့ ယုံကြည်ပါတယ်။ နောက်ထပ် သံလွင်ခက် သောကြာနေ့တွေ၊ Good Friday သောကြာကြီးနေ့တွေ၊ သံလွင်ခက်သောကြာနေ့ Crucifixion စသည်တို့တွေကို ကျွန်တော်တို့ ယုံကြည်ပါ တယ်။ ကိုယ်တော်ရှင်၏အသင်းတော်ကို ကားတိုင်တင်ခြင်းဘဲ ဖြစ်ပါတယ်။ ဒါပေမဲ့ လည်း ကျွန်တော်တို့ အောင်မြင်စွာ ကြွေးကြော်ရမဲ့အချိန်ကတော့ ကိုယ်တော်ရှင် မြည်းကလေးကို

စီးပြီး ဝင်လာတဲ့အချိန်ကာလကလေးဘဲ ဖြစ်ပါတယ်။

101 ၁၀၁။ ကျွန်တော်တို့ ဆုတောင်းပါတယ် ကိုယ်တော်၊ ယနေ့ ကောင်းချီးပေးတော်မူပါ။ ဤအသင်းတော်လေးကိုလည်း ကောင်းချီးပေးတော်မူပါ။ ဤသင်းအုပ်ဆရာနှင့် သူ့သားကိုလည်း ကောင်းချီးပေးတော်မူပါ။ ဘရာသာအောက်လောနဲ့ သူ့သားလေးဘဲ ဖြစ်ပါတယ်။ ဂျင်မီအကြီးနဲ့ ဂျင်မီအငယ်ကိုလည်း ကောင်းချီးပေးတော်မူပါ။ ဒီမှာရှိတဲ့ လူတိုင်းကို ကောင်းချီးပေးတော်မူပါ။ ညီအစ်ကိုအောက်လော။ ဘုရားသခင် ဒီမနက် ကျွန်တော်တို့ ရောက်မလာကြဘူးဆိုရင် ကျွန်တော် ကိုယ်တိုင်ကလည်း (Trove)တပ်ဆင်ကနေ ကားမောင်းပြီး တက်မလာဘူးဆိုရင် ကျွန်တော့်မှာ ဒီလူတွေကို စကားပြောဘို့ အခွင့်အရေးရှိမှာ မဟုတ်ဘူး ကိုယ်တော်။ ကိုယ်တော်တည်းဟူသောပုဂ္ဂိုလ်ကို ကျွန်တော်တို့ ဘုန်းဂုဏ်တော် ချီးမွမ်းပါတယ်။ ကိုယ်တော်ရှင်ဟာ ကြီးမြတ်တော်မူကြောင်း လူတိုင်းသိပါတယ်။ ဒီအရာနဲ့ပတ်သက်လို့ လူသားတွေက မလုပ်နိုင်ပါဘူး။ လူသားတွေ တတ်နိုင်တဲ့အရာမျိုး မဟုတ်ကြောင်း သူတို့သိကြပါတယ်။ ဒါပေမဲ့ လူတွေက အဲဒါဘာလဲလို့ မေးကြပါတယ်။ ကိုယ်တော်ရှင် ကိုယ်တော်ရှင် ဖြစ်တော်မူကြောင်း ကျွန်တော်တို့ သိပါတယ်။ သခင်ယေရှု ဖြစ်ကြောင်းသိပါ တယ်။ သန့်ရှင်းသောဝိညာဉ်တော်၌ တည်နေသော ပုဂ္ဂိုလ်ဖြစ်ပါတယ်။ ကိုယ်တော်ရှင်ဟာ သန့်ရှင်းသောဝိညာဉ်တော် ဖြစ်ပါတယ်။ ငါဟာ ငါ့ခမည်းတော်ထံမှလာတယ်။ ငါ့ခမည်းတော်ထံကို သွားတယ်လို့ ကိုယ်တော်ရှင် မိန့်တော်မူပါတယ်။ ကျွန်တော်တို့အလယ်မှာ ကြီးမြတ်တော်မူတဲ့ မီးတိုင်ကို ကျွန်တော်တို့ တွေ့မြင်နေရပါတယ် ကိုယ်တော်၊ ဟိုးရှေးခေတ်က မောရှေကာလ သမ္မာကျမ်းစာထဲမှာ တွေ့ခဲ့ရတဲ့အတိုင်းဘဲ ကျွန်တော်တို့ တွေ့နေရပါတယ်။ ပေါလုဒမ သက်မြို့ကိုသွားတဲ့လမ်းမှာ ကျွန်တော်တို့ သမ္မာကျမ်းစာထဲမှာ ဖတ်ရှုခဲ့ရပါတယ်။ ကျွန်တော်တို့ တွေ့မြင် ခဲ့ရပါတယ်။ ယခုအခါမှာလည်း နောက်ဆုံးသော အချိန်ကာလမှာလည်း ကျွန်တော်တို့ တစ်ဖန်တွေ့မြင် ကြရပါမယ်။ (၃)ဆိုတာဟာ အတည်ပြုခြင်းဘဲ ဖြစ်ပါတယ်။ အချိန် တိုင်း၊ အခါတိုင်းမှာလည်း သတင်းစကားတွေ ဖြစ်နေပါမယ်။ ဘုရားသခင် ယောကျ်ား၊ မိန်းမ ဘယ်သူဘယ်ဝါဘဲ ဖြစ်ဖြစ် သူတို့ရဲ့အစဉ် အလာ၊ ယုံကြည်ချက်တွေကို ပစ်ပယ်လိုက်ကြပါသည်။ အဲဒီအရာတွေထဲကနေ သူတို့ထွက်လာပြီး သူတို့အသက်တာကို ကိုယ်တော်ရှင်လက်ထဲကို လုံးဝဆက်ကပ်အပ်နှံပြီး ယုံကြည်ကြပါတယ်။ သီအိုရီအပေါ်မှာလည်း ယုံကြည်ချက်၊ လူတွေ အပေါ်မှာလည်း ယုံကြည်ချက်၊ မထားတော့ဘဲနဲ့ အသက်ရှင်သောဘုရားသခင်ကို ယုံကြည်စိတ်ချကြပါတယ်။ ဒီအား လပ်ရက်တွေ ရှိနေတဲ့အချိန်မှာ အားလပ်ရက်များ ကုန်ဆုံးသွားသော်လည်း ကြွေးကြော်သံမှာ 'မည်သူဖြစ်သနည်း။ မည်သည့်အရာနည်း။ ဘာအတွက်လဲ။ စသည်တို့ပင် ဖြစ်ပါသည်။ ဘာသာတရားကိုင်းရှိုင်းသူများကတော့ အဖြေတစ်မျိုး တည်းဘဲ ပြောကြပါသည်။ သခင်ယေရှု လူဇာတိခံယူပြီး သတို့သမီးအတွက် သူ၏နှုတ်ကပတ်တော်ကို ဘိသိတ်ပေးခြင်းပင် ဖြစ်ပါသည်။ သူတို့ နားမလည်နိုင်ကြတော့ပါ။ လောဒိကိခေတ်ကာလမှာ အဝေးသို့ရောက်သွားကြသဖြင့် သူတို့ဘာမှ မသိကြတော့ပါ။ သို့သော်လည်း ပရောဖက်က ပြောပါသည်။ 'ညနေခင်းအချိန်မှာ အလင်းကို တွေ့ရမည် 'ဟုပရောဖက်က ပြောပါသည်။ ကျွန်တော်တို့ မျှော်နေကြပါသည်။ ကိုယ်တော်ရှင် ကြွလာတော်မူပါ။ တစ်ဦးစီကို ကောင်းချီးပေးတော်မူပါ။

102 ၁၀၂။ သင်တို့စိတ်နှလုံးများကို ချထားပြီး ခေါင်းငြိမ့်၍နေပါ။ သမ္မာတရားအဖြစ် ယုံကြည်ပါသလား။ 'သင့်လက် ကိုမြှောက်၍ သမ္မာတရားဖြစ်ကြောင်း ကျွန်တော်ယုံကြည်ပါသည်။ နောက်ဆုံးသောနေ့ရက်ကာလမှာ အသက်ရှင်နေပါသည်။ ကျွန်ုပ်တို့ ယခုဤနေရာမှာ ရှိပြီး ကျွန်တော်တို့မှာ အလွန်ပင် လှည့်ဖျားခြင်း ခံနေရပါသည်}} တစ်နေ့က သင်ဝတ်ပြုစည်းဝေး တက်ရောက်ခဲ့ပါသည်။ ဂျူအညောက်က သင်သတိပြုမိပါမည်။ ကျွန်တော်တို့မှာ ဤအရာကို လိုက်လျှောက်ဖို့ အဖွဲ့အစည်း မရှိပါ။ ကျွန်တော် တစ်နှစ်ပတ်လုံး ခင်ဗျားတို့ရဲ့သင်းအုပ်ဆရာနဲ့အတူ ရှိနေခဲ့ပါတယ်။ နှစ်နှစ်၊ သုံးနှစ်အတွင်းမှာဘဲ အဖွဲ့ အစည်း ဖြစ်သွားတတ်ပါတယ်။ ဒီတစ်ခါတော့ ကျွန်တော် မဖွဲ့စည်းတော့ပါ။ မဖြစ်နိုင်ပါ။ အခွံကျွတ်သွားပါသည်။ ထပ်မ ထွက်နိုင်တော့ပါ။ ဂျုံနှံမှာ အစကအတိုင်း ပြန်၍ စရပါတော့မည်။ သခင်ယေရှု ကျွန်တော်တို့နှင့်အတူ ရှိနေပါ သည်။ မိတ်ဆွေ လူသားမဟုတ်ပါဘူး။ သခင်ယေရှုခရစ်က သင့်အထဲမှာ အသက်ရှင်နေပါတယ်။ သင်နှင့်ပတ်သက်လိုပြီး သင်ကလည်း သူနှင့်ပတ်သက်ရပါမည်။ ယနေ့ သူ့ကို သင်လက်မခံနိုင်ဘူးလား။

103 ၁၀၃။ သန့်ရှင်းသောဝိညာဉ်တော် ဗတ္တိဇံမခံရသေးတဲ့သူတွေ သင်တို့အထဲမှာ ရှိပါသလား။ သင်က 'ဘရာသာဗရမ်ဟမ် တစ်ခါက ကျွန်တော် အော်ခဲ့ဘူးပါတယ်' လို့ ပြောပေမည်။ သိပ်ကောင်းပါတယ်။ 'တစ်ခါက ကျွန်တော် အခြားသော ဘာသာစကား ပြောခဲ့ဘူးပါတယ်။' သိပ်ကောင်းပါတယ်။ ကျွန်တော် အဲဒါကို ပြောနေတာ မဟုတ်ပါဘူး။ အော်ဟစ်ပြီး အခြားသောဘာသာစကားကို ပြောနေပေမဲ့ နှုတ်ကပတ်တော်ကိုတော့ ဘယ်လိုဆန့်ကျင်နိုင်မှာလဲ။ သန့်ရှင်းသော ဝိညာဉ်တော်ရဲ့ အထောက် အထားကတော့ ကိုယ်တော်ရှင်ရဲ့ နှုတ်ကပတ်တော်ကို ယုံကြည်ခြင်းဘဲ ဖြစ်ပါတယ်။ အမြဲတမ်း (ခေတ်ကာလတိုင်း) နှုတ်ကပတ်တော်ကို လက်ခံနိုင်ဖို့ဘဲ ဖြစ်ပါတယ်။ ဝိညာဉ်အသီးများနှင့်ပတ်သက်လာလျှင် ထိုယဇ်ပ ရောဟိတ်များဟာ သခင်ယေရှုထက် မိုင်သန်းပေါင်းများစွာ နောက်ကျ ကျန်နေခဲ့မှာပါ။ ကောင်းမြတ်ခြင်း၊ ငြိမ်သက်ခြင်း၊ နူးညံ့သိမ်မွေ့ခြင်းနှင့် နှိမ့်ချခြင်းတို့ပါဘဲ။ အသင်းတော်များကို ကိုယ်တော်ရှင်က ကွဲသွား စေပြီး မှောက်လှန်၍ 'မြွေဆိုးများ' ဟု ခေါ်ဆိုခဲ့ပါသည်။ ကိုယ်တော်ရှင်ဟာ အဲဒီနှုတ်ကပတ်တော်ဘဲ ဖြစ်ပါတယ်။ နှုတ်ကပတ်တော် ဖြစ်ပါတယ်။ ဟုတ်ပါတယ်။ ဘုရား သခင်ကို ယုံကြည်ပါ။ ဘုရားသခင်ဟာ နှုတ်ကပတ်တော် ဖြစ်ပါတယ်။ ယုံကြည်ပါ။

104 ၁၀၄။ ရေနှစ်ခြင်း မခံရသေးပါက ဟိုမှာ ကန်ရှိပါတယ်။ သန့်ရှင်းသောဝိညာဉ် တော်ကို လက်မခံရသေးပါက 'အာမင်' ဟုဆိုပြီးစိတ်နှလုံးအကြွင်းမဲ့နဲ့ဒီမနက်မှာဘဲ နှုတ်ကပတ်တော်ဟာ သမ္မာတရားဖြစ်ကြောင်းကို ယုံကြည်ပါ။ လူတွေ ဘာကြောင့် ဒီလိုလုပ်တာလဲ ဆိုတာကို ဘယ်သူက ဘာကြောင့်လဲဆိုတာ သိလာမှာပါ။ ဘာလဲဆိုတာ သိလာလိမ့်မယ်။ အဲဒီအတွေ့အကြုံမရှိပါက 'ဘရာသာဗရမ်ဟမ် ဆုတောင်းခြင်းနဲ့ သတိရပါ။ ကျွန်တော်လက်ကို မြှောက်ထားပါ့မယ်' ပြောမှာ ပါ။ ဘုရားသခင် ကောင်းချီး ပေးပါစေ။ သင် ...... သင်...... ဘုရားကောင်းချီးပေးပါစေ။ကောင်းမြတ်သည်။ ဘုရားကောင်းချီးပေးပါစေ။ ကောင်းမြတ်ပါသည်။

105 ၁၀၅။ အို အဖဘုရားသခင်၊ ဂီတသံ ချိုသာစွာတီးခတ်နေစဉ်မှာ..အို.ကိုယ်တော်သည် နှစ်သက်ဘွယ် ကောင်းလှပါသည်။ သေချာပါသည်။ တိုင်ပင်ဖက်၊ ငြိမ်သက်ခြင်း အရှင်၊ ကြီးမြတ်တော်မူသောအဖ၊ ထာဝရဘုရားဖြစ်သည်။ သူတို့အတွက် ဆုတောင်းပါ သည်အဖ၊ ကိုယ်တော် ပေးနိုင်ပါသည်။ ကျွန်တော်ကတော့ ဆုဘဲတောင်းနိုင်ပါသည်။ သူတို့အတွက် တောင်း ပေးရမည်ကိုသာ သိပါသည်အဖ၊ သူတို့လက်များကို

သူတို့မြှောက် ထားကြပါသည်။ သူတို့ကို ဂတိပေးခဲ့သည့်အတိုင်း ကျွန်တော် ပြုလုပ်ပါသည်။ ဤကြီး မြတ်လှသော အတွေ့အကြုံကို သူတို့အား ပေးပါမည်အကြောင်း ကျွန်တော် ဆုတောင်း နေပါသည်။ စိတ်ခံစားချက်မျိုး မဟုတ်ဘဲ တစ်ကယ်စစ်မှန်သော အတွေ့အကြုံကို ပေးပါဘုရား၊ မောရှေကဲ့သို့ ဘုရားရှင်ကို ရှုတီနာဘုန်းတော်၌ တွေ့ဆုံခြင်းမျိုး ဖြစ်နေပါ သည်။ ထိုမျှသာမကဘဲ နှုတ်ကပတ်တော်မှ ဘယ်သောအခါမှ စွန့်ခွာခြင်းမရှိ၊ ဂတိထားတော်မူရာ ပြည်သို့တိုင်အောင် ဦးတည်လျှောက်လှမ်းနိုင်ရန် မစတော်မူပါ။ ယနေ့မနက် တစ်ဦးစီ အယောက် တိုင်းအတွက် ချပေးသနားတော်မူပါ။ ဘုရားရှင် ယနေ့ ကျွန်တော်တို့အလယ်မှာ ဖျားနာနေသူများ ရှိကြပါသည်။ အနာရောဂါ ငြိမ်းစေတော်မူပါအဖ၊ ချပေးသနားတော်မူပါအဖ၊ သူတို့ကို အနာရောဂါ ငြိမ်းစေတော်မူပါ။ ပျောက်စေတော်မူပါ။ မစ တော်မူပါ။ သူတို့ကို ကိုယ်တော်ရှင်ပိုင်ပါသည်။ ကိုယ်တော်ရှင် လက်တော်ထဲသို့ ယေရှုနာမ၌ အပ်နှံပါသည်။ အာမင်။

106 ၁၀၆။ ကျွန်တော် တောင်းပန်ပါတယ်။ အချိန်ယူတာ (၂)နာရီလောက်ရှိသွားပြီ။ ညနေစောင်းနေပြီ။ အိမ်ပြန်အနားယူပြီး အိပ်လိုက်ကြပါ။ ကျွန်တော်ပြောတာ မမေ့ပါနဲ့။ နှလုံးသားထဲကနေ ကျွန်တော် ပြောတာပါ။ အဲဒါ ထူးဆန်းပါတယ်။ လွန်ခဲ့တဲ့နှစ် အနည်းငယ်ခန့်က ကျွန်တော် Phoenixကို ရောက်ခဲ့ပြီး အနာရောဂါ ဖြစ်တဲ့သူတွေ ကို ဆုတောင်းပေးခဲ့ပါတယ်။ အဲဒီအကြောင်း မပြောချင်တော့ပါဘူး။ ကျွန်တော် လူတွေ ဘာလုပ်နေတာကိုဘဲ ကြည့်နေမိပါတယ်။ ကြည့်ရတာ အလွန်ဘဲ ကောင်းမွန်ပါတယ်။ ယခုတစ်ခါတော့ ကျွန်တော် ဖေါ်ပြခြင်းခံရတဲ့ သတင်းစကားနဲ့အတူ ရောက်လာခြင်း ဖြစ်ပါတယ်။ သင်းတော်က ဘာ .... လုံး၀ ဂိုဏ်းဂဏ ဖြစ်မသွားပါ ဘူး။ ဒီနိုးထမှုအတွက် ဂိုဏ်းဂဏတွေ ဘာဖြစ်သွားသလဲ။ သူတို့ ဘာလုပ်ကြသလဲ။ လောဒိကိထဲ ရောက်သွားကြပါတယ်။ ဒေါ်လာသန်းပေါင်း မြှောက်များစွာ ဘီလီယံပေါင်းများစွာ ရရှိပါ တယ်။ ... အရမ်းချမ်းသာလာပြီး ဒေါ်လာပေါင်းသန်းပေါင်းများ စွာတန်တဲ့အရာတွေ ဖန်တီးပြုလုပ်ကြပါတယ်။ သတင်း စကားကို လက်ခံသလား၊ လုံး၀ လက်မခံပါဘူး။ ဖယ်ရှားပစ်လိုက်ကြပါတယ်။ အဲဒါဘာလဲ။ ဂျုံနဲ့တွေရဲ့အခွံပါဘဲ။ ဂျုံကတော့ ဘုရားသားရှေ့မှာ ဧ၀ံဂေလိတရားဖြစ်ပြီး သခင့်အတွက် ရွေကဲ့သို့ ဖြစ်ပါတယ်။ ယုံသလား။ သူဘယ်သူလဲ။ အဲဒါ ဘယ်သူလဲ။ လူဖြစ်နိုင်သလား။ အသင်းတော် ဖြစ်နိုင်သလား။ ဂိုဏ်းဂဏ ဖြစ်နိုင်သလား။ သခင်ယေရှုဘဲ ဖြစ်ပါတယ်။ မ နေ့၊ ယနေ့နှင့် ထာ၀ရကာလအတူတူဘဲ ဖြစ်ပါတယ်။ သူတို့ကို သင်ယုံကြည်ပါသလား။

107 ၁၀၇။ တရားဟောပြီးရင် ခဏလောက်၀တ်ပြုကိုးကွယ်ကြပါစို့။....ညီမ သံစုံသီချင်းဆိုဘို့ရန် တီးခတ်ပေးပါ။ ကိုယ်တော်ကို ကျွန်ုပ်ချစ်သည်။ ဆိုတဲ့ ဓမ္မသီချင်း ဟောင်းကိုဘဲ ဆိုရင်မကောင်းဘူးလား။

ကိုယ်တော်ကို ချစ်ပါ၏။

ကိုယ်တော်ကို ချစ်ပါ၏။

ကားတိုင်ပေါ်တွင် ကျွန်ုပ်ကို ကယ်သောကြောင့်ပေတည်း။

ကျွန်တော်နဲ့အတူ လိုက်ဆိုကြပါလား။

၀တ်ပြုကိုးကွယ်ကြပါစို့။

ကျွန်တော်နဲ့ အတူ ၀တ်ပြုကိုးကွယ်ကြပါ။

ကိုယ်တော်ကို ကျွန်တော်ချစ်ပါ၏။

(သင့်အခန်းထဲမှာ ကိုယ်တော်ရှင် ဟာ တယ်လီဖေးရှင်းလိုဘဲ ရှိနေပါတယ်။)

ကိုယ်တော် ဦးစွာချစ်၍

ကားတိုင်ပေါ်တွင် ကျွန်ုပ်ကို ကယ်သောကြောင့်ပေတည်း။

(ဘာအဓိပ္ပါယ်လဲဆိုတာ သိပါသလား။ လေးလေးနက်နက် သိလာပြီလား။ ကိုယ်တော် ဘာလုပ်ခဲ့ပါသလဲ။)

ကိုယ်တော်ကို ချစ်ပါ၏။ ( ကိုယ်တော်ကို မတွေ့ရပေမဲ့ ဒီနေရာမှာ ကိုယ်တော်ရှိပါ၏။ကျွန်တော့် နှလုံးသားထဲမှာ သိနေပါတယ်။

ကိုယ်တော်ကို ရောင်ပြန်ဟပ်စေပါတယ်။ ကိုယ်တော်ရှင် ဒီမှာ ရှိပါတယ်။) ........

ကျွန်ုပ်ကိုချစ်၍ ကားတိုင်ပေါ် ...... ကယ်သောကြောင့်ပေတည်း..

108 ၁၀၈။ ကျွန်တော်တို့ သီချင်းဆိုနေကြစဉ် ဒါကို လုပ်စေချင်ပါတယ်။ ကျွန်တော်တို့ အားလုံး ရောနေပါတယ်။ ကျွန်တော်ရဲ့ နောက်ခံသမိုင်းကတော့ ကက်သလစ် ဖြစ်ခဲ့ဘူး ပါတယ်။ အခု ကျွန်တော်တို့ ဒီနေရာမှာ အားလုံးရောနေကြပါတယ်။ ဒါပေမဲ့အဲဒီအထဲက ထွက်လာကြခြင်း ဖြစ်ပါတယ်။ မတ်တပ်ရပ်စရာ မလိုပါဘူး။ ဘုရားကောင်းချီး ပေးပါစေအစ်ကို၊ ဘုရားကောင်းချီးပေးပါစေ အမလို့သာ တစ်ကယ်ခရစ်ယာန်သဘောနဲ့ ပြောပါ။ ဘုရားသခင်က သူ့ကို ၀တ်ပြုကိုး ကွယ်တာကို နှစ်သက်တယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။ သင်လည်း စဉ်းစားမိပါသလား။ ကိုယ်တော်ကို ၀တ်ပြု ကိုးကွယ်ပါ။ သူ ..... ဘုရားသခင်ဟာ ၀တ်ပြုကိုးကွယ်ရန်ဘဲ ဖြစ်ပါတယ်။ ကျွန် တော်တို့ ကိုယ်တော်ကို ကိုးကွယ်လို ပါတယ်။ ဘယ်လိုလုပ် ကိုးကွယ်မှာလဲ။ .... ကျွန်တော်တို့ တစ်ဦးကိုတစ်ဦး ချစ်ကြပါတယ်။ တစ်ဦးကို တစ်ဦး ဆက်ဆံ လိုပါတယ်။ ..... ဤသို့ပြုခြင်းအားဖြင့် ငါ့ကို ပြုခြင်းဖြစ်သည်။ ယခုဘဲ သီချင်းဆိုကြပါစို့။ တစ်ဦးနဲ့တစ်ဦး ဆက်ဆွဲနှုတ် ဆက်ပြီး ၀တ်ပြုကိုး ကွယ်၍ .....

..... ကျွန်ုပ်ကိုကယ်သောကြောင့် .....

ဘုရားကောင်းချီးပေးပါစေ။

အို . ကိုယ်တော်ကို ချစ်ပါ၏။

ကိုယ်တော်ကို ဦးစွာချစ်၍

.....ကျွန်ုပ်ကို ကယ်သောကြောင့်ပေတည်း။

သင့်စိတ်နှလုံးထဲမှာ တောက်လောင်လျှက် ရှိနေပါသလား¿ သိပ်ကောင်း တယ်လို့ ခံစားရတာမျိုး ရှိပါသလား¿ အဲဒါကိုထုတ်လိုက်ပြီး ဖက်ထားချင်စိတ် ပေါက် လာတယ် မဟုတ်ပါလား¿ စိတ်ထဲမှာအဲဒီလို ခံစားရတယ် မဟုတ်လား¿ မခံစားရပါကသတိပြုပါ မိတ်ဆွေ၊ အန္တာရာယ် ရှိပါတယ်။ ကိုယ်တော်ကို တစ်ကယ်ချစ်သလို မခံစားရ ရင် မကောင်းပါဘူး။ သီချင်းဆိုတာ မဟုတ်ပါဘူး။ တစ်ကယ်ချစ်လို့ပါဘဲ။ ကိုယ်တော်က ဦးစွာချစ်ပါသည်။ ယနေ့ ကျွန်တော် ဘယ် ရောက်နေမလဲ။ .... ကျွန်တော် အသက် (၅၅)နှစ်ရှိပါပြီ။ မကြာမီ အသက်တာ ကုန်ဆုံးရပါတော့မည်။ ကျွန်ုပ်ကို ကယ်တင် သည်။ ဘရာသာထရိုးဘာလုပ်နေလဲ။....(ပရိသတ်ထဲမှ လူတစ်ဦးက စကားပြောသည်။ - အယ်ဒီတာ)

109 ၁၀၉။ သင်သည် ထိုသက်သေခံချက်ကို ကြားရပါသည်။ 'ကယ်တင်ခြင်းရပြီး ' ဖြစ်သည်။ ကိုယ်တော်၏ တန်ခိုး တော်အားဖြင့် ကယ်တင်ခြင်းရပါသည်။ မြင့်မားသော နေရာများသို့ ပို့ဆောင်တော်မူပါ။

ယခုအသက်တာမှာ ကောင်းမြတ်၍ ကျွန်ုပ်၏ဝမ်းမြောက်စရာများ ပြည့်စုံပါသည်။ အကြောင်းမှာ ကျွန်ုပ်ကယ် တင်ခြင်းရပြီ ဖြစ်သည်။ သင်တို့မည်သို့ သိပါသနည်း။ ကိုယ်တော်၏ နူတ်ကပတ်တော်နှင့်အတူ ကျွန်ုပ်၏ဝိညာဉ် သက်သေပြု၍ ကျွန်တော် သေခြင်းမှအသက်ရှင်ခြင်းသို့ ကူးပြောင်းရပါသည်။ ကျေးဇူးတင်ပါတယ် ခရစ်ယာန်များ၊ ကျွန်တော်အတွက် အဲဒါဘဲ ကောင်းပါ တယ်။ မိမိအိမ်လိုဘဲ ခံစားနေရတဲ့နေရာမျိုးကို ကျွန်တော်လာလိုပါတယ်။ ကျွန်တော် ထွက်သွားဖို့ ခက်ခဲပါတယ်။ ကျွန်တော် စဉ်းစားနေဆဲပါဘဲ။ အဲဒီ နာရီကိုကြည့်ပါ။ ကျွန်တော့်သမီး ဟိုမှာ ထိုင်နေတာ ကျွန်တော်တွေ့တယ်။ သူမခေါင်းခါပြီး ကျွန်တော့်ကို ကြည့်နေပါတယ်။ ကျွန်တော့်သားကလည်း ထိုင်ပြီး ပြောပါတယ်။ ဒီမှာထိုင်နေတာ ဘာအတွက်လဲ? မသိပါဘူး။ ထိုင်ချင်လို့ ထိုင်နေတာပါဘဲ။ ..... ကျွန်တော် မသိပါဘူး။ ကျွန်တော် နေရာအ တော်များများ မရောက်ပါဘူး။ (ထိုအရာကို သင်သိပါသလား။) တစ်ချိန်လုံး နေရာနည်းသွားပါသည်။ သို့သော်လည်း ကျွန်တော် ထိုနေရာသို့ နီးလာပြီ ဖြစ်ကြောင်း ကျွန်တော် သိပါသည်။ တစ်ချိန်ချိန်မှာ ကျွန်တော်၏ တရားဟောချက်ကို ကျွန်တော်ဟောပြောပါမည်။ နောက်ဆုံးအကြိမ် သမ္မာကျမ်းစာကို ပိတ်လိုက်ရပါသည်။ ထိုအခါ ကျွန်တော် ခရီးကလေး ထွက်ပါမည်။ တစ်ခါတရံ ကျွန်တော့်ထံ လာလည်ပါ။ တက်လာပါ။ ကျွန်တော်တို့ ထိုင်၍ထာဝရ ပြောဆိုဆွေးနွေးကြမည်။ Brother Carl ပြောဆိုသကဲ့သို့ ပြောဆိုပြီး ထာဝရအသက်ရှင် နေထိုင်သွားပါမည်။

110 ၁၁၀။ မိတ်ဆွေများ ကြည့်ပါ၊ ကျွန်တော် ခင်ဗျားကိုလုပ်စေချင်တဲ့အရာကိုမေးလို ပါတယ်။ ယခု ခင်ဗျား ညစာမစားရအောင် လုပ်ထားပါတယ်။ ဘရာသာအောက်လော မကြာမီက တစ်စုံတစ်ခု ပြုလုပ်ရန် ရှိပါသည်။ ....ကျွန်တော် မကြိုက် သည့်အရာကို သူလုပ်ခဲ့ပါသည်။ သို့သော်လည်း - သူကျွန်တော့်အတွက် အလှူငွေခံပေးပါသည်။ သူတို့ထဲမှ တစ်ဦးပြန် သွားမည်ကို ကျွန်တော် အံ့သြပါသည်။ ထိုအလှူငွေကို ပြန်ယူ လာပြီး တံခါးဝမှာ ရပ်နေပါ။ သင် ထိုနေရာသို့သွားပြီး ညစာဝယ်စားပါ။ ခင်ဗျားအတွက် ကျွန်တော့်ရဲ့ လက်ဆောင်ပါဘဲ။ ထိုသို့လုပ်ပါ။ ကောင်းပါသည်။ သူဟာ လူကောင်း တစ်ယောက်ပါ။ သူအမြဲတမ်း .... သူဘယ်တော့မှ ....ကျွန်တော် ဘယ်နေရာမှမ သွားပါ။ သူ ကျွန်တော့်ကို ကူညီရန် တစ်ခုခု လုပ်လိုပါတယ်။ အဲဒါက သူ့နည်းလမ်းပါဘဲ။

111 ၁၁၁။ လူအချို့ ဒီနေရာမှာ ရပ်နေပါသည်။ ကျွန်တော် - ကျွန်တော့်နာမည်ကို မခေါ်လိုပါ။ သူတို့ ခံစားချက်တွေကို ထိခိုက်ပါမည်။ အလွန်တန်ဖိုးရှိသော ညီအစ်ကို တစ်ဦး ဘုန်းတော် ဝင်စားပြီ ဖြစ်ပါသည်။ လျှင်မြန်စွာသွားပါ။ သူ၏ဆန္ဒ သစ်တောများ ကို ကျွန်တော် နှစ်သက်ကြောင်း သူသိပါသည်။ သူသွားပြီးနောက် သူ၏ဇနီးသည်မှာ ထိုသို့ လုပ်လိုပါသည်။ သို့သော်လည်း သူမကို ကျွန်တော် ခွင့်မပြုပါ။ သို့သော်လည်း ကျန်လူငယ်များက စုဝေး၍ ထွက်သွားပါသည်။ .... အခြား ဘရာသာတစ်ဦး ဤအသင်းတော်သို့ လာခဲ့ပါသည်ဟု ဆိုသည်။ ဘရာသာဗရမ်ဟမ် ကျွန်တော်လဲ ရထားလေးတွေ လုပ်တယ်။ ခင်ဗျားအတွက်လည်း ကျွန်တော် တစ်ခုလုပ်ပေးမယ်။ ကျွန်တော် သူ့ကို ခွင့်မပြုဘူး။ ဒီကောင်လေးတွေ ဘာလုပ်လိုက်လဲဆိုတာ သိလား။ ဂျစ်ကားနဲ့ ဘဲကားအတူတကွ လုပ်ပါ။ တစ်ခါမှ အဲဒါမျိုး မတွေ့ဖူးသေးဘူး။

112 ၁၁၂။ ထိုညက တပ်ဆင်စည်းဝေးမှာ သူတို့ကျွန်တော့်ခြံထဲ ကားနဲ့ဝင်လာပါတယ်။ ဖုန်းနစ်ကလူတွေက လက်ဆောင်ပို့လိုက် ပါတယ်။ ဟုဆိုသည်။ သူတို့အတွက် ထည့်မထားပါ။ ကျွန်တော်တို့အားလုံး အတူတကွပင် ဖြစ်ပါသည်။ 'အဲဒါ ....အို၊ကျွန်တော် - ကောင်းကင် ရောက်ပါ့မလား။ လူတွေနဲ့ အဲဒီလိုဘဲ နေထိုင်မယ်။ ကျွန် တော့်အတွက် အလွန်ဘဲ အဓိပ္ပါယ်ရှိပါတယ်။ သိလား။ ' အဲဒီလိုပါဘဲ အဲဒါလေးနဲနဲ.. တစ်စုံတစ်ခု။

ဘရာသာအောက်လောနဲ့ ဒီနေရာမှာ ဒီလိုဘဲ ကျွန်တော် ခံစားရပါတယ်။ ကောင်းပြီ. ဘရာသာဗရမ်ဟမ်၊ ကျွန်တော် ..... တစ်ချို့နေရာကို တက်သွားပါ။ တစ်နေရာကိုသွားပြီး သင့်ကို စကားပြောရန် ချစ်ရန်နှင့် သခင်ယေရှုအကြောင်း ပြုလုပ်ပါ။ လူများ .... သင်သိပါသည်။ 'အသွေးအရောင်တူတဲ့ ငှက်အုပ်စု ' သူတို့ စုဝေးကြပြီး အတူတကွ ပြောကြပါသည်။ မိဿဟာရဖွဲ့ကြပါတယ်။

113 ၁၁၃။ ကျွန်တော် နှစ်သက်ပါတယ်။ ဒါပေမဲ့ ကျွန်တော် အလှူငွေ မလိုချင်ပါဘူး။ ညီအစ်ကို မောင်နှမတို့၊ ကျွန်တော် .... ကျွန်တော့်ရဲ့အသင်းတော်က တစ်ပါတ်ကို ကျွန်တော့်အတွက် ဒေါ်လာ ၁၀၀.၀၀ ဘဲပေးပါတယ်။ အဲဒါ လုံလောက်ပါတယ်။ ကျွန်တော် ...

ကျွန်တော် သဘောကျပါတယ်။ အခု ခင်ဗျားတို့ ညစာစားချင်ရင် တစ်စုံတစ်ယောက် ပြန်လာပြီး ညစာပြင်ဆင်ပေးပါလိမ့်မယ်။ အဲဒါဘဲ ကောင်းပါတယ်။ အချို့က ညစာမစားကြပါနဲ့။ ကိုယ်တော်ကို ချစ်ပါသလား¿ သင်ကျွန်တော့်ကို ချစ်ရမည်။ အကြောင်းမှာ ကျွန်တော်ဟာ ကိုယ်တော်ရဲ့ တစ်စိတ်တစ်ဒေသ ဖြစ်နေလို့ပါဘဲ။ အာမင်။ ထိုအကြောင်းကြောင့် ကျွန်ုပ်ကို သင် ချစ်ရခြင်း ဖြစ်ပါတယ်။ ဘုရားရှင် ကောင်းချီးပေးပါစေ။

114 ၁၁၄။ မတ်တပ်ရပ်ကြပါစို့။ လာမည့် စည်းဝေးပွဲတွေကို မမေ့ပါနဲ့။ ဘယ်အချိန်ဘဲ ရောက်ရောက် သတိရကြပါ။ ဝင်လာကြပါ။ အမြဲတမ်း ကြိုဆိုပါတယ်။ ကျွန်တော့်အ တွက် ဆုတောင်a;ပးပါလား။ ကျွန်တော့်အတွက် ဆုတောင်းပေးဘ်ို့ လိုပါတယ်။ ဆု တောင်းပေးပါလား။ ဘယ်နှစ်ယောက် ဝန်ထုပ်ဝန်ပိုးဖြစ်တယ်ဆိုတာ သိပါသလဲ။ ကျွန်တော် လုပ်ရမဲ့အရာတွေကို ကျွန်တော့်ရှေ့မှာ ချထားတဲ့အရာတွေကို သိပါရဲ့လား။ ဘာဖြစ်လာမလဲဆိုတာ ကျွန်တော် သိပါတယ်။ အခြားအရာများ ရောက်လာသကဲ့သို့ ကျွန်တော်တွေ့ရပါတယ်။ ဘာလာမလဲဆိုတာ ကျွန်တော် သိပါတယ်။ ထိုအကြောင်းအရာ အကြောင်းပြောဘို့ အချိန်မရှိပါဘူး။ ယခု ဘာဖြစ်နေသလဲဆိုတာဘဲ ပြောကြပါစို့။ မနက်ဖန်အတွက် မနက်ဖန်က တာဝန်ယူပါမယ်။ သင်ကျွန်တော့်အတွက် ဆုတောင်းပေးမလား။ လက်ကိုမြှောက်၍ ကျွန်တော့်အတွက် ဆုတောင်းပေး မလားကောင်းပါပြီ။ ဘုရားကောင်းချီးပေးပါစေ။ ဝတ်ပြုစည်းဝေးကို ခင်ဗျားတို့ရဲ့ သင်းအုပ် ဘရာသာဂျင်မီအောက်လော လက်ထဲကို အပ်လိုက်ပါတယ်။ ဘုရား ကောင်းချီးပေးပါ စေ၊ ဘရာသာအောက်လော။

ဒေသနာ ဝေငှသူ

**ဝီလီယမ်မာရီယမ် ဗရမ်ဟာမ်**

'... နေ့ရက်များ၏ ကြွေးကြော်သံ ...' (ဗျာဒိတ် ၁၀:၇)

www.messagehub.info